www.burmeseclassic.com



သိန်းမင်းစာ

လုံးချင်းဝတ္ထုသစ်

# ပါးလ်ခင်ခင်

လေဆန်ငှက်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၄၁၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက် ၅၀၁၃၈၂၀၆၁၁

□

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ
အုပ်ရေ ၅၀၀

□

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

□

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ပုလဲမြို့ ၃၊ ရွှေနံ့သာကျေးရွာ၊
မင်္ဂလာဒုံမြို့နယ်။

□

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

□

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

□

**တန်ဖိုး** ၁၀၀ ကျပ်

□

**ကွန်ပျူတာ**
**Dream City**

# ပါးလ်ခင်ခင်

**လေဆန်ငှက်**

www.burmeseclassic.com

www.burmeseclassic.com



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိန်းမင်းစာပေ



# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

လူလောကကို စရောက်သည့်နေ့ကစပြီး ဖခင်မေတ္တာကို ငတ်နေသူ သမီးတစ်ယောက်၊ ဖခင်မေတ္တာကို လိုလားတမ်းတ နေခြင်းသည် အပြစ်တစ်ခု မဟုတ်ဟူ၍ ယူဆသည်။

ထို့ကြောင့် ဖခင်ရှိရာသို့ စွန့်စွန့်စားစား သွားရောက်ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။ သည့်အတွက် စိုးထိတ်လန့်ခြင်းတို့ကို ဖယ်ရှားပစ်လိုက်သည်။

သို့ပေမဲ့ မိခင်ကို တကယ်တမ်း ခွဲခွာရမည်ဆိုတော့ ရင်ထဲမှာ ဟာသွားပြီး ဆို့နစ်သွားမိသည်။

မိခင်တစ်ယောက် အနေဖြင့် မိခင်မေတ္တာ သာမက ဖခင်မေတ္တာကိုပါ ပေါင်းစည်းပေးထားပါသော်လည်း အားရကျေနပ်နိုင်ခြင်း မရှိသေးဘဲ ဖခင်ကိုသာ တမ်းတနေခြင်းကို မိခင်က မလိုလားခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကိုတွေ့ရန် ခွင့်မပြုသော ဖခင်အကြောင်းကို လေထဲမျှပင် မဟသော မိခင်ကို မတတ်သာ၍ တစ်ခဏတာ ဥပေက္ခာပြု ကျောခိုင်းခဲ့ရလေပြီ။ ရင်ထဲမှာတော့ ခွင့်လွှတ်ပါ မေမေရယ်ဟု အကြိမ်ကြိမ် တောင်းပန်နေမိသည်။

မိခင် မသိအောင် ထွက်ခဲ့ခြင်းမို့ အသိတွေများတွေ့သွား လေမလားဟူသော စိုးရိမ်မှုဖြင့် ပတ်ဝန်းကျင်ကို သတိထား ကြည့်မိလိုက်သည်။ အရပ်ရှစ်မျက်နှာ ကျီးကန်းတောင်းမှောက် ကြည့်လိုက်မိသည့်တိုင် မတွေ့။ ကိုယ်က မတွေ့တော့ မစိုး ရိမ်မိ။ နောက်ကျခြေထောက် သစ္စာဖောက်ဟု သတ်မှတ်ပြီး ကားဂိတ် ရှိရာသို့ ခပ်သွက်သွက်လေး လျှောက်မိလိုက်သည်။

တော်သေးသည် ထွက်မည့်ကားက အဆင်သင့် ရှိနေ သည်။ ကားနောက်ခန်းက ဘယ်နည်းနှင့်မှ လိုက်လို့မဖြစ်နိုင်။ ကားစီးလျှင် ခေါင်းမူးတာ၊ အန်တတ်သော အကျင့်ကြောင့် မည်သည့်ခရီးမှ မသွားလာဖြစ်ဘဲ အိမ်ထဲ၌သာ ကြီးပြင်းခဲ့ ရသူဖြစ်သည်။ ယခုခရီးသည် မသွားမဖြစ်သော ခရီးဖြစ်၍ သူ့အတွက် မဟာစွန့်စားခန်းလည်း ဖြစ်သည်။

နောက်ခန်းကို မလိုက်လို၍ ရှေ့ခန်း ကြည့်လိုက်သည်။ ကားမောင်းသမားမှအပ ခရီးသည်ကို မတွေ့ရပေ။





"ဦးလေး ရှေ့ခန်းရမလား"

"ရတယ် ဘယ်အထိ လိုက်မှာလဲ"

"မန္တလေးအထိ လိုက်မယ်၊ ကျွန်မ ရှေ့ခန်းနှစ်ယောက် စာပေးမယ်၊ ဘယ်သူမှ မတင်နဲ့"

"မတင်လို့ မဖြစ်ဘူး၊ ဖောက်သည်တစ်ဦးက ကြိုတင် မှာထားပြီးဖြစ်နေလို့"

သဇင် စိတ်ညစ်သွားသည်။ အချိန်နှင့်လု၍ သွားလာ ရသည့်ကာလ၌ ပထမဦးဆုံးသော အခက်အခဲကို စတင်ရင်ဆိုင် လိုက်ရသည်။

"အဲဒီ ခရီးသည်က ယောကျ်ားလား မိန်းမလား"

"ယောကျ်ားပါ"

"မြတ်စွာဘုရား ယောကျ်ားတဲ့ အနေခက်တော့မှာပဲ"

အခြားကား စောင့်ရအောင်လဲ အချိန်မပေးနိုင်၊ သဇင်စိတ်ညစ် သွားသည်။

"ဦးလေး အဲဒီဖောက်သည်က အသက်ကြီးလား"

"အသက်မကြီးသေးပါဘူး၊ အစိတ်လောက်ပဲရှိမယ်"

"ဟူး...တော်ပါသေးရဲ့၊ အသက်ကြီးတဲ့သူဆိုရင် [illegible]ဝရ ဘုရားနဲ့အညီ အရိုအသေပေးကာ ရိုကျိုးနေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဒါနဲ့ သူက ဝသလားဟင်"

"မဝပါဘူး အနေတော်ပါပဲ"

ဟွန်း...ဝတဲ့သူ မဟုတ်လို့ တော်ပါသေးရဲ့၊ တော်ကြာ အနေကျပ်ရတဲ့အပြင် ကိုရွှေယောကျ်ားတွေက မိန်းမသား လေးနှင့် ထိတွေ့နေရတာကို အသားယူပြီး စိတ်ကူးထဲ နှစ်ပါး သွား ကနေဦးမယ်၊ အင်း ခေါင်းခန်းက အကျယ်ကြီးဆိုတော့ သူနဲ့ ပဝါတကမ်း မဟုတ်တာတောင် အသားလာထိလို့ရမှာ မဟုတ် ထိလာလို့ကတော့ ဟင်...

"ဦးလေး လူမလာသေးဘူးလား၊ နောက်ခန်းမှာလဲ လူတွေ့ပြည့်နေပြီ"

"ခဏလေးပါ၊ ကိုဇော်က လိုက်မယ်လို့ အတိအကျ ပြောထားတာ"

"မလိုက်ဖြစ်လို့ နေမှာပေါ့၊ ဦးလေးကပဲ ဒါပဲနော် အဲဒီလူ မလိုက်ဖြစ်ရင် အခြားဘယ်သူကိုမှ မတင်နဲ့၊ ကျွန်မ ရှေ့ခန်းတစ်ခန်းလုံးစာ ပေးမယ်"

ဒရိုင်ဘာကြီးက ဘာမှမပြောဘဲ ကွမ်းကို တမြုံ့မြုံ့ဝါး ရင်း ပြုံးကာ တစ်နေရာသို့ မျှော်ကြည့်နေသည်။

သဇင် စိတ်မရှည်သော်လည်း ဘာမှမတတ်နိုင် ခုချိန်၌





ကားတစ်စီးလုံး ငှားဖို့ရာ လိုက်ရှာဖို့ကလည်း လွယ်ကူလိမ့် မည်မဟုတ်။

"ဟင်"

သဇင် စိတ်မောသွားသည်။ ထိုအချိန်၌ လူရွယ်တစ် ယောက် သုတ်သီးသုတ်ပျာနှင့် ပြေးလာသည်။ ဒရိုင်ဘာက ကားစက်နှိုးပြီး လာပြီဟုလည်း တစ်ကိုယ်တည်း ပြောသလိုလို၊ သဇင်အား လှမ်းပြောသလိုလိုနှင့် ပြောလိုက်သည်။

"နေဦး ကျွန်မ အစွန်မှာ ထိုင်မယ်"

သဇင်က ကားတံခါးဖွင့်ကာ ဆင်းရပ်လိုက်သည်။ တစ်ပြိုင်နက်ဆိုသလို ထိုလူလည်း ရောက်လာသည်။

"ဆောရီးပဲ ဦးမောင်၊ ကျွန်တော် ငါးမိနစ်နောက်ကျ သွားတယ်"

သူက အလယ်သို့ပင် ဝင်ထိုင်ကာ ဒရိုင်ဘာ ဦးမောင် အား လှမ်းပြောလိုက်သည်။

"ငါးမိနစ်ပေမယ့်ပဲ၊ စောင့်ရတဲ့လူအတွက် ငါးကမ္ဘာ လောက် ထင်ရတယ်"

သဇင်က မကျေမနပ်ဖြင့် ကားတံခါးကို ဆောင့်ပိတ်ရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လားရှိုးမန်းဂိတ်မှ စတင်ထွက်ခွာလာသည်။

"ကလေးမက ရှေ့ခန်းအားလုံးစာပေးပြီး တစ်ယောက်တည်း စီးမလို့တဲ့၊ ငါက မင်း မှာထားတယ်ဆိုလို့သာ"

ဦးမောင် ပြောလိုက်မှ ဇော်သီသည် မိမိဘေး၌ လိုက်ပါလာသူ မိန်းကလေးကို ငဲ့စောင်းကြည့်လိုက်သည်။ ရက်ရက်စက်စက်လှသော မိန်းကလေးတစ်ဦး ပါလား။ အသက်ကလည်း အလွန်ဆုံးရှိမှ နှစ်ဆယ်၊ နှစ်ဆယ့်တစ်။

"ညီမက တစ်ယောက်တည်းလား"

"ဘာလုပ်မလို့ မေးတာလဲ"

"ဘာမှမလုပ်ပါဘူး၊ ဒီမှာ နောက်တစ်ယောက် ဝင်ထိုင်ရင် ရသေးတာမို့ အဖော်ပါရင် ထိုင်ခိုင်းမလို့ပါ"

"အဖော်ပါရင် နဂိုတည်းက ဝင်ထိုင်ပြီးသားပဲ"

"အင်းလေ...အဖော်မပါတော့ အဖော်ရတာပေါ့"

"ဘာပြောတယ်၊ လူကို တစ်ယောက်တည်းမို့ အထင်သေးတာလား"

သဇင်က မျက်ထောက်နီကာ စွေကြည့်လိုက်တော့ သူက လက်ကာပြီး–

"အို...မဟုတ်ပါဘူး၊ ခရီးသွားဖော်လို့ ပြောတာပါ"





"ဓာတ်လမ်းတော့ စမယ်မကြံနဲ့၊ သတ္တိရှိလို့ တစ်ယောက်တည်း ခရီးသွားတာ"

သဇင်ကို အထင်မသေးရဲအောင်လို့ ဟန်ပန်အပြည့်နှင့် ဓာန်ဝံ့ကာ ပြောလိုက်သည်။

ဇော်သီဟာက ပခုံးတွန့်လိုက်သည်။ သူ၏ သားရေအကင်္ကျီအိတ်ထဲမှ ကွမ်းယာထုတ်ကိုထုတ်ကာ ဒတ်ချ်ဘုတ်ပေါ်သို့ လှမ်းတင်လိုက်သည်။ ပြီးတော့ သူကိုယ်တိုင်လည်း ကွမ်းယာတစ်ယာကို ယူဝါးလိုက်သည်။

သဇင် နှာခေါင်းရှုံ့လိုက်သည်။

ဇော်သီဟာကလည်း လှစ်ခနဲ မြင်ဖြစ်အောင် မြင်လိုက်သည်။

"ဦးမောင် ခင်ဗျား အသွားအပြန် ခရီးအတွက် ဒီကွမ်းယာက လုံလောက်ပါတယ်နော်"

"ရပါတယ် မောင်ဇော်ရာ ငါ့မှာလဲ ပါတယ်"

"ငါ့မှာလဲ ပါတယ် မလုပ်နဲ့၊ ကျွန်တော် ဒီတစ်ခေါက် အခြေအနေကောင်းလို့ ပြုစုချင်နေတာ"

"မင်းက အမြဲပြုစုနေတော့ အားတောင်နာနေပြီ"

"အားမနာပါနဲ့ ဦးမောင်ရာ၊ ကျွန်တော့်မှာ အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး အိပ်စရာမရှိတဲ့ အခါမျိုး၊ စားစရာမရှိတဲ့ အခါမျိုးမှာတော့ ခင်ဗျား တဲကုပ်ဟာ ကျွန်တော့် နန်းတော် ဖြစ်ခဲ့ရတာပဲလေ”

သဇင် နားထဲ ဂွမ်းဆို့ထားချင်သည်။ အင်မတန်စကား များသော ပုဂ္ဂိုလ်နှင့် လာတွေ့နေသည်။ ကွမ်းလည်း ဝါး သေးသည်။ စကားကိုလည်း အမျှင်မပြတ်အောင် ပြောသည်။ ပြီးတော့ သဇင် ကိုယ့်ဘက်သို့ သူ့ကိုယ်လုံးကြီး ကိုင်းကာ ပြတင်းပေါက် မှန်တံခါးကိုဖွင့်ပြီးမှတစ်ဆင့် ကွမ်းတံတွေးကို ပြွတ်ခနဲနေအောင် လှမ်းထွေးလိုက်သည်။

သဇင်က ကားမှန်ကို ပြန်တင်ရင်း–

“ဟာ...သေတော့မှာပဲ၊ ခင်ဗျား အဲဒီလိုသာ ထွေးနေ ရင်”

“ဘာဖြစ်လို့လဲ အမ်၊ အသားကိုလဲ ကျုပ် မထိမိဘူး ထင်တာပဲ”

“ထိမိရင် ဘယ့်နှယ့်လုပ်မလဲ”

“ဆောရီးပေါ့”

“လုပ်ချင်ရာလုပ်ပြီး ဆောရီးဆိုတိုင်း ရမလား”

“မရဘူးလား၊ မရရင် တောင်းပန်ပါတယ်ဗျာ၊ မတော် မိလို့ပါ၊ အသားများ ပဲ့သွားသလား၊ ကြွေသွားသလား၊





ကျွန်တော် ဘာလုပ်ပေးရမလဲ၊ တောင်းပန်ရင်ကော ဖြစ်မ လား”

“မဖြစ်ဘူး၊ ရှင် ကွမ်းယာမစားနဲ့တော့ အဲဒီလိုဆို ဖြစ်တယ်”

“မရဘူး၊ မစားရရင် ခံတွင်းချဉ်တယ်”

“စားရင် ခံတွင်းကင်ဆာ ဖြစ်တာကော မသိဘူးလား”

“ဘာလဲ အမိက ဆရာဝန်လား”

“ဆရာဝန် မဟုတ်ပေမဲ့ သိတယ်”

“ကျုပ်လည်း သိတာပဲ”

“သိရင် မစားနဲ့ပါ”

“မစားလို့ မဖြစ်ဘူး”

သဇင် မျက်လုံးက သူ့မျက်နှာတည့်တည့်ကို ကြည့်ကာ ဘာကြောင့်လဲလို့ သဘောဆောင်ကာ မေးလိုက်သည်။

“ဘာဖြစ်လို့လဲဆိုတော့ ကွမ်းစိုက် ခြံပိုင်ရှင်တွေနဲ့ ကွမ်းယာရောင်းတဲ့သူတွေ စားဝတ်နေရေးအတွက် စားပေး နေရမယ်”

ကွမ်းရှေ့နေ ပခန်းသားကို သဇင် မျက်စောင်းခဲ့ လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘာသာကိုယ် စွဲနေပြီတော့ ဟင်"

"အင်း...ဒါလဲဟုတ်တယ်"

"စွဲနေလို့ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကားပေါ်မှာ ကွမ်းစားရင် ကွမ်းတံတွေးထွေးဖို့ ကြွပ်ကြွပ်အိတ်လေးတော့ ဆောင်ထားရမှာပေါ့"

"အမိပြောတာ မှန်တယ်၊ ဒါပေမဲ့ လောလောဆယ် ကြွပ်ကြွပ်အိတ် မပါလာတော့ ဒီလိုလုပ်ပါလား၊ အမိနဲ့ ကျုပ် နေရာချင်း လဲထိုင်ရအောင်"

"ဒါတော့ မဖြစ်ဘူး၊ ကျွန်မက ကားမူးတတ်တယ်"

"ကားမူးတတ်ရင် ကားမှန်ကို ချထားလေ၊ လေရရင် မမူးဘူးပေါ့"

"မှန်ချလို့ ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲ"

"တွေ့မှာစိုး၊ ဟာ...မဟုတ်ပါဘူး ချမ်းလို့"

သဇင့်စကားကို ချက်ချင်းပြင်လိုက်သည်။

ဇော်သီဟ ချက်ချင်းရိပ်မိလိုက်သည်။ ဤမိန်းကလေးသည် အိမ်ပြေးမလေး ဖြစ်ဖို့များသည်ဟု။

"ဟုတ်တယ် တကယ်ချမ်းတာ"





"အေးပါ၊ အမိ မကြိုက်ရင် ကျုပ် ကွမ်းမဝါးတော့ပါဘူး၊ ဒါပေမဲ့ အခုတော့ ဒါလေးကုန်အောင် ဝါးလိုက်ဦးမယ်"

သဇင် နှာခေါင်းရှုံ့လိုက်သည်။

"ကဲ...အမိ ကွမ်းတံတွေး ထွေးပါရစေ"

သူ ကွမ်းတံတွေးထွေးနိုင်အောင် သဇင် ကျောပြင်နှင့် နောက်မှီကို တစ်သားတည်းဖြစ်အောင် ကပ်ထားလိုက်ရသည်။

"သေတော့မှာပဲ၊ တစ်ခါတည်း ကွမ်းဖတ်ပါ ထွေးလိုက်ပါလား"

"ဘယ်ဖြစ်မလဲ ဆိမ့်လာတာ နောက်နှစ်ချီလောက် ထွေးပြီးသွားရင် အဖန်ပါကုန်ပြီး ကွမ်းဖတ်ပါ ကုန်သွားလိမ့်မယ်၊ ဒီတော့ ထွေးစရာ မလိုတော့ဘူး၊ မယုံရင် အမိ စားကြည့်ပါလား"

"မကောင်းမှန်းသိရက်နဲ့ မမိုက်ဘူး"

"ဟုတ်ပါတယ် ကျုပ်တို့က လူမိုက်တွေ ဖြစ်နေပြီ ဦးမောင်"

သူက ဒရိုင်ဘာ ဦးမောင်ကို စည်းရုံးလိုက်သည်။

ဦးမောင်က ပြုံး၍သာ ထောက်ခံနေသည်။

ထိုစဉ် သဇင် ရင်မှာပျို့ပြီး တံတွေးထွေးဖို့ ခေါင်းပြူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဟိတ်"

ရုတ်တရက် မိမိခေါင်းကို ပြတင်းပေါက် အပြင်ဘက်သို့ ရောက်ခွင့်မရဘဲ အထဲထဲသို့ ပြန်ဆွဲအသွားခံလိုက်ရသည်၊ ထိုစဉ် ဘေးမှ ကားတစ်စီး ရုတ်တရက် ဖြတ်ကျော်ဘက် သွားသည်။ သစင် သဘောပေါက်လိုက်သည်။

ဇော်သီဟကို ကြည့်ကာ–

"တော်သေးတယ်၊ ခေါင်းပြက်တော့မလို့၊ ရှင်အဆွဲ မြန်ပေလို့"

"ကိုင်း...တွေးတော့ အန္တရယ်ကင်းပြီး ဘယ်အရာမဆို ရှေ့နောက်ဘေးဘီကို ကြည့်ပြီးမှ အလုပ်လုပ်"

သစင်က သတိမမူ ရှုမမြင်ဘဲ လုပ်ခဲ့မိလို့ သူ့တရားကို နာနေရသည်။ အင်းလေ...လောလောဆယ်တော့ သူကမှန် နေတာကိုး၊ တရားမပြီးနိုင်သေး။

"ကားပေါ်ကနေ တံတွေးထွေးရင် သတိထားထွေးနော်၊ နောက်ကိုစဉ်ရင် ပြဿနာတက်မယ်၊ ကားအရှိန်လျှော့ရင် ခေါင်းကိုပြူပြီး ရှေ့နောက်ကြည့်ပြီးမှ အရှိန်ကလေးနဲ့ ပြွတ်ခနဲ ထွေးလိုက်သိလား"





"အမယ်လေး တံတွေးထွေးတာတောင် နည်းဗျူဟာ တွေ ဘာတွေနဲ့"

"ဒီလိုပဲ နေရာတကာမှာ နည်းဗျူဟာဆိုတာ ရှိပြီး သားပဲ၊ မန္တလေးတို့ ရန်ကုန်တို့ရောက်ရင် လမ်းပေါ် ပလက် ဖောင်းပေါ်မှာ ကွမ်းတံတွေး လုံးဝမထွေးရဘူး၊ မိရင် အရေး ယူခံရတယ်"

"သိတယ် ဆရာမလုပ်နဲ့၊ တီဗွီမှာ မြင်နေရတာပဲ"

"ဩော်...ဟုတ်သားပဲ၊ အမိပုံစံက သူဌေးသမီးဖြစ်မှ ပ်မှန်း သိရက်နဲ့၊ ကျုပ်က ရုတ်တရက် မေ့သွားလို့ပါကွာ၊ အိမ်မှာ အပေါ်ဆက် အောက်ဆက်တွေ ရှိမှာပေါ့၊ ပြီးတော့ ပညာတတ် မိန်းကလေးတစ်ယောက် အနေနဲ့ ဗဟုသုတလဲ ကြွယ်မှာပါ"

သစင်ကို သူဌေးသမီးမှန်း သူက သိနေသည် ဆိုပါ လား။ သစင် နည်းနည်းတော့ ပူပန်သွားသည်။ ဤ ဇော် ဆိုသူသည် လူကောင်းဖြစ်နိုင်ပါ့မလား။ လူဆိုးဖြစ်ပြီး ပြန်ပေး ဆွဲကာ မေမေထံ ငွေညစ်လျှင် ပြဿနာ။

'မလုံသည့်အိုး ဈာတ်မိုးရုံဖြင့်ဖာ' ဆိုသည့်နှယ် သစင်မှာ မလုံမလဲ ဖြစ်သွားပြီး စိုးထိတ်ဝေသွားသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ သူ့ကို အကဲခတ်လိုက်သည်။

ရုပ်ရည်က တည်ကြည်ခန့်ညားပြီး အသားက ဖြူဖြူ အရပ်ကမြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက်က ယောကျ်ားပီသသည်။ ဂျင်းဘောင်းဘီ အပြာနှင့် သားရေဂျာကင် ဝတ်ဆင်ထားပုံက ကိုးရိုးယားမင်းသား အရှုံးပေးလောက်သည့် စတိုင်ဖြစ်နေသည်။

ရုပ်က လူရည်သန့်ဖြစ်ပေမဲ့ စိတ်ထားက ရုပ်နှင့်ထပ်တူဖြစ်နေလျှင်တော့ တော်ပါသေးရဲ့။ မဟုတ်ခဲ့ရင် ဒီလူနှင့် ခရီးသွားဖော် ဖြစ်နေရသည်မှာ ရင်လေးနေမိသည်။

"ဘယ်လိုလဲ အမိ ကားမူးနေသလား"

"မမူးပါဘူး"

ဒီလိုတော့လည်း မဆိုးပါဘူး၊ အားနွဲ့သူ မိန်းမသားအပေါ် စိုးရိမ်ပိုတတ်သားလားဟု ရင်ထဲမှာ အမှတ်ပေးလိုက်မိသည်။

တောတောင်ကို ဖြတ်သန်းလာသော သန့်ရှင်းသောလတ်ဆတ်သော လေကို ရှူရှိုက်လာရင်း သဇင် မိမိကိုယ်မိမိကျေနပ်နေသည်။ ဖခင်ကို ချစ်သည့် အချစ်စွမ်းအားကြောင့် ပြောင်းလဲမှုတွေ များလားဟုလည်း တွေးလိုက်မိသေးသည်။





ဇော်သီဟက နူတ်ခမ်းရိပ်၌ အပြုံးရိပ်ကလေး တွဲခိုသွားသော မိန်းကလေးကို ဖျတ်ခနဲ မျက်ဝန်း၏ ထောင့်စွန်းရိပ်မှ ဖမ်းမြင်လိုက်သည်။ နုနုငယ်ငယ် ချောချောလှလှလေးနှင့် အဖော်မပါဘဲ ခရီးထွက်လာရဲသည့် သတ္တိကတော့ မနည်းချေ။

ကွမ်းတစ်ယာညက်ခန့်၌ မိန်းကလေး မျက်တောင်ကော့ကလေးသည် ငိုက်စင်းကာ အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေတော့သည်။ ခေါင်းငိုက်ကျကာ ပြတင်းပေါက်မှ တစ်ဆင့် ပြင်ပသို့ ရောက်သွားမှာ စိုးရိမ်သဖြင့် ဘေးမှန်ကို တင်ထားပေးလိုက်သည်။

"ဒီမိန်းကလေးနယ် သူ့အိမ်သူ့ရာ ကျနေတာပဲ"

နှစ်မြိုက်စွာ အိပ်ပျော်သွားပုံရသည်။ ခေါင်းကလေးက ဇော်သီဟ၏ ပခုံးစွန်းပေါ်သို့ ငိုက်ကျလာသည်။

အသက်မရှူရဲတော့ အပြစ်ကင်းစင်ပုံရသော မိန်းမချောလေး နိုးသွားမှာ စိုးရိမ်နေမိသည်။ မှီပါစေ။ မိန်းကလေးအတွက် သူ့ပခုံးက ခေတ္တ ခေါင်းအုံးတစ်လုံး ဖြစ်နေခြင်းကိုပင် သူ့ရင်ထဲ ကျေနပ်လျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

"ဟိုတ်...အမိ ထ...ထ"

"ဟင်"

သစင် အိပ်မက်များ မက်နေသလားဟု စေ့စေ့ဝါ အိပ်မှုန်

စုန်မွှားဖြင့် မျက်လုံးကို ပြူးပြဲကြည့်လိုက်သည်။

"ဘယ်ရောက်ပြီလဲ"

"ကျောက်မဲ စားသောက်ဆိုင်"

စားသောက်ဆိုင်ဆိုမှ ရင်ထဲက ပိုးမျိုးရှစ်ဆယ်က တပြိုင်နက် ဆန္ဒပြလေသည်။

သစင်လည်း ကားရပ်သည်နှင့် စားသောက်ဆိုင်များဆီသို့ ဝမ်းမြောက်ဝမ်းသာ ခြေလှမ်းသွက်လိုက်သည်။ ခပ်သန့်





သန့် ဆိုင်တစ်ခုထဲ ဝင်လိုက်သည်။ ဆိုင်းဘုတ်တွေ ဘာတွေ ကြည့်မနေနိုင် ခင်းကျင်းပြင်ဆင်ထားမှု သပ်ရပ်သန့်ရှင်းပြီး ဆင်ကောင်မရှိဖို့ အရေးကြီးသည်။

နောက်တစ်ချက် အပေါ့အပါးသွားချင်သည်။အနွံ့ရှာယ် သွယ်ထားနိုင်သော အရေးပေါ်ကိစ္စကလည်း ရှိနေသေးသည်။

"အာဟာင်းနဲ့ သုံးဆောင်မှာလဲ"

"အိမ်သာ"

"ရှင်"

စားပွဲထိုး ကောင်မလေး ရုတ်တရက် ကြောင်သွားသည်။ သစင်က မိမိ၏ အလောကြီးမှုကို သဘောပေါက်ကာ တစ်ချက်ပြုံးလိုက်ပြီးမှ-

"အိမ်သာ ရှိသလားလို့မေးတာ"

"ရှိပါတယ် အဲဒီတည့်တည့်က သွားလိုက်ရင် ရပါတယ်"

"သန့်ရဲ့လား"

"သန့်ပါတယ်၊ ရေလောင်းအိမ်သာပဲ"

"အိတ်ထားခဲ့မယ်၊ ကြည့်ထားလိုက်"

"ဟုတ်ကဲ့ စိတ်ချပါ၊ ကြည့်ထားလိုက်ပါမယ် ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာသုံးဆောင်မလဲ၊ အဆင်သင့်ဖြစ်အောင် မှာထားလိုက်မယ်"

"ကြက်ကုန်းဘောင်"

"ဟုတ်ကဲ့"

သဇင် နောက်ဘက်သို့ လျှောက်ခဲ့လိုက်သည်။ အပေါ့သွား ခြေလက်ဆေးပြီး ထွက်ခဲ့သည်။ ယခုမှ အတော်ပေါ့ပါးသွားသည်။ စိတ်ညစ်ညူး ထိုင်းမှိုင်းခဲ့ရသမျှ ထိုအတန်ငယ် လန်းဆန်းသွားသည်။

စောစောက မိမိနေရာယူခဲ့သော စားပွဲသို့ရောက်လျှင်–

"ဟင်…ကျွန်မ အိတ်ကော"

သဇင် အသံက အတန်ငယ် ကျယ်လောင်သွားသည်။ ထမင်းစားနေသူများနှင့် စားပွဲထိုးလေးများ၏ မျက်လုံးများက သဇင့်ထံ စုပြုံရောက်ရှိလာကြသည်။

"ဟိတ်…ကောင်မလေး ငါ့အိတ်ကော"

"ဟာ…ကျွန်မလဲ အလုပ်များပြီး၊ ကြည့်ဖို့မေ့သွားတယ်"

"စောစောက ထွက်သွားတဲ့ လူနှစ်ယောက်များ"

သဇင် ဘာမှပြောမနေဘဲ ဆိုင်ထဲက ပြေးထွက်ခဲ့လိုက်သည်။





ထိုအချိန်မှ လူတစ်ယောက်မှာ ဗင်ကားပေါ်သို့ တက်လျှောက်ပြီး ကားထွက်ဖို့ စက်နှိုးစဉ်–

သဇင်က သူတို့များ ယူသွားလေမလားဟု ဥစ္စာပျောက်ရောက်ပြီး ထင်တစ်လုံးနှင့် ထွက်တော့မည့် ကားထဲမှ လူတွေကို စွပ်စွဲလိုက်မိပြီး။

"ဟိုး…ဟိုး"

သဇင် အော်သံကြောင့် ဈေးရောင်းသူများနှင့် ကျန်လူများပါ တမင်ကို ဝိုင်းကြည့်နေသည်။

"အဲဒီကားကို တားပေးပါ"

ထွက်မည့်ကားကို လက်ညှိုးထိုး တားခိုင်းလိုက်သောကြောင့် ကားအနားရှိ လူများက ကားကို ဘုမသိ ဘမသိ တားလိုက်ကြသည်။

သဇင်လည်း ကားရှိရာသို့ အပြေးကလေး သွားရောက်–

"ရှင်တို့ ကျွန်မ အိတ် ယူသွားကြတယ် မဟုတ်လား"

"အို…ကျုပ်တို့ မယူပါဘူး"

"သူခိုးက ခိုးတယ်ဆိုရင် ထောင်မဆံ့ဘူး"

"မင်း…ဒီလိုမပြောနဲ့၊ ဒါ တိုသိက္ခာကို စော်ကားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲရှိ လူကြီးနှင့် လူရွယ်နှစ်ဦးက သူခိုးဟုစွပ်စွဲခံရ၍ မကျေနပ်သော မျက်နှာပေးဖြင့် သဇင်ကို ကြည့်နေသည်။

"ဒါဆိုရင် ကျွန်မ ရှင်တို့ကားကို ရှာမယ်"

"ရှာ"

ကားပေါ်ရှိ လူနှစ်ယောက်က ခွင့်မပြု ပြန်လည်အထင်ခံရမည်ဆိုးသဖြင့် ခွင့်ပြုသည့်အနေဖြင့် ကားပေါ်က ဆင်းပေးကြသည်။

ကားက ဗင်ကားဖြစ်နေသဖြင့် ရှင်းနေသည်။ သဇင် အထုပ်နှင့် တူတာပင်မတွေ့။

"ကဲ...ကျေနပ်ပြီလား သွားမယ်"

သဇင် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ပစ္စည်းအတွက်နှမြောစိတ်အပြင် တစ်ဖက်သားအား အထင်နှင့်စွပ်စွဲလိုက်ခြင်းကို အားနာမှုက အထွတ်အထိပ်သို့ ရောက်သွားပြီး စောင်းအမ်းအမ်း ဖြစ်သွားသည်။

လူအများက ဝိုင်းပြီး ဘာအိတ်လဲ၊ ဘာတွေပါသွားလဲ ငွေဘယ်လောက်ပါလဲ စသည်ဖြင့် သိလိုစိတ်ကို အင်တာဗျူးနေကြသည်။





သဇင် စိတ်ညစ်သွားသည်။ အမှတ်မထင် သူ့ကို သတိရလိုက်သည်။

ဝိုင်းကြည့်နေသော လူများအလယ် တစ်ယောက်သော သူ ဘယ်ရောက်သွားပါလိမ့်လို့ ရှာမိလိုက်သည်။

တွေ့ပါပြီ၊ ဘသားချောက တောင့်ကပ် စားပွဲတစ်လုံးမှာ ထိုင်ကာ စားသောက်နေသည်။ ရောမပြည်ကြီး မီးဟုန်းဟုန်း တောက်နေချိန်မှာ သူမို့ နေနိုင်ရက်သည်။ သဇင် ဒေါသပိုကာ သူ့ထံ အရောက်သွားလိုက်မိစဉ်–

ဟင်...သူ့ဘေးက ထိုင်ခုံပေါ်မှာ သဇင့် အိတ်ပါလား၊ သူယူထားတာကိုး၊ အိတ်ကို ပြန်တွေ့လိုက်ရလို့ ဝမ်းသာသွားပေမဲ့ အိတ်ယူထားသည်ကို မပြောဘဲနေသည့် သူ့ကို မကျေနပ်ချက်က ပို၍ ပြင်းထန်လာပြီ။

"ရှင်...ကျွန်မ အိတ်ကို ဘာဖြစ်လို့ ယူထားတာလဲ"

သူက အေးဆေးစွာ အစားမပျက် လှည့်ကြည့်ပြီး–

"ကျုပ်ယူထားလို့ သူများနောက် မပါသွားတာ"

"ယူထားရင်လည်း ပြောရောပေါ့၊ ဒီက ဟိုကားက လူတွေ ယူသွားတယ် အောက်မေ့ပြီး သွားစွပ်စွဲနေတာ၊ အားနာစရာတောင် ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အားလုံးမြင်တယ် ကြားတယ်"

"ဒါတောင် ရှင်က နေနိုင်သေးတယ်"

"နေနိုင်တယ်ဆိုတာထက် ကိုယ့်ကို ဂရုမစိုက်တဲ့သူကို ကိုယ်က ဂရုစိုက်ရမှာလား"

"အို…ရှင့်ကို ဂရုစိုက်ရအောင် ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ဟုတ်တယ်၊ မဆိုင်လို့ ဂရုမစိုက်တော့၊ ခုအရှက်ရပြီလေ၊ ကျုပ်ကဆိုင်လို့ ဂရုစိုက်ပြီး အမိအိတ်ကို ပျောက်မှာဆိုးလို့ သိမ်းပေးထားတယ်လေ၊ ထားတဲ့နေရာလဲ ကြည့်ဦး၊ အမိမြင်သာတဲ့ နေရာမှာထားတာ၊ ကျုပ်ကို နည်းနည်းလေးလောက် ငဲ့စောင်းကြည့်လိုက်ရင် အမိ အခုလို သောကဝေပြီး အရှက်ရမှာ မဟုတ်ဘူးပေါ့"

"အို…ရှင်ကို သူခိုးလို့ မထင်လို့ပေါ့"

"ထားပါတော့ ကျေးဇူးတင်ပါတယ်၊ ကဲ…ဘာစားမလဲ"

"မှာထားတယ် ကြက်ကုန်းဘောင်"

"ဟော့…ဒီက ကြက်ကုန်းဘောင် မှာထားတာရပြီလား"

သူ့အသံကြောင့် မကြာခင် စားပွဲထိုးမလေးက ကုန်းဘောင်းနှင့် ထမင်းတစ်ပွဲပါ ယူလာပေးပြီး"





"မမလေး အိတ်ပြန်တွေ့ပြီလား"

"အင်း"

"ဘယ်ကပြန်တွေ့တာလဲ"

"ငါ့အစ်ကိုက သိမ်းထားတာလေ"

"တော်သေးတာပေါ့၊ ကျွန်မ တို့လဲ ဆိုင်မှာဖြစ်တာဆိုတော့ စိတ်ပူသွားတာပေါ့"

"အေးကွယ် ကျေးဇူးတင်ပါတယ်"

ခုန ဥစ္စာဇောနဲ့ ဆာရမှန်းမသိ ဖြစ်နေရာမှာ၊ ခုတော့ ပိုမိုး‌ရှစ်ဆယ် ဂျီကျလေပြီမို့ သခင်လည်း ထမင်းနှင့်ဟင်းကို အားပါတရ စားသောက်လိုက်သည်။

သူကတော့ ဘယ်အချိန်က စားနေမှန်းမသိ စား၍ပင်ပြီးသွားသည်။

"ကဲ…အမိ ဘာထပ်စားချင်သေးလဲ"

"တော်ပါပြီ",

"ဟော့…ဒီစားပွဲက ငွေရှင်းမယ်ဟေ့"

တစ်ဆက်တည်း ရောက်လာသော စားပွဲထိုးကို သူငွေရှင်း ပေးလိုက်သည်။

"အို…ကျွန်မအတွက် ကျွန်မ ရှင်းပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဒါနပြုတာပါ"

"ဘာလဲဒါနပြုတာဆိုပြီး ဇာတ်လမ်းတော့ မစနဲ့နော်"

"ဩော်...အမိကလဲ ကျုပ်က စေတနာသန့်သန့်နဲ့ပါ"

"ဒါဆိုလဲ ကျေးဇူးပဲ"

"အစ်ကိုလေးနှင့် အစ်မလေး၊ အိမ်က ကလေးတွေ အတွက် သစ်သီးယိုစုံ ဝယ်သွားပါဦး"

ဈေးသည်မလေး စကားကြောင့် သဇင် ကြောင်အန်း အန်းဖြစ်သွားပြီး သူ့ကို ကြည့်နေမိလိုက်သည်။

သူက ခပ်တည်တည်နှင့် သူ့အား ပြောတာမဟုတ် သလိုလိုပင် ထထွက်ခဲ့တော့။ သဇင်လည်း အရေးစိုက်မနေ တော့ဘဲ သူ့နောက် လိုက်ခဲ့လိုက်သည်။

သူက ယိုစုံဆိုင်တစ်ခုသို့ လျှောက်သွားပြီး မက်မန်း သီးယိုနှင့် ရှောက်ယိုနှစ်ဘူးကို ရွေးချယ်လိုက်သည်။"

သဇင်က သူ့ကို နားမလည်သဖြင့်–

"ဟင်...စောစောတုန်းကတော့ မဝယ်ဘူး"

"အထုပ်နဲ့ ဗွတ်ရွတ်ပြောနေလို့ မင်းဘာကြာ နာပေးပြီး တမင် မဝယ်တာ"

သူက ကြောင်အန်းအန်းလေး ဖြစ်နေသော သဇင်ကို





ပြန်ကြည့်ပြီးနောက် ဈေးသည်အား–

"တစ်ဘူး ဘယ်လောက်လဲ"

"သုံးရာပါ"

"ကဲ...မက်မန်းသီးနဲ့ ရှောက်ယိုနှစ်ဘူးယူမယ်၊ အိတ်နဲ့ ထည့်ပေး၊ ကလေးက လမ်းကျရင် အိပ်နေမှာစိုးလို့"

"ဟွန်း...သူ တော်တော် အဖေဖြစ်ချင်တယ်ဟု မျက် စောင်းထိုးကာ ထလိုက်ပြီး ကားရှိရာသို့ သဇင် သွားလေသည်။

ဇော်သီဟက ပြုံးကာ သဇင် နောက်သို့ လိုက်သွား လေသည်။

လှသော မိန်းကလေးတွေများ ဘယ်လိုအမူအရာလေး တွေပဲ ပြုမူပြုမူ ကြည့်၍ကောင်းနေပါလားဟုလည်း မှတ်ချက် ချလိုက်မိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

ကျောက်မဲမြို့အတွက် မှိုင်းညှိနေသော ဟောင်တန်းနှင့် စိမ်းစိုနေသော ပတ်ဝန်းကျင်ကို ရှမျှော်မဆုံး ခံစားနေမိသည်။

"ရော...အမိ အိပ်ချင်ပြေစား"

"မယူပါဘူး"

"ဘာဖြစ်လို့"

"အချဉ်ယိုဘူးလေးနဲ့ အဖေလို့ ခေါ်နေရဦးမယ်"

သဇင် အပြောကို သူသဘောပေါက်ကာ ရယ်လိုက်ပြီး–

"အမိကလဲ ကျုပ်က ဒီလိုမပြောရင် ဈေးသည်က အမိနဲ့ ကျုပ်ကို ဘယ်လိုထင်မလဲ"

"ခုလဲ ဘာထူးလဲ၊ အိမ်က အမေတောင် အဆစ်ပါ





သွားတာပဲ"

"ဪ...အမိကလဲ ကျုပ်က အမိကို ကလေးလေး မှတ်လို့ပါ"

"ဘာကလေးလဲ အသက်နှစ်ဆယ်ပြည့်ပြီ သိလား"

"အင်း...အသက်နှစ်ဆယ် ပြည့်ပြီဆိုတော့ ကလေးယူလို့ ရပြီပေါ့"

"ဘာပြောတယ်၊ ရှင် မမိုက်ရိုင်းနဲ့"

ဒေါသသံကြောင့် သူနှင့်အတူ ဒရိုင်ဘာကြီးကပါ သဇင်ကို ရုတ်တရက် လှမ်းကြည့်လိုက်လေသည်။

"အို...အမိကလဲ ဒေါသကြီးပဲ၊ ကျုပ်က အသက် နှစ်ဆယ်ဆို အိမ်ထောင်ပြုပြီး ကလေးယူလို့ ရပြီလို့ ပြောတာပါ"

"တော်ပြီ ရှင်စကားတွေက ကြာလေရိုင်းလာပြီ၊ နားရှက်တယ် မပြောနဲ့"

သဇင် မျက်နှာကို အပြင်ဘက်လှည့်ပြီး သူ့ကို ကျောခိုင်းကာ လိုက်သည်။

"ကဲပါ အမိရယ်၊ အမိ မကြိုက်ရင် မပြောတော့ပါဘူး၊ ကျုပ်က အိပ်ချင်ပြေ စနေမိတာပါ။ ကဲ...စိတ်ကောက်ပြေ



www.burmeseclassic.com

www.burmeseclassic.com



တော့နော်”

သူ့ရဲ့ ရွှေပြည်အေး စကားကြောင့် သခင် မျက်နှာထ
ထားရှေ့သို့ ပြန်မူလိုက်သည်။

“ရှော့...အချဉ်ယိုဘူး”

သခင် ဘာမှမပြော၊ သူပေးတဲ့ အချဉ်ယိုဘူးကို ယူလိုက်
ပြီး သူကို အကဲခတ်လိုက်သည်။

သူက ကွမ်းယာဝါးနေပြီး ကွမ်းတံတွေးတွေးရှေ့
ကြွပ်ကြွပ်အိတ်လေး ယူလာသည်ကို သခင် ဖြုံးလိုက်
သည်။

“ဘာဖြုံးတာလဲ”

သိန်းငှက်လိုမျက်လုံးနှင့် သခင်ကို ဘယ်တုန်းက
အကဲခတ်နေမှန်းမသိ သူတွေ့သွားသည်။

“ဪ...ရှင်...လိမ္မာလာလို့ပါ”

“ဒါပေါ့ အမိနဲ့တွေ့ရင် လိမ္မာရမှာပေါ့”

ဟွန်း...နည်းနည်းလေး အလျှော့ပေးလိုက်တာနဲ့ ရှေ့
လိုက်တာပဲ မုန်းစရာကောင်းလိုက်တာ။

သခင် သူပေးတဲ့ အချဉ်ကိုစားရင်း–

“ဒီတစ်ခေါက် သိပ်အံ့သြဖို့ကောင်းတယ်”





“ဘာ...အံ့သြဖို့ ကောင်းတာလဲ”

ဇော်သီဟ အဆက်အစပ် မရှိသော စကားကြောင့်
ပြန်မေးလိုက်သည်။

“ဪ...ကျွန်မ မန္တလေးကို ခဏခဏ လာဖူးတယ်၊
လာတိုင်းလမ်းမှာ အမြဲ မူးတယ်”

“ခုတော့”

“ခု မမူးလို့ အံ့သြနေတာပေါ့”

“အဲဒါ ကျုပ်ကြောင့်”

“ဘာဆိုင်လို့လဲ”

“ဟုတ်တယ်လေ ကျုပ်နဲ့လာလို့ မမူးတာ”

“ဖြစ်နိုင်တယ်၊ ကျွန်မက ရှင့်ကို ကြောက်နေတော့
မမူးရဲဘူးပေါ့”

နေရာတကာ စကားနှင့် အကြောလိုချင်သူကို မှတ်
လောက်အောင် လူဆိုးစာရင်း သွင်းလိုက်သည်။

သို့သော်–

“ဒါကြောင့် ကြောက်တဲ့သူကို ခေါင်မှီပြီး အိပ်ခဲ့တာနဲ့
တူတယ်”

မြတ်စွာဘုရား စောစောက သူ့ကို သခင် နှိုးလာခဲ့က
သူ၏ ပခုံးထက်မှာ ထင်သည်။ တွေးမိသောအခါ ကျောချမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မျက်နှာ နေရောင်ဟပ်သည့်နှယ် ပူသွားမိသည်။ မျက်ထောင့်ကပ်ကာ လှမ်းကြည့်လိုက်မိသည်။

ဖော်သီဟကတော့ စိတ်ထဲ၌ ပြုံးမိလိုက်သည်။ မိန်းမချောလေး ရှက်သွားရှာသည့်အဖြစ်ကို သူနားလည်လိုက်သည်။

ထို့ကြောင့်–

"ဦးမောင် ဒီတစ်ခေါက် ကျွန်တော် ပြန်တက်လာရင် ပုစွန်ခြောက်ကောင်းကောင်း ဝယ်လာမယ်နော်"

"မလုပ်ပါနဲ့ကွာ၊ ဈေးက ကြီးကကြီးနဲ့"

"မကြီးပါဘူး၊ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာ ဈေး ပေါတယ်"

"သြော်...သူက မြစ်ဝကျွန်းပေါ်သားကိုး၊ ရှမ်းပြည်နယ်ကို အလည်လာတာလား၊ ကုန်လာရောင်းတာလား၊ အင်းလေ ဘာဖြစ်ဖြစ် ကိုယ်နဲ့ မဆိုင်ပါဘူး၊ မေးမြန်းရင်လည်း သိက္ခာကျပါတယ်လို့" သဇင် သုံးသပ်ပြီး နှုတ်ဆိတ်နေလိုက်သည်။

နှစ်ဦးသား သူ့အတွေးနဲ့သူ ကိုယ့်အတွေးနဲ့ ကိုယ် တွေးနေကြပြီ၊ ပူအိုက်တဲ့ ခံစားမှုကို သတိပြုမိလိုက်တော့မှ (၂၁)မိုင် ကျော်လာပြီး မန္တလေးနယ်ထဲ ရောက်လာပြီကို သိလိုက်ရသည်။

* * *





# အခန်း (၄)

သဇင် အိပ်မက်များ မက်နေသလားဟု ဇဝေဇဝါဖြင့် မျက်လုံးကို ပြူးပြီကြည့်လိုက်သည်။

"မန္တလေး ရောက်ပြီ"

အိပ်မက်မဟုတ်မှန်း သဇင် သိလိုက်ပြီ။ လားရှိုးမှနေ၍ ရန်ကုန်သို့ ထွက်ပြေးလာတယ်သည့် မိမိအတွက် မန္တလေး ရောက်ရှိလာပြီဆိုတော့ ပထမအဆင့် အောင်မြင်မှု မင်္ဂလာပင်။

"အမိ ဘယ်မှာဆင်းမှာလဲ"

"အဝေးပြေးဂိတ်"

နေရာတကာ စပ်စုလိုသော သူ့ကို သဇင် မျက်စောင်း ထိုးကာ ပြောလိုက်သည်။ ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ကျနေသော ကျောပိုးအိတ်ကို ပြန်ကောက် လိုက်သည်။

အဝတ် လေးငါးခြောက်စုံနှင့် ဤအိတ်ကို သူငယ်ချင်း၏ အိမ်တွင် တစ်စုံချင်းစီ ထုတ်ခြင်းဖြင့် စုဆောင်းခဲ့ရသည်။ အလျှုအတန်းရက်နှင့် တိုက်ဆိုင်လာသဖြင့် တစ်ကိုယ်စာ ပတ္တမြားတစ်ဆင်စာကို ဝတ်ဆင်လာခဲ့ရာ လိုအပ်လာလျှင် ငွေစက္ကူအဖြစ် ပြောင်းလဲရုံသာရှိသည်။

လောလောဆယ် တစ်ထောင်တန် တစ်အုပ်ကတော့ အသုံးခံနိုင်သေးသည်။ ဖခင်နှင့်တွေ့ရမည့် အရေးအတွက် ပျော်ရွှင်နေမိသည်။

ဦးမောင်က ကားကို အဝေးပြေးဂိတ်တွင်းရှိ လားရှိုး မန်းဂိတ်ရှေ့တွင် ထိုးရပ်လိုက်သည်။

သဇင် ဆင်းရမည်လား။ ရုတ်တရက် တွေဝေသွား သည်။

"ဆင်းလေ ရောက်ပြီ"

"သိပါတယ် ဆင်းမှာပေါ့၊ ဘယ်လိုဖြစ်နေတာလဲ"

ဆတ်ဆတ်ထိ မခံနိုင်သဖြင့် သဇင်က ခွန်းတုံ့ပြန် လိုက်ပြီး ကားပေါ်က ဆင်းလိုက်သည်။ မန္တလေး-ရန်ကုန်





EXPRESS CAR ဂိတ်တွေဆီ မျက်စိ ကစားလိုက်သည်။

ထို့နောက် ကားဂိတ် လက်မှတ်ရောင်းတွေဆီမှာ ယနေ့ထွက်မည့် ကားလက်မှတ် လိုက်ဝယ်သည်။ သို့ပေမဲ့ သင်္ကြန်ပြီးခါစမို့ မန္တလေးသင်္ကြန် အပြန်လူများကြောင့် ဂိတ်တိုင်း ယနေ့အပါအဝင် နောက်သုံးရက်စာ လက်မှတ်ကုန် နေကြသည်။

သဇင် စိတ်ညစ်သွားသည်။ မတတ်နိုင် ကားလက်မှတ် မရသဖြင့် ရထားနှင့်သွားရန် ဆုံးဖြတ်လိုက်ပြီး အငှားကား များ ရပ်ထားရာဆီသို့ ခပ်သုတ်သုတ်ပင် လျှောက်လာလိုက် သည်။

ဘူတာကြီးသို့ ကားခကို နှစ်ထောင်ဆိုကြသည်။ သဇင်က ခပ်တည်တည်ပင်–

"တစ်ထောင် ပေးမယ် လိုက်ချင်လိုက် မလိုက်ချင်နေ အငှားကားတွေ အများကြီးပဲ"

ဟု ဆိုသောအခါမှ ရလေသည်။ လူကို အချင်မှတ်ပြီး စျေးချင်ကြတယ်။ ဘယ်ရမလဲ ကိုယ်ပိုင်ကား စီးနေပေမဲ့ အငှားကားတွေအကြောင်း ကြားဖူးနားဝတော့ ရှိတာပေါ့၊ စော်ဆိုသည့်လူကို မျက်စိဝေ့ဝဲကာ ရှာလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပျားပန်းခပ်မျှ လှုပ်ရှားနေသော ခရီးသည်များ ကြားဝယ် ပျောက်ကွယ်သွားသည်မို့ မမြင်တော့။

မန္တလေးမှာ ကြာကြာနေလျှင် ကောင်းမည်မဟုတ်။ ရန်ကုန်သို့ အမြန်သွားရောက်နိုင်မှ ကောင်းမည်။ ထို့ကြောင့် ကားမရ၊ ရထားနှင့်သွားရန် ဘူတာကြီးဆီ ခရီးနှင်လိုက်သည်။

ရန်ကုန်မှာ အခြေသွားချကာ စီးပွားရေးရှာနေသည့် လားရှိုးတတ်သွား မိတ်ဆွေတစ်ဦးက ရန်ကုန် ဘုရင့်နောင် ပွဲရုံတွင် ဖေဖေတစ်ယောက် ဆန်ကုန်သည် လုပ်နေသည်ဟု တိကျသော သတင်းပေးမှုကြောင့် မမြင်ဖူးသေးသော ဖခင်ရဲ့ မေတ္တာကို ခံယူရန် ရဲဝံ့စွန့်စား ထွက်လာခဲ့ခြင်းဖြစ်သည်။

မိခင်ကိုတော့

**မေမေ**

သမီးကို ခွင့်လွှတ်ပါ။
ဖေဖေရှိရာ ရန်ကုန်ကို
သမီးလိုက်သွားသည်။
စိတ်မပူပါနှင့်။

သမီး

မိုးမြင့်သဇင်





ဟူသော စာကိုတွေ့ကာ မေမေ ဒေါသတကြီး ဖြစ်နေ သတော့မည်။ လိုက်ရှာမည် မရှာဘူးကို ကံသေကံမ ပြော၍ ရေ။

"ဦးလေး ရထားတွေက ဘယ်အချိန်ထွက်သလဲ"

"ဟော...ဘယ်ရထားလဲ ကလေးမ"

"ဪ...ဟုတ်သားပဲ ရန်ကုန်ကို သွားမယ့်ရထား"

သဇင် ဘာပြောပြော၊ ဘာလုပ်လုပ် အလောသုံးဆယ် နိုင်နေတတ်၏။ ဒါကြောင့် မေမေ၏ နေ့စဉ်နှင့်အမျှ နားပူ အောင် အဆူခံနေခဲ့ရသည်။

ရန်ကုန်သွားမယ့် ရထားက ညနေ သုံးနာရီ၊ လေးနာရီ၊ ငါးနာရီခွဲ၊ ခြောက်နာရီခွဲ၊ ရှစ်နာရီခွဲဆိုပြီး အမြန်ရထား ငါးစင်းတောင်ထွက်တယ်"

"ဟုတ်လား"

သဇင် ဝမ်းသာသွားသည်။ နာရီကြည့်လိုက်ပြီး ခုမှ သုံးနာရီထိုးဆိုတော့ ကျန်ရထား ငါးစင်းမဟုတ် တစ်စင်း သက်မှတ်ရနိုင်တယ်ဟု တွေးနေမိလိုက်သည်။

"ကလေးမ ခုရက်တွေမှာ ရထားတွေက လူကျပ်တယ်။ တစ်ယောက်တည်း ခရီးသွားလာတဲ့အခါလဲ အလစ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



သမားတွေ ဘာတွေ သတိထားဦး"

"သတိထားရတော့မယ် ဦးလေးရေ၊ မနက်ကတောင်"

သဇင်သည် နံနက်စာ စားရင်း ကျောက်မဲ ထမင်းဆိုင်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ဖောက်သည်ချကာ ရှန်းရှန်း ဝေအောင် ပြောပြလိုက်သည်။ ကားဆရာကတော့။

"အဲဒါ သတိပေးတာပဲ ကလေးမ"

"ဟုတ်တယ် သတိတော့ထားရမယ်။ တကယ်လို့ပါ သွားခဲ့ရင်လဲ တရားသဖြင့် ရှာဖွေထားတဲ့ ပစ္စည်းတွေမို့ အလဟဿတော့ အဆုံးရှုံး မခံနိုင်ဘူး၊ ကျွန်မက ရဲတိုင်ပြီး ဆိုင်ကို ပြဿနာရှာမှာပဲ"

ဘူတာကြီးရှေ့သို့ ရောက်ရှိလာသဖြင့် လေးဘီးကား ရပ်ပေးလိုက်သည်။ သဇင်က ကားဆရာအား တစ်ထောင်တန် တစ်ရွက် ထုတ်ပေးလိုက်သည်။

"ကျေးဇူးပဲ ဦးလေး သွားမယ်"

"သတိဝီရိယနဲ့ သွားနော်"

"ဟုတ်"

သာလိကာရှုံးအောင် စကားများသော သဇင်ကို ကား ဆရာက စိတ်မချနိုင်ဘဲ မျက်စိကစ်ဆုံး လှမ်းကြည့်ပြီး မြင်





ကွင်းက ပျောက်ကွယ်သွားမှ–

အခုခေတ် မိန်းကလေးများ ရဲတင်းပေ။

ဟု တစ်ကိုယ်တည်း ညည်းတွားပြီး ကားကို ဆက် မောင်းသွားလေသည်။ သဇင်ကတော့ နောက်ကြောင်းသို့ လုံးဝလှည့်မကြည့်ဘဲ ဘူတာရုံထဲသို့ ဝင်သွားသည်။

သဇင် ခဲလေသမျှ သဲရေကျသည့်နှယ် စိတ်ညစ်သွား သည်။ ရထားလက်မှတ်က ယနေ့ မနက်ဖြန် လက်ကျန် လက်မှတ်မရှိ ကုန်နေသည်။ သင်္ကြန်အပျော်သမားများ သက်ဦးမှ ရယူထားကြသည်။

တတ်နိုင်လျှင် မြေလျှိုးမိုးပျံကာ ရန်ကုန်ကို သွားလိုက် ချင်တော့တယ်။ သို့ပေမဲ့ မတတ်နိုင် သန်ဘက်ခါညနေ ငါးနာရီခွဲထွက်မည့် အက်စ်အီး ရထားလက်မှတ်ကိုပဲ ဝယ် လိုက်တော့သည်။

နှစ်ရက်တာ မန္တလေးမှာ အံချိန်ဖြုန်းရတော့မည်။ အသိမိတ်ဆွေတွေဆီ သွားတည်းလျှင် မေမေ့ထံ အကြောင်း ကြားမှာ ဆိုးရသည်။ သဇင် ဘယ်သွားရမှန်းမသိ ဖြစ်နေ သည်။

အို…တွေဝေနေလို့ ပြီးမှာမဟုတ် လုံ့ခြုံပြီး စိတ်ချရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်တစ်ခုမှာ သွားတည်းဖို့ ဆုံးဖြတ်ချက်ချပြီး ဘူတာ အပြင်သို့ ထွက်လာခဲ့သည်။ မြင်တွေ့လိုက်ရသော ပစိဖိတ် ဟိုတယ်ကြီးက ကြီးကျယ်ခံ့ညားလှသည်။ အင်း...ဒီဟိုတယ် မှာတည်းလျှင် ကောင်းတော့ကောင်းပါတယ်။ ဒါပေမဲ့ စရိတ်ကြီးမားမှာမို့ မတတ်နိုင်။

"ဒီကညီမ ကားငှားမလို့လား"

အရေးထဲ အငှားကားသမားက တစ်မျောင့် သို့ပေမဲ့ အခွင့်အခါကြုံတုန်း မေးပါများစကားရ ဆိုသည်နှယ် အသုံးချ လိုက်သည်။

"ဒီမှာ ဘူတာနှင့် အနီးဆုံး ဘယ်ဟိုတယ်ရှိလဲ"

"ဟိုမှာ ပစိဖိတ်ဟိုတယ်လေ"

"ဒါက ရှင်ပြောမှလား၊ ကျွန်မလဲ မြင်သားပဲ၊ တခြား ဟိုတယ်ကိုမေးတာ"

"ဒါဆိုဘူတာနှင့်ကပ်ရက် ပုပ္ပါးဟိုတယ်ရှိတယ်လေ"

"ဘယ်မှာလဲ"

"ဟိုမှာလေ"

"ဩော်"

ကားသမားညွှန်ရာ လှည့်ကြည့်လိုက်တော့ ဘူတာနှင့်





တစ်ဆက်တည်း မီးရထားဌာနပိုင် ပုပ္ပါးဟိုတယ်ကို တွေ့လိုက် ရသည်။ စရိတ်သက်သာပြီး လုံခြုံစိတ်ချရသည်မို့။

"ကျေးဇူးပဲနော်"

ကားသမားကို နှုတ်ဆက်ကာ ဟိုတယ်ရှိရာသို့ ခပ်သုတ် သုတ်လေး လျှောက်လှမ်းလိုက်သည်။

ဟိုတယ်ညှော်ကြီး ဖွင့်ပေးသော တံခါးပေါက်မှ ဝင်လိုက် ပြီး ကောင်တာရှေ့၌–

"တစ်ယောက်ခန်း လိုချင်တယ် ရှိရဲ့လား"

"ရှိပါတယ်"

နိုင်ငံသားကပ် ပေးလိုက်ပြီ။

"သုံးရက်စာ တစ်ခါတည်း ရှင်းလိုက်မယ်"

"တစ်ရက်ပြီး တစ်ရက် ရှင်းလဲရပါတယ်"

"ရှုပ်ပါတယ် တစ်ခါတည်းပဲ ရှင်းထားမယ်၊ ဖုန်းဆက် လို့ ရသလား"

"ရပါတယ် အိပ်ခန်းထဲမှာလဲ ရှိပါတယ်"

"ကျေးဇူးပဲ ခွင့်ပြုပါဦး"

အခန်းသော့ကိုယူကာ ကောင်တာမှ ထွက်ခွာခဲ့သည်။ ဟိုတယ်ဝန်ထမ်း၏ အကူအညီဖြင့် တည်းခိုရမည့် အခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့သည်။

"အစ်မ လိုအပ်တာရှိရင် ပြောပါ"

"အခုတော့ မလိုသေးပါဘူး၊ လိုအပ်ရင် ဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့"

ဟိုတယ်ဝန်ထမ်းက တံခါးကို ညင်သာစွာ ပြန်ပိတ်ပေးလိုက်သည်။ သဇင်က သော့ချလိုက်သည်။

စိတ်ပျက်လက်ပျက်ဖြင့် ရေခဲသေတ္တာတွင်းမှ ဆန်းကစ်အချိုရည်ဘူးကို ဖောက်ကာ သောက်လိုက်သည်။ ခုတင်ပေါ်ပက်လက်လှန်ပြီး လွတ်လပ်ခြင်း၏ အရသာကို ခံစားရသဖြင့် စိတ်အတွင်း၌ ပူပန်သောကတို့သည် လွင့်စဉ်သွားသည်။

တစ်နေ့လုံး ကားစီးနေရသည့် ညောင်းညာနေမှုကို လန်းဆန်းသွားအောင် ရေချိုးခန်းဝင်ခဲ့သည်။

ရေချိုးပြီး ကိုယ်သုတ်ပဝါကြီးကို ကိုယ်မှာပတ်ပြီး ထွက်ခဲ့သည်။

အလှပြင်စရာပစ္စည်းဟူ၍ ဘာမှမပါဘဲ မှန်ထဲ၌ပေါ်လာသော မျက်နှာပြင်သည် ပါးစုန့်နှစ်ဖက်၌ စတော်ဘယ်ရီရောင်ပြေးလျက်ရှိပြီး အသားမှာ ကြေးရောင်ထလျက်ရှိသည်။





သဇင်သည် လှိုင်းထနေသော ဆံပင်ကို တစ်ချက်နှစ်ချက်သပ်လိုက်ပြီး ကျောပိုးအိတ်ထဲမှ အဝတ်အစားတစ်စုံထုတ်ကာ ဝတ်ဆင်လိုက်သည်။ ပြီးနောက်–

အိပ်ရာပေါ် ပက်လက်လှန် နဖူးပေါ်လက်တင်ပြီး ဖခင်နောက်သို့ မတွန့်မဆုတ်လိုက်ရန် ဆုံးဖြတ်ချက်နှင့် အတူ ကြုံတွေ့လာမည့် ဒုက္ခဆင်းရဲကို နောက်မဆုတ်စတမ်း ရင်ဆိုင်သွားမည်ဟု တွေးတောရင်းမှ အာရုံထဲ လမ်း၌ ခရီးကြုံခဲ့သူကို မြင်ယောင်လာသည်။

သူ့အကူအညီကို ဆက်လက်မယူခဲ့တာများ မှားများမှားသွားလေပြီလားဟူသော အတွေးကို ခေါင်းခါယမ်းကာ ဖယ်ရှားပစ်လိုက်သည်။

ခရီးကြုံပဲလေ၊ လမ်းဆုံးတော့ ခွဲခွာရမည်မှာ မဆွတာပဲဟု ပျော့ညံ့မိသော စိတ်ကို ဖွတ်တင်းကာ ဆုံးမရင်း။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

တစ်ဦးတည်းသော သမီးအတွက် သောကကြွယ်နေမည့် မေမေ့ကို မြင်ယောင်နေမိပြီ မိခင်ရင်ခွင်မှာ ရှန်းထွက်လာမည့်သူ မိမိမှာလည်း ရင်မှာဟာပြီး ဆို့နစ်လွမ်းဆွတ်နေမိသည်။

ထို့အတွက် တော်တော်နှင့် အိပ်၍မပျော် ဖြစ်ခဲ့သည်။ သို့သော် မိခင်အပေါ် လွမ်းစိတ်အစား ဖခင်ကို တမ်းတစိတ်နှင့် ရွတ်မိုတ် ဖြေဖျောက်ကာ သန်းခေါင်ကျော်မှ အိပ်ပျော်ခဲ့သည်။

နေမြင့်မှ နိုးခဲ့သည်။ ရေချိုးသန့်စင်ပြီး ဟိုတယ်မှ ကျွေးသည့် နံနက်စာပင် မစားနိုင်ဘဲ ဈေးသို့သွားရန် ပြင်ဆင်လိုက်သည်။

ဘောင်းဘီ မိန်းမဝတ်စပို့ရှပ် လည်ပိုက်ချိုင်းပြတ်အင်္ကျီ





ပေါ်၌ အပေါ်ဖုံးကုတ်အင်္ကျီ မထူမပါးကို ဝတ်လိုက်သည်။

ကုတ်အင်္ကျီ၌ အတွင်းအိတ်များပါသဖြင့် ငွေကို ကိုယ်နှင့်မကွာ သယ်ဆောင်ထားရန် လွယ်ကူသည်။

ဈေးရောက်လျှင် အလျင်ဆုံး ဝယ်ရမည်မှာ စလင်းဘတ်အိတ်တစ်လုံး ဖြစ်သည်။ ပြီးတော့ မျက်နှာလိမ်းရန် အသုံးအဆောင် ဖြစ်သည်။ နောက် လုံချည်နှင့် ရယ်ဒီမိတ်အင်္ကျီများ ဝယ်ရမည်။

သဇင် ဝယ်ရမည့် ပစ္စည်းတို့ကို စဉ်းစားပြီး အခန်းမှ ထွက်လာခဲ့သည်။ ကောင်တာမှ သော့အပ်ပြီး ဟိုတယ်ရှေ့ရှိ အငှားဆလွန်းကားရှိရာ လျှောက်သွားပြီး။

"ဈေးချိုသွားမယ် ဘယ်လောက်လဲ"

"ထောင့်ငါးရာ"

"များလှချည်လား"

"မများပါဘူး၊ ဆီဈေးက ကြီးတယ်"

"ဆီဈေးကြီးတာ ရှင်တို့လက်သုံးစကားပဲ၊ တစ်ထောင်ဆားမယ်"

"ထောင့်နှစ်ရာတော့ ပေးပါ၊ ဈေးချိုက ဝေးတယ်"

"မပေးပါဘူး၊ ဘူတာ နောက်ကျောနားလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်က ထွက်လာသူမို့ ဒေသခံ မဟုတ်ဘူး၊ သူ့ငွေ ဆိုပြီး အရှဉ်ဖမ်းတာ၊ ဘယ်ရမလဲ သဇင်က မန္တလေးရောက် ဖူးနေကျဆိုတော့ ခပ်တည်တည်ပင် ဈေးရှိရာသို့ ပြောလိုက် ၏။ ကားသမားက သဘောပေါက်သွားသည်။

"ကဲ…တက်ပါ"

"တစ်ထောင်ပဲနော်"

"ဟုတ်ပါတယ်"

ကားသမား တံခါးဖွင့်ပေးသော ရှေ့ခန်းမှ မတက်ဘဲ နောက်ခန်းတံခါးကို ကိုယ့်ဘာသာကိုယ် ဖွင့်ပြီး ဝင်ထိုင် လိုက်တယ်။ အချို့ကားသမားတွေက မိန်းမလှလေးနဲ့ ရှေ့ခန်း မှာ အတူစီးပြီး စကားတပြောပြောနှင့် အရသာခံချင်ကြတယ် ဘယ်ရမလဲ သဇင်လည်း ခေသူမဟုတ်။

ဘူတာကြီး ခုံးပေါ်က ကျော်ဖြတ်ပြီး မကြာလိုက်ပါ ဈေးချိုရှေ့သို့ ရောက်ရှိလာသည်။

"ဘယ်နားမှာ ရပ်ရမလဲ"

"ဟို့ရှေ့က စတိုးဆိုင်ရှေ့မှာရပ်"

ဒရိုင်ဘာက ပြောသည့်အတိုင်းပင် ရပ်လိုက်သည်။ ကားခပေးလိုက်ပြီး ဘယ်ပစ္စည်း ဘယ်နားရောင်းသည်ကို





သဇင် မသိ။ သို့သော် ဟန်မပျက်ပင် ကားပေါ်မှဆင်းပြီး ဈေးအတွင်းသို့ ဝင်ခဲ့သည်။

အပေါ်ထပ်၌ အပ်ချုပ်ဆိုင်ခန်းမှာ တွေ့ရသဖြင့် လုံချည် အလျင်ဝယ်ကာ အပ်လိုက်မည်။ ပြီးမှ ဈေးပတ်ပြီး ရွေးယူရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ပါတိတ်တန်းသို့ အလျင်လျှောက်လိုက် သည်။

"ဟာ…အမိ"

ဘွားခနဲ ရင်ဆိုင်တွေ့လိုက်သူက ခံရိုးကြဲခဲ့သူ ဇော်ဆို သာသူ။ သဇင် ဖော်မပြနိုင်သော ဝမ်းသာမှုတစ်ရပ်နှင့်အတူ–

"ဟာ…အတော်ပဲ၊ ကျွန်မ ဈေးဝယ်ချင်တယ်၊ အဖော် အဖြစ် လိုက်ခဲ့ပေးစမ်းပါ"

တစ်ယောက်တည်းထက်စာလျှင် နှစ်ယောက်သည် ပို၍ ကောင်းသည်ဟု သဇင် ယူဆကာ ဟန်မဆောင်နိုင်ဘဲ ခေါ်လိုက်မိသည်။

"အမိ မသွားဖြစ်ဘူးလား"

"ဘယ်သွားရမှာလဲ"

ဘယ်မှဆက်မသွားသလို မန္တလေးကို လာသည့်ပုံစံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည် သဇင် ပြောလိုက်သည်။

"မသိပါဘူး၊ အဝေးပြေးကားဂိတ်ဆိုတော့ ခရီးဆက်သွားမယ် ထင်တာပေါ့"

အဝေးပြေးကားဂိတ်မှာ သဇင် လှုပ်ရှားနေမှုကို တစ်နေရာကနေ အကဲခတ်နေသည့် ဇော်သီဟက မသိသလို ပြောလိုက်ရင်း ပြုံးနေမိလိုက်သည်။

"ဘာပြုံးတာလဲ"

သူ့ကို အကဲခတ် နေဟန်တူနေသည့် မိန်းမချောက မေးလိုက်လေသည်။

"ဪ...ကားလက်မှတ်မရလို့ များလားလို့"

"ဟင်...သူသိတယ်ပေါ့"

"မြင်လိုက်လို့ပါ"

သဇင် ဖုံးကွယ်ကာ မငြင်းလိုတော့ပေ။ ထို့ကြောင့်-

"ဟုတ်တယ် ခရီးဆက်မလို့ဘဲ ပို့ဆောင်မယ့်ကားက လူပြည့်နေလို့"

"ဝမ်းသာစရာပေါ့"

"ဘာ...သူများ ဒုက္ခရောက်နေတာကို သူက ဝမ်းသာနိုင်သေးတယ်"





သဇင် ဘဝင်မကျသဖြင့် သူ့ကို မျက်စောင်းထိုးကာ ပြောလိုက်သည်။

"မဟုတ်ပါဘူး၊ အမိနဲ့ ပြန်ဆုံရလို့ပါ"

"ကဲ...ဒီလိုဆို ဈေးဝယ်မယ် အဖော်လိုက်ခဲ့"

"အမိ တစ်ယောက်တည်းလား"

"တစ်ယောက်တည်းမို့ ရှင့်ကို ခေါ်တာပေါ့၊ အဖော်ပါရင် မခေါ်သေးဘူး"

"ကောင်းပြီလေ၊ အမိကို ကျုပ်အဖော်အဖြစ် လိုက်ပေးမယ်၊ အမိက ကျုပ်ကို မနက်စာ ကျွေးပေါ့"

"ဖြစ်ပါတယ် ဒီလောက်ကတော့ အသေးအမွှားလေးပါ"

"ခု ဘာဝယ်မှာလဲ"

"လုံချည်"

"အမိက လုံချည် ဝတ်တတ်လို့လား"

"ဝတ်တတ်တာပေါ့၊ ကျွန်မက မြန်မာမိန်းကလေးပဲ၊ လုံချည် မဝတ်တတ်ရအောင် ရူးသွပ်နေတာမှ မဟုတ်ဘဲ"

"မသိပါဘူး အမိကို တွေ့လိုက်တိုင်း ဘောင်းဘီနဲ့ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သိတဲ့အတိုင်း ကျွန်မတို့မြို့က အေးတယ်၊ ပြီးတော့ ကျွန်မက ဆိုင်ကယ်တစ်စီးနဲ့ လွှားခနဲ လွှားခနဲ ဟိုသွား ဒီသွားဆိုတော့ လွတ်လွတ်လပ်လပ်"

"သိပါပြီ သိပါပြီ၊ ဆက်လက်ပြီး အမိရဲ့ မိန်းမပီသ ကြောင်းတွေ သိပ်ပြီး မပြောပါနဲ့တော့ လုံလောက်ပါပြီ"

"ဘယ် ရှိလူကြီးမှန်းလဲ မသိဘူး"

ဘာပဲဖြစ်ဖြစ် ဇော်ဆိုသူကို ပြန်တွေ့လိုက်ရခြင်းအတွက် သဇင် အားတက်သွားသည်။

ဇော်သီဟလည်း ရန်ကုန်ပြန်မည့်သူမို့ ကားနှင့်ရထား လက်မှတ်မရ၍ မန္တလေးမှာ သောင်တင်နေသည်။ ထိုနည်းတူ သဇင်ကလည်း မန္တလေးမှာရှိနေမည်ကို သူထင်နေမိသည်။ ထို့အပြင် သဇင်တို့ ဘာကြောင့်မှန်းမသိ တွေ့ချင်နေသည်။ သည်အတွက် ဘယ်မှာရှာရမှန်းမသိ ဖြစ်နေသည်။

သို့ပေမဲ့ မိန်းကလေးများ၏ သဘာဝသည် တနယ် ရောက်လျှင် ဒေသထွက် ဂစ္စည်းဆန်းကလေးများ ကြည့်လို သည်။ လိုအပ်လျှင်ဝယ်ရန် ဈေးသို့ သွားတတ်ကြသည်ကို တွေးမိလိုက်သည်။ ထို့အကြောင့် ဈေးချိုသို့ ထွက်လာခဲ့ ခြင်းဖြစ်သည်။





ခုတော့ သူ တွေးထင်သလို မှန်သွားလေသည်။ မျှော်လင့် သူကို တွေ့လိုက်ရ၍ ဝမ်းသာသွားသည်။

"အမိ ဘာလုံချည် ဝယ်မှာလဲ"

"မေမေတို့ကတော့ ကိုမိုနီ ဝတ်တာပဲ"

"ကိုမိုနီက လားရှိုးလို ရာသီဥတုအတွက် ကောင်း ဘယ်၊ အမိက ရန်ကုန်မှာ ဝတ်မယ်ဆိုရင် ပါတိတ်သဲဝယ်၊ ပါတိတ်က အေးတယ်၊ အကြမ်းလဲ ခံတယ်"

"အလှဲ့ ရှင်က ရှင့်မိန်းမကို ဝယ်ပေးနေကျ ထင်တယ်"

"ဒါပေါ့"

ဇော်သီဟက ချောလဲရောထိုင်လိုက်သည်။

"ရှင့် မိန်းမက လှသလား ဟင်"

"အင်း..."

ဇော်သီဟက သဇင်အား အမှတ်မထင် ကြည့်လိုက် သည်။

"ဖြေလေဗျာ၊ လှသလား၊ ကျွန်မလို လှရဲ့လား"

ထပ်ဆင့်လာသော မေးခွန်းကြောင့် ဇော်သီဟ တွေဝေ သွားရသည်။ တစ်ဆက်တည်း ရင်ထဲ၌ အမည်မသိသော ဝေဒနာတစ်ရပ် ဖြစ်ထွန်းလာသည်။ သူ့ တစ်သက်နှင့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဤကဲ့သို့သော ဝေဒနာမျိုး မခံစားဖူးဘူးချေ။ သို့ပေမဲ့-

"လှတာပေါ့ကွာ အမိထက် ဆယ်ဆလှတယ်ကွ"

"ဟုတ်လား၊ ကျွန်မ မြင်ဖူးချင်လိုက်တာ၊ ဒီလိုဆိုရင် ရှင်ဟာ သိပ်ကံကောင်းတာပေါ့"

"ဘာဖြစ်လို့လဲ"

သိဘူးလေ မိန်းမလှလှရတဲ့သူကို ဖိုးကံကောင်းလို့ ပြောပြတာ ကြားဖူးလို့"

ဇော်သီဟက ပြုံးလိုက်သည်။

သဇင်က ဇော်သီဟ ပြုံးလိုက်သည်ကို အမှတ်မထင် မြင်လိုက်ပြီး အင်း...သူ့ရဲ့ ရုပ်ပါက မဆိုးပါဘူး၊ ပြုံးလိုက်တော့ လည်း ညီညာလှပတဲ့ သွားစွယ်တန်းနဲ့ ခန့်ညားပြီး ချောမော သွားသလိုပါပဲဟု မှတ်ချက်ချလိုက်မိလေသည်။

* * *





## အခန်း (၆)

လုံချည် နှစ်ထည်၊ ရယ်ဒီမိတ်အကျႌ နှစ်ထည်၊ စလင်း ဘက်အိတ်နှင့် အလှကုန်ပစ္စည်း ဝယ်ယူရုံမျှနှင့် ငွေငါးသောင်း နီးပါးကုန်သွားသည်။ လက်ထဲတွင် သုံးသောင်းသုံးထောင်သာ ကျန်တော့သည်မို့၊ ဆက်ဝယ်သင့် မဝယ်သင့် တွေဝေပြီး တွက်နေမိသည်။

"ဘာတွေးနေတာလဲ"

သူကြောင့် ရုတ်တရက် သဇင်လန့်သွားသည်။ တွေးနေ သည့် အကြောင်းကို သူမသိစေလို သိကွာတော့ အကျမခံနိုင်၊ ရထားခ၊ ဟိုတယ်ခ ပေးပြီးသားမို့ ရှိသည့်ငွေနှင့် လောက် အောင်သုံးမည်၊ ငွေမရှိလျှင် ရန်ကုန်ရောက်သည်အထိ ထမင်း အငတ်ခံမည်ဟု မာနထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...အဝတ်အစားထည့်ဖို့ ခရီးဆောင်အိတ်တစ်လုံး ဝယ်မလို့ပါ"

သားရေသေတ္တာ ဝယ်လိုသော်လည်း လက်ကျန်ငွေ အခြေအနေကြောင့် ပြောင်းလဲလိုက်သည်။ သူ မရိပ်မိလို့တော်သေးသည်။

"ဝယ်မယ်ဆိုလဲ မြန်မြန်ဝယ်၊ ကျုပ် ဗိုက်ဆာနေပြီ"

ဖော်ဆိုသူက ရှေ့က လှမ်းထွက်သွားရာ သဇင်ကလည်း အမီလိုက်ရလေသည်။

"ဖြည်းဖြည်းသွားစမ်းပါ ရှင်"

သဇင်၏ အထုပ်အပိုးများကို ကူဆွဲပြီး ဖော်သီဟက ရှေ့မှ ခြေလှမ်းကျဲဖြင့် သွားသည်။ သဇင်ကို စိတ်ရှည်လက်ရှည် စောင့်မနေပေ။ သဇင်ကသာ အမိလိုက်ရသည်။

"ဘယ်လိုလူကြီးမှန်း မသိဘူး၊ သူ့မိန်းမသာဆိုရင် ဒီလို ချန်ထားခဲ့မှာ မဟုတ်ဘူး"

"အမိ ပွစိပွစိ လုပ်မနေနဲ့၊ ကျုပ် ဗိုက်ဆာလှပြီ"

"ထားခဲ့"

"ဘာကိုထားခဲ့ရမှာလဲ"

"ကျွန်မကိုပေါ့၊ ကျွန်မဘာသာ ကျွန်မပဲ ဝယ်တော့





မယ်"

ဒီလိုဆိုတော့လည်း ဖော်သီဟ မနေနိုင်။

"ကျေးဇူးရှင် မှားပါတယ်၊ ပြောမိသော စကားအတွက်လဲ ရုပ်သိမ်းပါတယ်"

"ဒီလို လိမ္မာမှပေါ့၊ ရှင့် မိန်းမအတွက်ကော ဘာမှမဝယ်တော့ဘူးလား"

"မဝယ်ဘူး"

"ရှင်ဟာ ကံကောင်းသလောက် ရှင့်မိန်းမကတော့ ကံဆိုးပုံရတယ်"

"ဘာဖြစ်လို့လဲ"

"မိန်းမလှလေးက ရှင်လိုလူကြီးကို ယူထားရသေးတယ်၊ ရှင်က အကြင်နာ မေတ္တာလေးနဲ့ မိန်းမလှလေးအတွက် ပစ္စည်းလေး ဘာလေးတောင် ဝယ်ဖော်မရတော့ မိန်းမလှလေးမှ ကံမဆိုးရင်၊ ဘယ်သူဆိုးရဦးမှာလဲ"

ဖော်သီဟက ရှယ်ချင်စိတ်၊ မျိုသိပ်ကာ နှုတ်ခမ်းကို ချပြီး ပြုံးလိုက်သည်။

"ဘာပြုံးတာလဲ"

"အမိ အပြောကို သဘောကျလို့"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားအမျှင် မပြတ်သကဲ့သို့ ပစ္စည်းဝယ်တော့လည်း ဇော်သီဟသည် သွက်လက်ဖြတ်လတ်ကာ ပစ္စည်းများကို စစ်ဆေးသည့်အခါ ဇွဲစပ်သေချာသည်။

"ရှင် ဘယ်မှာတည်းသလဲ"

"မြို့လယ်က တည်းခိုခန်းမှာ တည်းတယ်"

"ကျွန်မက ပုပ္ပါးဟိုတယ်မှာ"

"အသိမိတ်ဆွေ မရှိလို့လား"

"ရှိတယ် အားနာလို့"

ဇော်သီဟ ကြိုတင်တွက်ဆပြီးသား ဖြစ်သည်။ တစ်ယောက်တည်း တွေးနေမှတော့။

သဇင်ကလည်း အခက်အခဲကြား၌ အဖော်လိုနေသည်။ ဤခရီးစတင်ကတည်းက ရင်းနှီးသူမှာ ဇော်ဆိုသော ဤလူကြီး အပေါ်၌ သဇင် အလိုအလျောက် ခင်တွယ်မိသည်။

"နေစမ်းပါဦး၊ ရှင့်မိန်းမကို ဘယ်မြို့မှာ ချောင်ထိုးထားသလဲ၊ လုံကုန်မှာလား"

"မဟုတ်ဘူး တောမှာ"

"ဩော်...မယ်တစ်ရွာ မောင်တစ်မြို့ပါလား"

"အင်း...အခြေအနေ မပေးသေးလို့ပါ"





ဇော်သီဟက အခြေအနေအရ ချော့်လဲရောထိုင်ပြီး အလိုက်သင့် ပြောပေးနေသည်။ ရင်ထဲမှာတော့ ပြုံးနေမိသည်။

"သားသမီးကော မရှိဘူးလား"

"ရှိတာပေါ့"

"ဘယ်နှစ်ယောက်လဲ"

"ခြောက်ယောက်"

သဇင် ပခုံးတွန့်လိုက်သည်။

"များလှချည်လား"

"မျိုးကောင်းတာကိုး"

"ဘာမျိုးလဲ"

"ဘတ်ရှား"

"ဘတ်ရှားဆိုတာ ဘာလဲ"

"ကဲ...အမိ ဘာဝယ်စရာရှိသေးလဲ"

ဇော်သီဟ ဆက်ရှင်းပြလျှင် လူစင်စစ်က ဝက်ဖြစ်နေသည်မို့ စကားဖွဲ့ပြောင်းလိုက်သည်။

"ဟာ...အခုမှ သတိရတယ်၊ အတွင်းပစ္စည်းတွေ"

"ဟော"

ဇော်သီဟ အူကြောင်ကြောင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အိမ်ထောင်တောင် မကျသေးဘူး၊ အတွင်းပစ္စည်းတွေ ဘယ်မှာ သွားထားမှာလဲ"

"ဟော...ရှင်...ရှင်က ဘာသဘောပေါက်ပြီး ဘာတွေပြောနေတာလဲ၊ ကျွန်မပြောတဲ့ အတွင်းပစ္စည်းက ဟိုဟာရှင် ဘရာစီယာတို့ ဘာတို့"

"ဪ..."

ဇော်သီဟ မျက်နှာကြီးရဲကာ ပါးစပ်ပိတ်သွားပြီး ရှေ့မှခြေလှမ်းကျဲဖြင့် ထွက်သွားသဖြင့် သဇင် သူ၏ ခြေလှမ်းကိုအမီလိုက်ရပြန်သည်။

"ဘယ်လိုလူကြီးလဲ မသိဘူး၊ သူကပဲ ရှက်ရတယ် ရှိသေးတယ်"

ဟုပြောလိုက်မိသေးသည်။ ဇော်သီဟက မကြားဟန်ပြုကာ မိန်းမဝတ် ဘရာစီယာများ ဘော်လီများရောင်းသော ဆိုင်ရှေ့အနီးရပ်ကာ မေးငေါ့ပြပြီး။

"မြန်မြန်ဝယ်"

ဟုပြောလိုက်သည်။

သဇင် သဘောကျစွာ ရယ်လိုက်ပြီး...

"ရှင့် မိန်းမအတွက် ဝယ်ဦးလေ"





ဟု တမင်တိုက်တွန်းလိုက်သည်။ ဇော်သီဟက အားကျမခံ–

"ပြန်ခါနီးကျမှ ဝယ်မှာ၊ သိမ်းထားရတာ ရှုပ်သေးလို့ ဟ့"

ဟုပြန်ပြောလိုက်တော့မှ သဇင် ပါးစပ်ပိတ်သွားလေတော့သည်။

"ဘယ်လို ကောင်မလေးလဲ မသိပါဘူး၊ အရှိုးကို မပြောဘူး"

ဟုလည်း စိတ်အတွင်း၌ ပြောလိုက်ရင်း စိတ်ရှည်လက်ရှည် စောင့်နေလိုက်သည်။

"ပြီးပြီခဏ"

တော်တော် အလိုက်ကမ်းဆိုးမသိသော မိန်းကလေးပါလားဟု စိတ်အတွင်း၌ ဒေါပွနေလိုက်သည်။

သဇင်က ဘော့်လီဝယ်သော ဆိုင်ရှေ့ ခွေးခြေကလေးပေါ်တွင် လက်ဆွဲအိတ်ကိုတင်၍ ဖွင့်ပေးပြီး ဝယ်ထားသမျှပစ္စည်းများကို ထည့်စေသည်။ ပြီးမှ အိတ်ကိုပိတ်ကာ–

"ကိုင်း...ဘာထည့်စရာ ကျန်သေးသလဲ"

"အဟဲ...မကျန်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လဲ သွားမယ်"

သဇင်က ကျွဲမြီးတိုနေပုံရသော ဇော်သီဟကိုကြည့်ပြီး အလျှော့ပေးလိုက်သည်။

"ရှေ့လူကြီးတွေက ပြောကြတယ်၊ လူတွေဟာ ဆာနေတဲ့အချိန်၊ အလုပ်ပင်ပန်းနေတုန်းအခါ အိပ်ချင်နေတဲ့အချိန်တွေမှာ စိတ်တိုတတ်ကြတယ်တဲ့၊ ခုမှပဲ ယုံတော့တယ်"

သူ သဇင်ကို ငဲ့ကြည့်လိုက်ပြီး–

"ဒါလဲ သိသားနဲ့၊ ကဲ…လာ လာ မချောလေး အမိကို လိုက်ပို့ရင်းနဲ့ မြတ်ထမင်းဆိုင်မှာ မနက်စာ စားမယ်"

"အိုကေ…"

သည်လို ပြောပုံဆိုပုံ နေပုံလေးက ချစ်စရာကောင်းနေသည်ဟု ဇော်သီဟ ထင်မြင်မိသည်။

သို့သော် ချက်ချင်းပင် ထိုစိတ်ကို ဖျောက်ဖျက်ပစ်လိုက်သည်။ မိဝေး ဖဝေးနှင့် တစ်နယ်တစ်ကျေးမှာ တစ်ကောင်ကြွက်လို ဖြစ်နေပြီး အားနွဲ့သူအပေါ် အားပေးကာနေလိုက်မည်ဟု ဆုံးဖြတ်လိုက်ကာ အငှားကားတစ်စီးကို လှမ်းတားလိုက်သည်။

"မြတ် ထမင်းဆိုင်သွားမယ်"





"တစ်ထောင်ပဲ ပေးပါ"

"ကဲ…အမိတက်"

သဇင်က နောက်ခန်း၌ထိုင်ပြီး သူက ရှေ့ခန်း၌ ထိုင်လိုက်သည်။

"အမိ ဘယ်သွားစရာ ရှိသေးလဲ"

"စဉ်းစားနေတာ"

"ဘုရားကြီးကို သွားချင်သလား"

"လိုက်ပို့မှာလား"

"အေး… ပို့ပေးမယ်"

"အခုလား"

"မဟုတ်ဘူး ညနေကျမှ ပို့ပေးမယ်၊ ခု အမိ စားသောက်ပြီးရင် ဟိုတယ်ပြန်နား၊ ညနေ ရေမိုးချိုးပြီး စောင့်နေ၊ ဘုရားသွားမှာမို့ လုံချည်ဝတ်နော်"

"အဲဒါမှ ခွပဲ၊ ကျွန်မ လုံချည်တွေ ချုပ်ခဲ့ဖို့ မေ့သွားပြီ"

"ရပါတယ်၊ ကျုပ် သူငယ်ချင်းအိမ် ဝင်လိုက်မယ်၊ သူ့မိန်းမက စက်ချုပ်တယ်၊ အမိ လုံချည်တွေ ဝင်ချုပ်နိုင်းလိုက်တာပေါ့"

"တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် သဇင် ကျေနပ်သွားသည်။ ဤလူသည် လည်လည်ဝယ်ဝယ် နံ့နံ့စပ်စပ်ရှိသည်။ ပြဿနာတစ်ခုကို ချက်ချင်း ဖြေရှင်းပေးနိုင်စွမ်း ရှိသည်။

မြတ်ထမင်းဆိုင်အရောက် ထမင်းစားရင်–

"သဇင်"

"အာ...ရှင် လန့်လိုက်တာ"

"ဟောဗျာ...အမိကို ခေါ်တာ လန့်စရာလား"

"လန့်စရာပေါ့၊ ကျွန်မကို လားရှိုးက ထွက်လာကတည်းက ကျွန်မနာမည် ခေါ်မယ့်သူမရှိလို့ ကိုယ့်နာမည်တောင် ကိုယ်မေ့သလိုဖြစ်နေတာ ရှင်က ခေါ်လိုက်တော့ ရုတ်တရက် လန့်သွားတာပေါ့"

ဇော်သီဟ ပြုံးလိုက်မိသည်။ သဇင်နှင့် ယခုလိုသွားလာနေရလျှင် သူလုပ်စရာ ရှိသည်တို့ကိုပင် မေ့နေလေသည်။

"ပြောလေ ခေါ်ပြီး ဘာမှလဲ မပြောဘူး"

"ဩော်...ရထားလက်မှတ် ရပြီလား"

"ရပြီ"

"ဘယ်ရထားလဲ"

"မနက်ဖြန် ငါးနာရီခွဲ"





ဇော်သီဟ ရင်ထဲ မှတ်ထားလိုက်သည်။

"ရှင်ကော"

"အလုပ်ပေါ် မူတည်တယ်"

မခံချင်စရာ သူကျတော့ မပြောဘူး၊ ဘာအလုပ်ကြီး အကိုင်ကြီး လုပ်နေလို့လဲ မသိဘူး၊ မုန်းစရာကောင်းလိုက်တာ"

"ဘာလဲ ရှင်တို့ဆီ လိုက်လည်မှာ စိုးလို့လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ကျုပ် မိန်းမ အထင်လွဲသွားမှာပေါ့"

"အမယ် ကောက်ညှင်းက မစေးဘဲ၊ ဆန်ကြမ်းက စေးရတယ် ရှိသေးတယ်၊ ကျွန်မ စိုးရိမ်ဖို့များ ထားပါဦး"

"ဒါက အမိ အပိုင်းလေ၊ ကျုပ်နဲ့မှ မဆိုင်ဘဲ"

သဇင် သူ့ကို အမြင်ကတ်မှာ ကြည့်လိုက်သည်။ သူ့ အပြောအဆို မတတ်ပုံကြောင့် ခင့်မှင်လက်စလေးကို ပြန်ရုပ်သိမ်းပစ်လိုက်သည်။

"ကိုင်း...မြန်မြန်စား၊ အချိန်တွေ လင့်ကုန်ပြီ"

မိန်းမသား တစ်ဦးပါလားဟု ညာညာတာတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည် လက်ရှည် စကားမျိုးလည်း ပြောတတ်ပုံမရသော သူ့ကို သဇင် မျက်လုံးလှန်ကြည့်ကာ စားသောက်ခြင်းကို လက်စသတ်လိုက်သည်။

"ရှင်းမယ်"

"ကျွန်မပေး"

"အသာနေစမ်းပါ၊ ကျုပ်ပဲ ရှင်းမယ်"

အပြောအဆိုက ဘယ်သောအခါမှ ညင်ညင်သာသာ မရှိ။

"လာ...သွားမယ်"

"မာရေကျောရေ ရှိလိုက်တာ၊ လူကို သူ့မိန်းမ ကျနေ တာပဲ"

"ဆောရီး ကျုပ်အာရုံတွေက အလုပ်အပေါ် ဖောကပ် နေလို့ပါ"

"ခုနေ သေသွားရင် ရှင်ကျွတ်မှာ မဟုတ်ဘူး"

"သေချာတယ်"

သဇင် ပြန်မည့်အချိန် သိကတည်းက ဇော်သီဟ အကြံတစ်ခု ရှိလိုက်သည်။ ထိုအကြံ ထမြောက်ရန် အချိန်က တန်ဖိုးရှိနေပေသည်။ ဒီကြားထဲ အမှတ်မထင် ငြိတွယ်မိသော





သံယောဇဉ်မလေးအတွက် နောက်ဆံမတင်းရအောင် သူ ဘည်းခိုရာ ပုပ္ပါးဟိုတယ်သို့ ပြန်ပို့ထားပေးပြီးမှ စိတ်အေး ရမည်ဖြစ်သည်။ သို့သော် မရောက်ခင်စပ်အတွက် သူငယ်ချင်းအိမ် ဝင်ရဦးမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟာ...ကိုဇော် တယ်ဟုတ်ပါလား"

"ဟာ...မင်းမိန်းမ ခိုးလာတာပေါ့"

အိမ်ရှင်လင်မယား နှစ်ယောက်စလုံးက သံပြိုင်ထွက်လေသည်။

ဇော်သီဟ ခြေလှမ်းတန့်သွားသည်။ တစ်ဆက်တည်း မျက်နှာကြီး နီရဲကာ–

"ဟာ...မင်းတို့ စွတ်မပြောနဲ့ကွ"

"လက်ဆုပ်လက်ကိုင် မိတာတောင် မုန်းလာဉလုပ်ချင်သေးလား"

"မဟုတ်ရပါဘူးကွာ၊ ဒါ ငါ့မိတ်ဆွေပါကွ"

သဇင်က မျက်နှာထားရခက်စွာဖြင့် မိမိအားရယ်ပြ





နေသော အိမ်ရှင်မကို မချိသွားဖြဲ ပြလိုက်သည်။

ဇော်သီဟက ရယ်ချင်သွားသည်။ သဇင်ကို သနားလည်း သနားသွားသည်။ အမှန်တော့ ဤမိန်းကလေးသည် အပြစ်ကင်းစင်သည်။ ကလေးဆန်စွာဖြင့် လူ့လောကကြီးမှ လူရှုပ်လူပေ လူယုတ်မာတို့၏ အန္တရာယ်ကို မသိမြင်ဘဲ ယုံကြည်ရဲတင်းစွာ သွားလာနေရသည်။ မိမိသာ လူဟုတ်မာဆိုပါက သဇင်ဘဝက မတွေးဝံ့စရာ။ သို့သော် သူက လူယုတ်မာ မဟုတ်ချေ။

"ဆောရီးကွာ ထိုင်ကြပါဦး"

"မယု ဒီက မချောလုံချည် ချုပ်ချင်လို့ ရတယ်မဟုတ်လား"

"ရပါတယ်"

"ကဲ...မချော ထုတ်ပေးလိုက်"

"လာရင်းကိစ္စကို အမိကထားလိုက်သော်လည်း သူတို့နှင့် မချောကို မိတ်ဆက်ပေးရန် ဇော်သီဟ စဉ်းစား၍မရအောင် ဖြစ်နေသည်။

မယုနှင့် မောင်နိုင်တို့ နှစ်ဦးစလုံး၏ မျက်လုံးများက ယုံကြည်ဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com



သဇင်ကတော့ လက်ဆွဲအိတ်ကိုဖွင့်ကာ ဓားကြီးပါတိတ် လေးထောင့်ကွင်း နှစ်ထည်စလုံး ထုတ်ပေးလိုက်သည်။

"လေးထောင်ကွင်း ဝတ်မှာလား"

"အဲဒါတွေ ကျွန်မ မသိဘူး၊ ကျွန်မနဲ့ သင့်တော်သလို မမ ချုပ်ပေးပါ"

"ခါတိုင်း ဘယ်လောက်ဝတ်သလဲ"

"မသိဘူး ထဘီက ဝတ်ခဲတယ်၊ မေမေ ချုပ်ပေးထား တာတော့ ရှိတယ်၊ ဘယ်လောက်မှန်းလဲ မသိဘူး"

မယုနှင့်သဇင် စက်အနီးခြံရပ်ကာ စကားပြောနေသည်။

သဇင်၏ အရည်အချင်းကတော့ ဤအချက်က ချစ်စဖွယ် ကောင်းသည်။ ယခုမှ တွေ့သူပင် ဖြစ်လင့်ကစား ကြောင်မနေ ချက်ချင်းပင် တရင်းတနှီးရှိသည်။

မောင်နိုင်က ဇော်သီဟကိုကြည့်ပြီး ခပ်တိုးတိုးဖြင့်–

"မင်း မလှိုထားနဲ့နော်၊ အပေါင်းအသင်း အချင်းချင်း နိုင်လျှိုးလို့ကတော့ မင်း နာမယ်သာ မှတ်ထား"

"ငါ မညာပါဘူးကွာ၊ လားရှိုးက မိတ်ဆွေတစ်ယောက် ရဲ့ သမီးပါကွာ၊ ရန်ကုန် လိုက်လည်တာ၊ အခု ဘုရားကြီး သွားဖို့ ထဘီတစ်ထည်မှ ပါမလာတော့"





"ဘာဆိုင်လို့လဲကွ၊ ဘောင်းဘီနဲ့ ဘုရားမဖူးရဘူးလို့ သတ်မှတ်ထားလို့လား"

"ဟ...မြန်မာလူမျိုးလေ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့် ဘာသာအပေါ် ကိုယ့်ယဉ်ကျေးမှုနဲ့ ဂါဝရမပြုရင် ဘယ်သူက ပြုမှာလဲ၊ တခြားနေရာဒေသမှာ ဝတ်ရဲရင်ဝတ်ကြ၊ ဘောင်းဘီ အရှည်မကဘူး အတိုဘဲ ဝတ်ဝတ်၊ ငါတို့လူမျိုး အတွက် ခွတ်ထားတဲ့ ဘုရားရင်ပြင်တော် ပေါ်မှာတော့ ကိုယ့်လူမျိုး တွေက ကိုယ့်ယဉ်ကျေးမှုနဲ့ ဟိရိဩတတ္တပတရားနဲ့ လျော်ညီ တဲ့ ဝတ်စားဆင်ယင်မှုမျိုးနဲ့ သွားသင့်တယ်လို့ ငါထင်တယ်"

ဇော်သီဟအသံ သဇင် ကြားနေရသည်။ ဒီလိုဆိုပြန် တော့လည်း ဤလူကြီးပြောတာ ဟုတ်သားပဲဟု သဇင် အမှတ် ဆေးလိုက်မိသည်။

"ဘယ်မှာ တည်းကြတာလဲ"

"သူက ပုပ္ပါးဟိုတယ်မှာ ငါကတော့ ထုံးစံအတိုင်း ဘုပြည့်တည်းခိုခန်းပဲ"

မောင်နိုင် မျက်နှာက စပ်ဖြဲဖြဲနှင့်။

"အတူတူ မတည်းဘူးလားကွ"

"မင်းနော် စကားကို သင်ဆင်ခြင်ခြင်ပြော၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလဲ မင်းသိတယ် မဟုတ်လား”

“အေးပါကွာ၊ ဒါပေမဲ့ လူစိတ်ဆိုတာ အမြဲတမ်း တစ်သမတ်တည်း ရှိနေနိုင်ပါ့မလားကွ”

“တော်စမ်းပါကွာ”

သဇင်သည် ဇော်သီဟနှင့် မောင်နိုင်တို့ စကားတစ်ချက် မကြားတစ်ချက် ဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် ဧည့်ခန်း၏ ထောင့်တစ်ထောင့်ရှိ အပ်ချုပ်စက်၌ စက်ချုပ်နေသော မယု၏အနီး ခွေးခြေပေါ်၌ထိုင်ကာ စကားလက်ဆုံကျနေသောကြောင့်ဖြစ်သည်။

“ညီမလေးက ရန်ကုန်ကို အလည်သက်သက် သွားမှာလား”

“ဟုတ် တစ်ခါမှ မရောက်ဖူးဘူးလေ၊ အဖော်ကောင်းတုန်း လိုက်လာတာ၊ ကိုဇော်က သဘောကောင်းတယ် မဟုတ်လား”

“သူက လူဖြောင့်စိတ်တိုလေ”

“ဟုတ်မတ် ဟုတ်မယ်”

သဇင် မျက်စိက မလှမ်းမကမ်းရှိ ရှိုးကေ့စ်ဆီသို့ ရောက်သွားသည်။ ထိုထဲ၌ ဓာတ်ပုံလေးများ ထောင်ထားသည်





ဘွဲ့ဝတ်စုံနှင့် လူနှစ်ဦး တွဲရိုက်ထားသောပုံကို တွေ့လိုက်ရ၍ ဖြစ်သည်။ ထိုနှစ်ဦးမှာ ယခုအိမ်ရှင် မောင်နိုင်နှင့် ဇော်သီဟတို့ ဖြစ်သည်။

“ဟင်...ကိုဇော်က ဘွဲ့ရပြီးသားပဲ”

“ဟုတ်တယ်လေ ဘီအက်စ်စီဘွဲ့ကို မမအမျိုးသားနဲ့ အတူတူ ယူတာလေ၊ သူတို့က ငယ်သူငယ်ချင်းတွေ၊ မမ ကတော့ ဝိဇ္ဇာဘွဲ့ပဲ ယူတယ်၊ အိမ်ထောင်ပြုတော့ ကိုမောင်နိုင် ဟ ကိုမောင်နိုင်ဆိုတာ မမ အမျိုးသားနော်”

“ကျွန်မ သိပါတယ်”

“အဲ...ကိုမောင်နိုင်ကသာ မမနှင့် အိမ်ထောင်ကျပြီး ကိုဇော်ကတော့ ခုထက်ထိ ဂေါ်မစွံလူပျိုကြီး ဖြစ်နေတုန်းပဲ၊ မမတို့က မနေသာလို့ အောင်သွယ်လုပ်ပေးလဲ မရဘူး၊ အရိုးများသလား၊ ချေးခါးလေးနဲ့”

သဇင် အံ့ဩသွားရသည်။ မိမိများ နားကြားလွဲသွားသလားထင်၍—

“ဟုတ်လား ကိုဇော်က ခုထက်ထိ မိန်းမ မရှိသေးဘူးလား”

“ညီမက မေးမကြည့်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"သိပါဘူး၊ ကျွန်မက ဒီအရွယ်ဆိုရင် အိမ်ထောင်ရှိတယ်မှတ်လို့"

နေနှင့်ဦးပေါ့ ကိုဇော်။ ခင်ဗျားကြီးကို ကောင်းကောင်း ပညာပေးရဦးမယ်ဟုလည်း စိတ်တွင်း၌ ကြုံးဝါးလိုက်သည်။ ဒီလူ ဘာကြောင့် မိမိအား လိမ်ညာထားရသနည်း။

"သူက နွားကြီးလေ၊ အသက်က ခုမှ ဘာရှိဦးမှာလဲ၊ နှစ်ဆယ့်ငါး ပြည့်ပြီးခါပဲ ရှိဦးမှာပေါ့။ ဒါထက် စကားမစပ်ရှိင်းတယ်တော့ မထင်နဲ့နော်၊ ကိုဇော်နဲ့ ပတ်သက်သူဆိုတော့ မမတို့ကလည်း ခင်ပြီးသားမို့ မေးရဦးမယ်၊ ညီမနဲ့ ကိုဇော်က ဘယ်လိုရင်းနှီးတာလဲ"

"ကျွန်မနဲ့ ခင်ရုံသက်သက်ပါ"

"ခင်တာ ကြာပြီလား"

"ဟုတ်"

မုသားမပါ လက်ာမချော ဖြစ်မည်စိုးသဖြင့် သဇင်ချောလဲရောထိုင် ဖြစ်လိုက်သည်။

"ယုရေ ကြာဦးမှာလား၊ ကြာမယ်ဆိုရင် လက်ဖက်ည်ဆိုင်"

"မကြာတော့ပါဘူး၊ တစ်ကွင်းတောင် ပြီးသွားပြီ ကိုနိုင်၊ အိမ်မှာ ကော်ဖီမစ် ဖျော်လိုက်ပါလား"

"အေးပါကွာ၊ မင်းတို့ ကြာဦးမလားလို့ပါ"

"မဖျော်နဲ့တော့ ငါတို့အခုပဲ ထမင်းစားပြီးပြီးချင်း ဆက်လာတာ"

ကိုဇော်က လှမ်းကန့်ကွက်လိုက်သံကို ကြားလိုက်ရသည်။

ကိုဇော်ကို လှမ်းကြည့်လိုက်တော့ အမှတ်မထင် မျက်လုံးချင်း ဆုံမိကြသည်။ သူ့အကြည့်က စူးစမ်းသောအကြည့်ဖြစ်ရာ သဇင်က မျက်နှာလွှဲ၍ ဘာသိဘာသာ နေလိုက်သည်။

သူလိမ်ညာထားသော အကြောင်းများကို သဇင် ဘာမှ မသိသေးသကဲ့သို့ နေလိုက်ပြီး သူဖွင့်ပြောလာမည့် အချိန်ကို စောင့်ဆိုင်းနေရန်ဖြစ်သည်။ အခွင့်သာလျှင်တော့ လူလိမ်လူညာကြီးကို သာသာနှင့်နာနာ နှက်လိုက်မည်။

"ကိုင်း...နှစ်ကွင်းလုံးပြီးပြီ"

"မမ ချုပ်တာ မြန်လိုက်တာနော်"

"ညီမရှကော မချုပ်တတ်ဘူးလား"

"မတတ်ပါဘူး မမရာ၊ ငြိမ်နေရမယ့် အလုပ်ဆိုရင် စာဖတ်တာနှင့် ဗီဒီယိုကြည့်တာလောက်ပဲ ကျွန်မက လုပ်ချင်







www.burmeseclassic.com

www.burmeseclassic.com



တာ"

"ကျောင်းက ပြီးပြီလား"

"နောက်ဆုံးနှစ် ဖြေထားတယ်လေ"

"ဘာမေဂျာလဲ"

"သချ်ာ"

"အင်း...ပညာစုံပြီဆိုတော့"

သဇင် ပခုံးတွန့်လိုက်သည်။

မယုက သဇင်အား အကဲခတ်လိုက်သည်။ မူးနေအောင် လှသော သဇင်၏ မျက်နှာလေးသည် အပြစ်ကင်းစင်နေသည်။ လောဘ၊ ဒေါသ၊ မောဟ ကင်းရှင်းပြီး လောကဓံ၏ ဒုက္ခ တရားတို့၏ ရိုက်ပုတ်ခြင်းကို မခံရသေးသဖြင့် ရင့်ကျက်ခြင်း မရှိဘဲ နုနယ်ကာ ရဲရင့်ဖျတ်လတ်နေသော သူမနှင့် ကိုဇော်တို့ ဘယ်က ဘယ်လိုပတ်သက်နေသနည်းဟု သိချင်လာသည်။

"ကိုဇော်က မိန်းမဆို ခပ်ကင်းကင်းနေတဲ့သူက ခုလို ညီမနဲ့ ရင်းရင်းနှီးနှီးဆိုတော့၊ မမတို့တောင် အထင်မှား သွားတာ"

"သဇင် နှာခေါင်းရှုံ့လိုက်သည်။

"ဒါနဲ့ သူပြောတော့"





သဇင် စကားရပ်လိုက်သည်။ မယုက၊ သဘောပေါက် သွားပြီး ပြုံးရယ်လိုက်သည်ကို အကဲခတ်လိုက်သည်။

"ဪ...ညီမကို သူနောက်ပြောင် ကျီစယ်တာတွေကို သိမက အဟုတ်ထင်နေတာကို သဘောကျလို့ပါ"

ထိုစဉ် ဇော်သီဟက သူတို့ထံ လျှောက်လာသည်။

"မပြီးသေးဘူးလား"

"ပြီးပါပြီ တကတည်းမှ လောလိုက်တာ၊ ဘယ်သွား စရာ ရှိသေးလို့လဲ"

"ဘုရား"

"တယ်ဟုတ်ပါလား၊ ဘုရားတရား သိတတ်လာပြီဆို တော့ လိမ္မာတော့မယ်ပေါ့"

"မယုကလဲ ငါဘယ်တုန်းက မိုက်မဲဖူးလို့လဲ၊ မလိမ္မာ ဘာပဲ ရှိတာ၊ ကဲ...သွားမယ်"

"ကျွန်မတို့ကို ခွင့်ပြုပါဦး၊ အဲ...မမလုံချည်ချုပ်ခ"

"စေတနာကို ငွေနဲ့ တန်ဖိုးဖြတ်မလို့လား ညီမ"

"အဲ...ဟို"

သဇင် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

သဇင် မျက်နှာငယ်ကလေးဖြင့် ကိုဇော်အား မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကိုဇော် အသည်းယားသွားသည်။ တကယ်ချင်တော့လည်း သူ့အပြင်မရှိ၊ မတတ်ချင်တော့လည်း ဘာမှမသိ နားမလည်သည့် ကလေးလေးလို ဖြစ်နေပုံကြည့်ပြီး–

"ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပေါ့"

မျက်နှာထိ မျက်နှာထားဖြင့် ဇော်သီဟက သွန်သင်ဟန် ပြုလိုက်တော့။

သဇင့်၏ မျက်စောင်းသည် ဒိန်းခနဲ ဇော်သီဟပေါ်သို့ ကျရောက်သွားသည်။ ဇော်သီဟက မမြင်ဟန် ပြုလိုက်သည်။

သဇင်က မယုဘက်သို့ လှည့်ကာ–

"ကျေးဇူးတင်ပါတယ် မမ"

ဟု ပြုံးပြုံးကလေး ပြောလိုက်သည်။

မယုကတော့ သဇင့်အား ခင်မင်သော အမူအရာဖြင့် ရင်းနှီးစွာ ပခုံးဖက်လျက်–

"နောက်ဆို ကိုဇော်မပါလဲ အလည်လာပေါ့နော်"

"ဟုတ်"

သဇင် သည့်ထက်ပိုမပြောတတ်၊ လောကကြီး၌ လူကြီး တစ်ယောက်လို စကားများများကို တုံ့ပြန်ပြောတတ်နိုင်ဖို့ အတွက် အများကြီး လေ့လာလေ့ကျင့်ဦးမည်ကို သိလိုက်





သည်။

ဇော်သီဟ စိတ်ထဲတွင် ရင့်ကျက်မှု မရှိသေးသော သဇင်ထံမှ ဘာကိုမှ မျှော်လင့်ချက်မထား။ မျှော်လင့်ချက်ထားပြီးခါမှ မျှော်လင့်သလို ဖြစ်မလာလျှင် ခက်မည်။

ထို့ကြောင့် လူသားဆန်သော စိတ်သန့်သန့်ဖြင့် တတ်နိုင်သမျှ စောင့်ရှောက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

လျှပ်စစ်ခေါင်းသံကြောင့် သဇင် နိုးသွားပြီး အိပ်ရာမှ ထလိုက်သည်။ တံခါးပါကာ ကြည့်လိုက်တော့ ဟိုတယ် ဝန်ထမ်းတစ်ဦး"

"ညည့်သည်ရောက်နေပါပြီ"

"လာခဲ့မယ်၊ ဆယ်မိနစ်လောက် စောင့်ပါလို့"

"ဟုတ်ကဲ့"

သဇင် နာရီကြည့်လိုက်တော့ ညခုနစ်နာရီ ရှိနေပြီ ကိုဇော်ကလွဲ၍ အခြားမည်သူမှ မဖြစ်နိုင်"

အမြန်ဆုံး ရေးချိုးကာ ထဘီတစ်ထည်နှင့် ရယ်ရီမိ... အင်္ကျီတစ်ထည်ကို ဝတ်လိုက်သည်။ ထို့နောက် စလင်းဘ... လွယ်ကာ ထွက်ခဲ့လိုက်သည်။





ဇော်သီဟက သဇင် ဆင်းလာသည်ကို ငေးကြည့်မိ...သည်။ သူ့တွေ့မြင်နေကျ ဘောင်းဘီနှင့် ကုတ်အင်္ကျီဝတ်ထား...သည် မဟုတ်ဘဲ မိန်းမဆန်ဆန်လေး ယခုမှ တွေ့မြင်ရသဖြင့် ...ငေးကြည့်လိုက်မိခြင်းဖြစ်သည်။

လှတာတော့ တော်တော်ကို လှသည့် မိန်းကလေးပါ...သားဟု သူ့ရင်ထဲ၌ အသိအမှတ်ပြုလိုက်မိသည်။

သဇင်က အပြစ်ရှိသူ၏ မျက်နှာချို သွေးနည်းဖြင့်–

"အဟဲ...ပြန်ရောက်ကတည်းက အိပ်ပျော်သွားတာ၊ ...အခုမှပဲ နိုးတော့တယ်"

"လာ...သွားရအောင်"

"ကား..."

"ငှားလာပါတယ်"

"ဗိုက်တောင် ဆာလာပြီ"

သဇင်ကတော့ ပုံးစံအတိုင်း ဟန်ဆောင်မှုကင်းစွာဖြင့် ...ပြောလိုက်သည်။

"ဘုရားဖူးပြီးမှ စားတာပေါ့"

"ဗိုက်က ဆာနေပြီ၊ အရင်စားပြီးမှ ဘုရားဖူးမယ်၊ ...အတိုင်းသာဆိုရင် ဘုရားရှိခိုးလို့ ဖြောင့်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“သြော်...အမိကို ထမင်းစားဖို့ လာနှိုးတာကျနေတာပဲ”

“ဆာလို့ဆာတယ် ပြောတာပါ”

“ကိုင်း...အမိသဘော အမိသဘော စံပါပဲ ဆိုရမလို ဖြစ်နေပြီ”

“အဟဲ”

သွားကလေး အဖြိုသားနှင့် ရယ်ပြသော သဇင်အား မဇော်သီဟ အပြစ်မယူရက် ခွင့်လွှတ်ပြီးသား ဖြစ်နေလေပြီ။

ဇော်သီဟက ဘုရားကြီးဈေးမှာ စားသောက်ဆိုင်မှာ ထမင်းဝင်စားပြီး ဘုရားသို့ တက်လိုက်သည်။

“အချိန်ရတယ်နော်၊ ဘုရားအကြာကြီး ရှိခိုးလို့လဲ ရတယ်၊ အားမနာနဲ့၊ ကျုပ် တစ်နေရာက ထိုင်စောင့်နေနိုင်တယ်”

သူက သဇင်ကို အထင်ကြီးနေသည်။ သဇင်က ဘုရားရှိခိုး ဩကာသပင်ဆုံးအောင် မရသူမို့ ပြုံးလိုက်မိသည်။

ဘုရားကို ဦးသုံးကြိမ်ကျပြီးနောက် ရန်ကုန်တွင် ဖခင်ကိုတွေ့ရန် ဆုတောင်းလိုက်သည်။

“ပြီးပြီ”

“ဒါဖြင့်လဲ သွားမယ်”





ဇော်သီဟက ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားရာ သဇင်အမြင်ကတ်သွားသည်။

သူ့ဘေး၌ မိန်းမချောလေးတစ်ဦး လိုက်ပါခြင်းကို ဂရုစိုက်ယူတတ်ပုံ မရသော ဤပုဂ္ဂိုလ်ကို ဗြောင်ပေးဦးမှဟု ကြည့်မိကာ ခပ်ဖြည်းဖြည်းပင် လျှောက်ခဲ့သည်။

ဇော်သီဟကလည်း မိမိနောက်သို့ သဇင်ပါလာခြင်း ရှိသည်ကို သိသည်။ သို့သော် ခြေလှမ်းလျှော့မသွား၊ သူလျှောက်နေကျအတိုင်း လျှောက်သည်။ ပြီး တစ်ပတ်ပြည့်အောင် ပတ်ကာ ဆင်းရမည့်မုခ်နားမှ တန်ဆောင်းတစ်ခုတွင် ထိုင်ကာ ကွမ်းယာဝါးနေလိုက်သည်။

သဇင် ဇော်သီဟကို မကျေမချမ်း ဖြစ်မိသည်။ သူ့ခြေလှမ်းကို အတတ်နိုင်ဆုံး သွက်သော်လည်း ဇော်သီဟ နှင့်အခြည် ပျောက်ကွယ်သွားသည်။

“တစ်ယောက်တည်းလား မေးတော့ ကိုယ်တစ်ယောက်တည်းကွယ်”

“ဖော်မဲ့ တစ်ကိုယ်တော်လား”

“ကိုယ်ရဲ့တော် တပ်မှူးလေး လုပ်ပေးရမလား”

ဘုရားဖူး လူငယ်အချို့၏ စိတ်ဝင်စားမှုဖြင့် ပေးစပ်



www.burmeseclassic.com

www.burmeseclassic.com



သရမ်းမှုကို သဇင်ခံလိုက်ရသည်။ သို့သော် ခပ်တည်တည်ပင် မိမိတက်လာခဲ့သည်။ မုခ်ဘက်ရောက်အောင် လျှောက်ခဲ့သည်။

သဇင်က ကွမ်းယာဝါးရင်း ထိုင်နေသော ဇော်သီဟကို လှမ်းမြင်လိုက်ရတော့ ဒေါသထွက်သွားသည်။

အနားကပ်သွားပြီး–

"ရှင်က ဒါ ဘာသဘောလဲ"

"ကျုပ် ဘာသဘောကို ဆောင်နေလို့လဲ"

"ကျွန်မ တစ်ယောက်တည်း လျှောက်သွားတော့ ဟိုလူကကြည့် ဒီလူကကြည့်၊ ဟိုလူကစ ဒီလူကစနဲ့"

ဇော်သီဟက ကွမ်းတံတွေးကို မလှမ်းမကမ်းရှိ အမှိုက်ပုံးထဲသို့ သွားထွေးလိုက်သည်။ သဇင်က သူ့အနီး ထက်ကြပ်မကွာ လိုက်လာပြီး–

"ဖြေလေ"

"ဘာဖြေရမှာလဲ"

"ဟာ...ရှင်နဲ့ စကားပြောရတာ သိပ်လက်ပေါက်ကပ်တာပဲ"

ဇော်သီဟက သဇင်အား တစ်ချက်ကြည့်ပြီး–

"ဘာလဲ အမိက ကျုပ်ကို မိန်းကလေး တစ်ယောက်





တည်း ပစ်ထားတယ်လို့ ယူဆတာလား၊ ဒါ ဆန်းသလား၊ ဘားရှိုးကနေတောင် တစ်ယောက်တည်း ထွက်လာတဲ့ မိန်းကလေးတစ်ယောက်အတွက် ဘုရားရင်ပြင်ပေါ်မှာ ဘာအန္တရာယ်မှ မရှိဘူး၊ နောက် မင်းတစ်ယောက်တည်း ရန်ကုန်ဆက်သွားဦးမှာ မဟုတ်လား"

"အဲဒါဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ကဲ...ထားပါတော့၊ အမိ စောစောက ပြောတာရှိသေးတယ်၊ အမိကို ဟိုလူကကြည့် ဒီလူကကြည့်၊ ဟိုလူကစ ဒီလူကစ ဆိုတာကလေ ငါ့ကို အပြစ်တင်မှာ မဟုတ်ဘူး၊ အမိ အမေကို အပြစ်တင်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ အမိအမေက ဘာဖြစ်လို့ သမီးလှလှလေး မွေးထားရတာလဲ"

သူ့စကားကြောင့် သဇင် မျက်နှာရဲသွားသည်။

"သေတော့မှာပဲ ရှင်ဟာလေ အပေါင်းအသင်း လုပ်ဖို့ကောင်းတဲ့ လူတစ်ယောက်ပဲ"

"ကျုပ်လဲအမိကို ဒီလိုပဲ ယူဆတယ်၊ ဘယ်နှယ့်ဗျာ အကူအညီလဲ ပေးရသေးတယ်၊ ပြီးတော့ တစ်စက်ကလေးမှလဲ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းအပြော မခံရဘူး”

“ဒီလိုဆိုလဲ အပေါင်းအသင်း မလုပ်နဲ့ပေါ့”

“မလုပ်ချင်ပါဘူး၊ နှမချင်းစာနာလို့ သက်သက်
ဒုက္ခခံနေရတာ နောင်တရလို့ မဆိုးဘူး”

“သေလိုက်ပါလား”

“အသက်ငယ်သေးတယ်၊ သေလို့မဖြစ်ဘူး၊ မိန်း
မုဆိုးမ ဖြစ်သွားပါဦးမယ်”

“တော်ပြီ ရှင်နဲ့ အပေါင်းအသင်း မလုပ်တော့တာ
ကောင်းတယ် ပြန်မယ်”

“ပြန်ပါ ဘယ်သူကတော့ တားနေလို့လဲ၊ ဒါ
ဝတ္တရားရှိတဲ့အတိုင်း ကျုပ်အမိကို ဟိုတယ်အထိ လိုက်
ပေးဦးမယ်”

သဇင်ကို မစောင့်ဘဲ ရှေ့မှ ဆင်းသွားပြန်လေသည်

သဇင် ဒေါပွနေလည်း အကျိုးထူးတော့မည် မဟုတ်
နောက်မှအမိလိုက်ကာ ပြေးဆင်းခဲ့လေသည်။

သို့သော်–

သူ့ကို အားကိုးပြီး လိုက်လာခဲ့တယ်။ လူကို မစောင့်
တစ်ယောက်တည်း ထားခဲ့ပြန်တယ်၊ ဟင်...ဟိုတယ်





သူပို့မှ ရောက်မှာ မဟုတ်ဘူး၊ သဇင် ဆုံးဖြတ်လိုက်ပြီး သူ့
နောက်မလိုက်ဘဲ မုခ်ဘေးမှ ငါးကန်ဘက်သို့ လှည့်ထွက်
လိုက်သည်။

ဇော်သီဟ မုခ်ဦးဝင်ပေါက်ဝမှာ သဇင်ကို စောင့်နေ
သည်။ အချိန်တန်၍ ရောက်မလာသဖြင့် ဆင်းလာတဲ့လမ်း
အတိုင်း မျှော်ကြည့်လိုက်သည်။ မတွေ့သဖြင့် စိတ်ပူကာ
ပြန်လျှောက်ကြည့်သည်။

ငါးကန်ပတ်ဝန်းကျင်ကို လိုက်ကြည့်ပြန်သည်။ မတွေ့

“ပြန်သွားပြီ ထင်တယ်”

ဟုတွေးလိုက်ပြီး ပြုံးလိုက်သည်။ သဇင်၏ တစ်ဇွတ်ထိုး
နိုင်မှုကို သူသိလျက်နှင့် ကလိလိုက်မိသည်ကိုး။

မတတ်နိုင်တော့ သူ့ချက်ချင်းပင် အပြင်ဘက်သို့ ပြေး
ထွက်ခဲ့လိုက်ပြီး ကားတစ်စီးကို ငှားလိုက်သည်။

ထင်သည့်အတိုင်းပင် ဟိုတယ်၌တွေ့သည်။

“အမိ ဘာဖြစ်လို့ တစ်ယောက်တည်း ပြန်လာခဲ့တာ
လဲ”

“စောင့်မခေါ်ချင်တဲ့ နောက်ကို တကောက်ကောက်
လိုက်မနေချင်လို့ ကိုယ်ဘာသာကိုယ် ပြန်လာတာ”



www.burmeseclassic.com

www.burmeseclassic.com



ဇော်သီဟာက ပြုံးလိုက်မိသည်။

"ကျုပ်က စိတ်ပူလို့ လိုက်လာတာ၊ အမိပြန်ရောက်ပြီ ဆိုတော့ စိတ်အေးသွားပြီ"

"သွားပါ ခုမှ"

သဇင် မျက်စောင်းထိုး ပစ်လိုက်သည်။ ဇော်သီဟာက မသိဟန် ဆောင်နေလိုက်သည်။ မိန်းမသားများ၏ အမျက်ဒေါသမပါသော မျက်စောင်းသည် သာမန်ယောကျ်ား တစ်ဦး၏ နှလုံးသားကို ပြာကျစေနိုင်စွမ်း ရှိမည်ဟု သုံးသပ်လိုက်မိသည်။ သူ့နှလုံးသား ပြာမကျသည့်တိုင်အောင် လှုပ်လှုပ်ခတ်ခတ်ကလေးတော့ ဖြစ်သွားပေတော့သည်။

* * *



## အခန်း (၉)

ဟိုတယ်ကကျွေးသော နံနက်စာကို စားပြီးနောက် သဇင် အပြင်ထွက်လာခဲ့သည်။ ဘူတာကြီး ရှေ့တည့်တည့် သမ်းအတိုင်း အပျင်းပြေ လျှောက်လာခဲ့သည်။

အဖော်မပါ၊ တစ်ယောက်တည်းမို့ ကြောင်အမ်းအမ်း မဖြစ်၊ ဒီလမ်းက သူနှင့် ထမင်းအတူ စားခဲ့သည့် မြတ်ထမင်းဆိုင် တည်ရှိရာ လမ်းဖြစ်နေသဖြင့် ရင်းနှီးပြီးသားဖြစ်နေသည်။

ခပ်တည်တည်နှင့် ရဲရဲဝံ့ဝံ့ပင် ဂ္ဂနွေမပျက် လျှောက်သွမ်းလာခဲ့ရာ ဆေးရုံကြီးရှေ့ရောက်လာသည်။

"ကျိ"

ကားဘရိတ်အုပ်သံရှိရာသို့ အမှတ်မထင် ငေးကြည့်လိုက်မိသည်။ ကားရှေ့မှ လမ်းဖြတ်ကူးသောသူသည် လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘေားရှိ တည်းခိုခန်းထဲ ဝင်သွားသည်ကို တွေ့လိုက်ရသည်။

ဟင်…ဒါ သူတည်းတဲ့ တည်းခိုခန်းပဲ၊ သေချာပါတယ်

မနေ့က သူပြောတာပဲ၊ သဇင် သူ့ကို တွေ့လိုတယ်၊ ဒီနေ့

သဇင် ရန်ကုန်သို့ သွားရတော့မှာမို့၊ သူ့ကို နှုတ်ဆက်ရင်

ဝင်တွေ့လိုက်မယ်လို့ ဆုံးဖြတ်ပြီး၊ တည်းခိုခန်းတွင်းသို့

ဝင်ရောက်လိုက်သည်။

"အစ်မလေး အခန်းယူမလို့လား"

"မယူဘူး ဧည့်တွေ့မလို့"

"ဘယ်သူလဲ ခင်ဗျာ"

"ကိုဇော်သီဟ"

"ဟုတ်ကဲ့ ရှိပါတယ်၊ ထိုင်ပါ ခင်ဗျာ"

ကောင်တာမှာ ရှိနေသော မန်နေဂျာဖြစ်ဟန်တူ သူ

ညွှန်သော ဧည့်ခန်းတွင် ဝင်ထိုင်လိုက်သည်။

"ကျော်ဦးရေ ကိုဇော်သီဟကို ဧည့်သည်လာတယ်လို့"

မကြာခင် သွားအကြောင်းကြားသော ဝန်ထမ်းရောက်

လာပြီး–

"ရေချိုးနေလို့ ခဏစောင့်"

"ဪ…ဟုတ်ကဲ့"





သဇင် စောင့်နေသည်မှာ မိနစ်နှစ်ဆယ်ခန့်ကြာမှ သူ ထွက်လာသည်။

"ဆောရီးနော် ရေချိုးနေလို့"

"ရှင် တော်တော်ညစ်ပတ်မှန်း ခုမှသိတယ်"

"ဘာဖြစ်လို့"

"ကြိုးတူးနေဟာ ပြောင်အောင် ချိုးနေလို့ မဟုတ်လား"

ဇော်သီဟ သဘောပေါက်သွားသည်။

"အင်း…ကျုပ်တို့ကတော့ သဖန်းသီးလို အပြင်ဘမ်း လှတဲ့လူ မဟုတ်ဘူး၊ အတွင်းရော အပြင်ပါ အမြဲသန့်နေ တယ်"

"ရှင် ပြောပုံက ကျွန်မက ရုပ်လှပြီး စိတ်မလှဘူးလို့ ပြောတာလား"

"စိတ်မလှတာ မဟုတ်ဘူး၊ ကောက်တာ"

"ဒါကတော့ ကောက်အောင်လုပ်ရင် ကောက်မှာပေါ့"

"ခုတော့ ဖြောင့်သွားပြီလား"

"မဖြောင့် တဖြောင့်"

ဇော်သီဟ ပြုံးလိုက်ပြီး သဇင် ရှေ့ထိုင်ခုံမှာ ထိုင်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...အမိ ကျုပ် ဘာကူရမလဲ"

"ရှင်ပြောပုံက ကျွန်မက ဒုက္ခသည်ကျနေတာပဲ"

"အမိက ကျုပ်နဲ့တွေ့တိုင်း အကူအညီ တောင်းနေကြမို့ပါ"

"အခု အကူအညီတောင်းဖို့ လာတာမဟုတ်ပါဘူး လာနှုတ်ဆက်တာ"

"သြော်...ဟုတ်သားပဲ၊ အမိ ဒီနေ့ ရန်ကုန်ဆင်းမှာဆို"

ဇော်သီဟက မသိသလို ဟန်ဆောင်လိုက်သည်။

"ရှင်တော်တော် မေ့တတ်တာပဲ၊ အင်းပေါ့လေ၊ သဖန်းသီးလို အပေါယံသမားတွေက အမှတ်ဘယ်ရှိပါ့မလဲ"

ဇော်သီဟ ကိုယ့်စကားနှင့်ကိုယ် ပြန်ခံလိုက်ရသည်။ သို့ပေမဲ့ သူရင်ထဲမှာ သဇင်ကို မှတ်ကျောက်ထင်ထားသည်ကို တွေးမိပြီး ပြုံးနေမိသည်။

"ကဲ...အမိ မနက်စာ စားပြီးပြီလား"

"ဟိုတယ်က ကျွေးပြီးပြီ"

"ကျုပ်တော့ မစားရသေးဘူး၊ လာ...အပြင်ထွက်စားရအောင်"

သဇင် သူနှင့်အတူ ထွက်လာခဲ့သည်။





ဒီတစ်ခါတော့ သူ ဘာစိတ်ကူးရသည်မသိ။ အတူတွဲလျှောက်သည်။ သူတည်းနေကျ သူ့ပတ်ဝန်းကျင်မှာ ဂုဏ်ယူပြနေတာလားမသိ။

"ဟာ...ကိုဇော် ဒီတစ်ခါက် မိန်းမပါလာတာပေါ့"

ကွမ်းယာဆိုင်ကို ကွမ်းဝင်ဝယ်လိုက်စဉ် ကွမ်းယာရောင်းသူရဲ့ မှတ်ချက်ပြုခြင်း ခံလိုက်ရသည်။

"ဟာ...မဟုတ်ပါဘူး၊ ဒါ ကျွန်တော် ညီမ"

"ဆောရီးနော်၊ ကျွန်တော်က ကိုဇော် မိန်းမမှတ်လို့"

"ရှင်ကလည်း ကိုဇော်မှာ ဘယ်က မိန်းမရှိရမှာလဲ၊ သူပျိုကြီးကိုး"

ကွမ်းယာဇနီးမောင်နှံက ပဟေဠိ အဖြေညှိနေကြသည်။ သဇင်လည်း ပေးလာသော အခွင့်အရေးကို ရယူပြီး၊ သူ့ကို သုံ့ပြန်လိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်မ အစ်ကိုက မိန်းမရှိပါတယ်၊ ကလေးက ခြောက်ယောက်တောင်"

မှတ်ကရော သူအတာဘ်နှင့် သူ့ကို ပြန်ထိုးနှက်လိုက်သည်။

သူ့အကြည့်က သဇင်ကို မကျေမနပ်ဆော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မအီမလည်ဖြစ်နေပြီး ပြန်တော့မပြောပေ။ သဇင်ကတော့ မှတ်ပြီလားလို့ မျက်စောင်းထိုးကြည့်လိုက်သည်။

ကွမ်းယာအမျိုးသမီးက သူ့ကိုတစ်လှည့် သဇင့်ကို တစ်လှည့် ကြည့်လိုက်ပြီး။

"ဒါနဲ့ ကိုဇော်ပြောတော့ မိန်းမ မရှိ လူပျိုကြီးဆို"

သဇင့် ထိုးနှက်ချက်က ထပ်ဆင့်လိုက်သည်။

"အဲဒါပဲ အစ်မရေ၊ ယောကျ်ားတွေက လှေကားသုံးထစ် ဆင်းရင် လူပျိုလို့ မှတ်ယူပြီး ဆိုကြတယ်"

"ဟုတ်တယ် ညီမ၊ ဒါကြောင့် အစ်မလဲ ကွမ်းယာ ရောင်းနေတာတောင် စိတ်မချနိုင်လို့၊ အမြဲအနားမှာ လာနေပြီး ပိုင်ရှင်ရှိကြောင်း ကြော်ငြာနေရတယ်"

ကိုကွမ်းယာက ကွမ်းယာရာရင်း သူ့ဇနီးကို မျက်လုံးပင့် ကာ ကြည့်လိုက်သည်။

သဇင့် ရိုက်ချက် ဘယ်လောက်ပြင်းသလဲမသိ၊ သူ မလှုပ်နိုင် ငြိမ်ရှိသာနေသည်။ သို့သော် သဇင်မလျော့ထပ်ဆင့် လိုက်သည့် အနေဖြင့်–

"ခုတောင် ကျွန်မယောက်မ မျက်နှာမြင်ခါနီးမှ အစ်ကို ကို လိုက်ခေါ်တာ"





ငြိုးချက်က မပြေသေးဘူးလားမသိ လုပ်ချလိုက်ပြန် ပြီဟု ဇော်သီဟ မချိပြုံးလိုက်သည်။

"လိုက်သွားလိုက်ပါ ကိုဇော်ရယ်၊ မိန်းမတွေဆိုတာ မီးဖွားခါနီးရင် ယောကျ်ားကို မြင်ချင်တွေ့ချင်ကြတာ၊ အစ်မ ကိုယ်ချင်းစာပါတယ်"

အတိုင်အဖောက်ညီသော မိန်းမသားနှစ်ဦးရဲ့ စွဲချက် တွေကို ဇော်သီဟ မည်သို့မျှ မချေပတော့ဘဲ။

"ကဲ...ကျေနပ်ပြီလား သွားမယ်"

သဇင့် ရင်မှာ သိုလှောင်ထားရတာ အငြိုးအတေးကြီးကို ထုတ်လိုက်ရသည်အတွက် ပေါ့သွားပြီး၊ အောင်နိုင်သူပမာ ကျောက်လှမ်းလိုက်သည်။

သဇင့်ကို နောက်ထပ် ဇော်သီဟက ကွမ်းယာဇနီး မောင်နှံကို မျက်စိမှိတ်ပြလိုက်သည်။ သူတို့ကလည်း သဘော ပေါက်ကာ ပြန်ပြုံးလိုက်သည်ကို သဇင် မသိလိုက်ပေ။

"ကဲ...လက်ဖက်ရည် သောက်ရအောင်"

"ရှင်...သောက်လေး၊ ကျွန်မက ပြည့်နေပြီ"

"ပြည့်မှာပေါ့၊ အမိတို့ မိန်းကလေးတွေဟာ လေ လေကားရတိုင်း သူများအကြောင်းကို ပြောရမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အစာစားစရာ မလိုဘဲ ပြည့်နေကြတာပဲ”

“မဟုတ်ဘူးလား ရှင်ပဲ ပြောထားတာလေ”

“ကျုပ်က ဘာငြင်းနေလို့လဲ”

ခုထက်ထိ ဟန်ဆောင်ကောင်း နိုင်သေးတယ်။ ကျွန်မ ကိစ္စတွေပြီးမှ ရှင့်ဒေသကို အရောက်သွားပြီး၊ ရှင် လိမ်ေ တာတွေကို ဖြေပြလိုက်မယ်ဟု အသံတိတ် ကြိမ်းဝါးလိုက် သည်။

နှစ်ယောက်သား မန်းမြို့တော် လက်ဖက်ရည်ဆိုင်မှာ အာဟာရဝင်ဖြည့်ပြီး ပြန်ထွက်လာခဲ့ကြသည်။

“ကဲ…အမိ ထိုးမုန့်တန်း သွားရအောင်”

“ဘာလုပ်မလို့လဲ”

“ဝယ်မလို့”

“ကောင်းတယ် ကျွန်မလဲ ဝယ်မယ်”

သူပြောမှ မန္တလေးလက်ဆောင် ထိုးမုန့်ဝယ်ရန် သခင် သတိရလိုက်သည်။ လက်ဆောင်ပါမှ လုံကုန် အသိအိမ် အဝင်ကောင်းပြီး သူတို့လည်း စိတ်ပါလက်ပါ သဇင့် အကြို ဆောင်ပေးကြမည်။

“တင်တင်အေး မုန့်ဆိုင်တွင် ထိုးမုန့်၊ လမုန့် လမ်းမှာ





စားရန် အချဉ်ထုပ်၊ သောက်ရေသန့်ဘူးတို့ကို သူ့အကြိုက် ဝယ်လိုက်ကြသည်။

“ဘယ်လောက်ကျလဲ”

“အမိနေ ကျုပ် ရှင်းလိုက်မယ်”

“ကျွန်မ ရှင်းပါ့မယ်”

“မရှင်းနဲ့ အမိကို ကျုပ်အားလုံး လက်ဆောင်ဝယ်ပေး တာ”

“ဟာ…အများကြီး”

“လိုက်ပို့ပေးမယ်”

သူ မုန့်ထုပ်တွေကို ကြည့်ပြီး သူ့မျက်လုံးက ပလပ် စတစ်ခြင်းဆီ ရောက်သွားပြီး ဝယ်လိုက်သည်။ ပိုပြီးထည့်ရ သယ်ရ အဆင်ပြေသွားသည်။ ဒီလိုဆိုတော့လည်း သူ့ ဦးနှောက်က အိမ်ရှင်မ အဆင့်မီပါလားလို့ သဇင် ရင်မှာ ချီးကျူးမိလိုက်သည်။

ခြင်းကိုဆွဲပြီး ဟိုတယ်အခံရောက် သူလိုက်ပို့ကာ နှုတ် ဆက်ပြီး ပြန်သွားသည်။

သဇင့် ရင်မှာ ဘာမှန်းမသိ ဟာသွားသည်။

သူကတော့ ယောင်လို့ပင် လှည့်မကြည့်။ သဇင်မှာသာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မျက်စိအောက်က ပျောက်ကွယ်သွားသည်အထိ ေ… ကြည့်နေမိသည်။

သူ ဘာလို့အိမ်ထောင်မရှိဘဲ လိမ်နေရသလဲ။ အ… ယောကျ်ားတွေက အရှိကိုမရှိလို့ ဟန်ဆောင်ကာ ဖောက်ပြ… နေကြသည်ကို ကြားဖူးတယ်။ သူကတော့ မရှိကို အရှိ… နေသည်။ သူအပေါ် သဇင် စိတ်ဝင်စားမှာ စိုးလို့လာ…

သူ့ စိုးရိမ်ချက်ကို သဇင် ပို၍စိတ်ဝင်စားလာ မိ… သည်။

သို့သော် သူကလည်း လိပ်စာမပေး။ မိမိကလည်… ဖိန်းမသားမာနနှင့် မမေး။ ထို့ကြောင့် တွေ့ဆုံကြုံတွေ့ ခမ္… အရ ကိုခရီးကြုံနှင့် လမ်းခွဲရတော့မည်။ နောင် ဘယ်… ပြန်လည် ဆုံစည်းမည်မှန်းမသိ။ ဇော်သီဟ ပျောက်ကွယ်သွ… သည့်တိုင်အောင် သူ့ရင်ထဲ၌ အရိပ်ထင်ဟပ် ကျန်နေ… ပါလား။

မဖြစ်သင့်ဟု သဇင် တွေးမိကာ ပင့်သက်ရှိုက်လို… လေတော့သည်။

* * *





# အခန်း(၁၀)

မန္တလေး ဘူတာကြီးအတွင်းဝယ် ခရီးသွားမည့်သူများ များပန်းခပ်သည့်နှယ် လှုပ်ရှားနေကြသည်။ ညနေ ငါးနာရီခွဲ အကဲစပ်အီးရထား ရန်ကုန်သို့ ခရီးနှင်ရန် တွဲများအဆင်သင့် ထိုးထားပေးသည်။

သဇင် ဟိုတယ်မှ နာရီဝက် ကြိုတင်ထွက်ပြီး ဘူတာထဲ ရောက်ရှိနေသည်။

သူ့ကို တွေ့လေမလားလို့ မျက်လုံးဝေ့ဝိုက်ကာ ရှာ ကြည့်လိုက်သည်။ မတွေ့ရ။ ဇော်တော်နေနိုင် ရက်တယ်။ သာရောက်၍ နှုတ်မဆက်နိုင်အောင် အသည်းမာရက် လှ… တယ်။

သဇင် တွဲပေါ်သို့ နေရာယူပြီး ဘေးပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကနေ တွေ့လိမ့်နိုးနဲ့ မျှော်ကြည့်လိုက်ပြန်သည်။ အငြိ
အယောင်မျှ မမြင်ရပေ။ အင်း...သူ သဇင်အပေါ် သံယောဇ
မထားနိုင်လို့ အိမ်ထောင်မရှိကို ရှိတယ်လို့ ပြောတာ
ဘယ်တတ်နိုင်ပါ့မလဲ။ သံယောဇဉ် အမြစ်မတွယ်ခင် လင်
ကြာတော့လည်း မခံစားရဘူးပေါ့ဟု ပြတင်းပေါက်မှ မျက်
ကို လွှဲလိုက်မိသည်။

ရထားဘီးက လိမ့်စပြုလာပြီ၊ သဇင့် ရင်မှာလည်
လွမ်းမိုးတွေ ဝေလာသည်။ အမေကို လွမ်းတာလား၊ သူ
လွမ်းတာလား ဝေခွဲမရ ရင်မှာရှိုက်လာမိသည်။

ဖော်မဲ့သူ့ရင်မှာ လွမ်းကျနေမိသည်။

သဇင် ပြတင်းပေါက်ကနေ ရထားနောက်သို့ ပြန်ကြ
မိလိုက်ပြန်သည်။ သူများပြေးကာ လိုက်လာမလားလို့၊

"အင့်..."

အထက်တန်း နှစ်ယောက်ထိုင်ဖြစ်၍ ဘေးနေရာ
ဆောင့်ထိုင်လိုက်သော ခရီးသည်အရှိန်ကြောင့် ဆိုဖာ
နိမ့်ဝင်သွားသည်။

တော်တော်ကြမ်းတမ်းတဲ့ လူရမ်းကားပါလားလို့ စိတ်
မှာ ဒေါသပိုလိုက်သော်လည်း သဇင် လှည့်မကြည့်အား





ဘားစကြိန်ပေါ် သူထွက်လာမလားလို့ ကြည့်နေမိသည်။

အရေးထဲ ဘေးမှပုဂ္ဂိုလ်က ကွမ်းတံတွေး ထွေးလိုသေး
သည်။ သဇင့် မျက်နှာစင်မှာ စိုးသဖြင့် လက်နှင့် မျက်နှာကာ
ထိုက်ပြီး ကျန်ရစ်ခဲ့သော ဘူတာကြီးကို ငေးကြည့်နေမိသည်။

"တံခါးပိတ်ထားနော် ရေပက်လိမ့်မယ်"

ရထားတွဲထိန်း၏ သတိပေးသံကြောင့် သဇင် တွေဝေ
သွားသည်။ သကြန်ပြီးနေတာတောင် ဘာဖြစ်လို့ ရေပက်
ရာလဲ။

ဘေးမှ ပုဂ္ဂိုလ်က မနေနိုင်၊ ထပြီးပိတ်လိုက်သည်၊
တော်ပါသေးရဲ့၊ သူ့ပိတ်လိုက်တာ မြန်ပေလို့၊ မဟုတ်ရင်
သဇင် ရေချိုးပြီးသား ဖြစ်သွားမည်။

ဒါတောင် တံခါးလေဝင်ပေါက်မှ ရေကြောင့် ရေစက်
စင်သွားသည်။

"ရှော့...သုတ်လိုက်"

"ဟင်...ရှင်"

သဇင် အံ့သြသွားရာမှ ဝမ်းသာသွားပြီး၊ မျက်ရည်များ
ငြ လည်သွားသည်။

သို့သော်–



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား အမိမျှော်နေတဲ့လူ"

"မတွေ့ဘူး သေသွားပြီ"

သခင် မျှော်လင့်တမ်းတနေသည်ကို သူသိသွားလို့ ရှက်ဒေါသပိုကာ ဘုတောလိုက်သည်။

"တော်သေးတာပေါ့၊ ကျုပ်တံခါးပိတ် မြန်ပေလို့"

"မပိတ်လည်း ရေချိုးရတာပေါ့"

"ရေစိုပြီး တစ်လမ်းလုံး အအေးပတ်သေမှာ"

"သေလဲ အေးတာပဲ"

သူ့ကို မကြည့် ခေါင်းငုံ့ကာ သူ့ပေးသည့် စန်းတာဝါဖြင့် မျက်နှာမှ ရေစက်များကို သုတ်နေလိုက်သည်။

သူ့အပေါ် ထားရှိသော သဇင့်သံယောဇဉ်ကို သူသိလိုက်ရ၍ ဇော်သီဟ ရင်ထဲ သကြံန်ကျသည့်နှယ် ပျော်ရွှင်ချမ်းမြေ့နေသည်။

"ကဲ...အမိ ငုံ့မနေနဲ့၊ ကျုပ် ရှေ့ဘူတာကျရင် ဆင်းမှာပါ"

သခင် တိတ်သွားသည်။

"တကယ်လား"

"တကယ်ပေါ့၊ အမိက ကျုပ်လိုက်လာတာ မကြည့်





ချင်လို့ ခေါင်းငုံ့ထားတာကိုး"

"ဟုယ်တယ် မုန်းလို့"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ၊ အတူသွားမယ်ဆိုလဲ စောစောကတည်းက ပြောပေါ့"

"ဒါက ကျုပ်လဲ မိန်းမက မီးဖွားတော့မှာမို့ အရေးပေါ်ခွင့်လိုက်ရလို့ပါ"

သူ့အပေါ်ပြုခဲ့သော သဇင့် စွဲချက်ကို သူက အကြောင်းပြချက်အဖြစ် အသုံးပြုလိုက်သဖြင့် မဲ့ပြုံးလိုက်မိသည်။

"ရှင်ကျတော့ ရထားလက်မှတ်က လွယ်လိုက်တာ၊ နောက်ပြီး ဒီလိုတစ်ခုံတည်း ရတယ်ဆိုတော့"

မနေ့က ဒီနေရာရအောင် လှုပ်ရှားကြိုးစား ခဲ့ရမှုလေးကို တွေးပြီး ဇော်သီဟ ပြုံးလိုက်မိသည်။

"အို ဒါကတော့ ကျုပ်အရည်အချင်းလေ"

"ယုံပါတယ် ရှင်က လူလည်ပဲ"

သူက ထပြီး ပြတင်းပေါက်ကို ပြန်ဖွင့်လိုက်သည်။

"ရေမပက်တော့ဘူးလား"

"ဘူတာအထွက်မှာ သကြံန်ပြီးသွားပေမဲ့ သကြံန်အပြန်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဆယ်ရက်လောက် နှုတ်ဆက်တဲ့အနေနဲ့ ရေပက်ကြတာပေါ့”

“ဩော်”

တစ်ဆက်တည်း သူက ပြတင်းပေါက်ကနေ ကွမ်းတံတွေး ထွေးလိုက်သေးသည်။

“ရှင်က အမှတ်သည်းချေ မရှိဘူး”

“ဘာဖြစ်လို့လဲ”

“လမ်းသွားရင် ကွမ်းတံတွေး ထွေးဖို့အတွက် ကြွပ်ကြွပ်အိတ်လေ”

“အေးကွာ ဒီတစ်ခါ ကျုပ်မေ့သွားတယ်၊ ဒီလိုလုပ်ပါလား အမိနဲ့ကျုပ် နေရာလဲထိုင်ရအောင်”

“မရဘူး ဒါက ကိုယ့်ကုသိုလ်နဲ့ကိုယ်”

ဇော်သီဟ မတတ်နိုင်၊ သူ့ကိုကျော်ပြီး ကွမ်းတံတွေးထွေးနေရပေဦးမည်။

သဇင်က အချဉ်တစ်ထုပ်ဖောက်ကာ စားနေလိုက်သည်။

“ကြည့်လဲစားဦး၊ ခရီးသွားရင်း ဝမ်းလျှောနေမှ ခက်မယ်”





“အိမ်သာ ရှိသားပဲ”

“ရထားသွားနေတုန်း အိမ်သာတက်ဖူးလို့လား”

“ဘာဖြစ်လို့လဲ”

“မထိန်းတတ်ရင် လဲမှာစိုးလို့ပြောတာ”

“ကျွန်မ ကလေးမဟုတ်ဘူး”

“ယုံပါတယ်၊ ဒါကြောင့်မို့ တစ်ယောက်တည်း ထင်ရာလျှောက်သွားနေတာ”

“ထင်ရာလျှောက်သွားတာ မဟုတ်ဘူး၊ ကိုယ့်အကြောင်းနဲ့ကိုယ်”

“ဘာအကြောင်းလဲ ”

“ရှင်နဲ့မဆိုင်ဘူး”

“အေးလေ မဆိုင်ဘူးဆိုရင်လဲ ပြီးတာပဲ၊ ကျုပ်ကအမိကို ခရီးသွားဖော် တစ်ယောက်အနေနဲ့ နှမချင်းစာနာပြီးသတိပေးတာပါ”

သဇင် စဉ်းစားလိုက်သည်။ သူလိုလူမျိုးက နှံ့နှံ့စပ်စပ်ရှိသည်။ မိမိကလည်း ရန်ကုန်ကို ရောက်ဖူးသည်မဟုတ်။ ရန်ကုန်ရောက်လျှင် မိမိတို့ လားရှိုးမှ တိုက်ခန်းဝယ်ကာနေကြသော သူငယ်ချင်းထံသို့ သွားရမည်။ ထို့ကြောင့်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကို ရှာရန် ဆုံးဖြတ်ထားသည်။

အိုကေ ဒီလိုဆို ရှင်မှာ လူမှုရေးစိတ်ဓာတ် အပြည့်အဝ ရှိတယ်ပေါ့”

“လူပဲ လူ့အသိုင်းအဝိုင်းမှာနေရင် လူမှုရေးစိတ်ဓာတ် ရှိရမှာပေါ့၊ ကိုင်း…ပြော ကျုပ် ဘာအကူအညီပေးရမလဲ”

“ကျွန်မ လူရှာမလို့”

“ယောကျ်ားလား မိန်းမလား”

“ယောကျ်ား”

“ဘာလဲ အမိနဲ့ စိတ်ဆိုးပြီး အိမ်ကထွက်သွားလို့ လိုက်ရှာတာလား”

“ဘာ…ရှင် မစော်ကားနဲ့”

သခင်ရဲ့ အမှတ်မထင် အော်လိုက်သော အသံကြောင့် ပတ်ဝန်းကျင် ခုံတန်းများမှ လူများက လှည့်ကြည့်ကြသည်။

သို့သော် အစားအသောက်စားပြီး စကားလက်ဆုံကျနေ သည်မို့ သခင်တို့ကို စုံတွဲလို့ ထင်နေကြပေသမည်။

“အမိပဲ ယောကျ်ားဆို”

“ယောကျ်ားဆိုတာ အဖေ့ကိုပြောတာ”

ဇော်သီဟ သဘောပေါက်သွားပြီး ပြုံးလိုက်သည်။





“အဖေဆိုလဲ အဖေလို့ ပွင့်ပွင့်လင်းလင်း ပြောပေါ့”

“ရှင်ပဲ ယောကျ်ားလား မိန်းမလားဆို၊ ကျွန်မ အဖေက ယောကျ်ားဆိုတော့ ယောကျ်ားပေါ့”

“ဟုတ်ပါတယ် ဘယ်သူ့အဖေကမှ မိန်းမ မဖြစ်ပါဘူး”

မည်သို့ပင်ဖြစ်စေ လောလောဆယ် သူနှင့် စကားနိုင်လု နေရသည်မှာ သခင် ချမ်းမြေ့နေမိသည်။

သူက ဘာတွေ တွေးနေသည်မသိ။ လက်ကိုပိုက်ပြီး ခေါင်းကို မော့ကာ ကြည့်နေသည်။

“ဘာတွေးနေတာလဲ”

“အင်း…ဖခင် ထွက်သွားလိုက်ရအောင် သမီးဖြစ်သူက ဘယ်လောက် ဆိုးနေလဲလို့ပါ”

“အမယ် ဒီလောက် စိတ်ကောင်းရှိပြီး ရုပ်လှတဲ့သမီး ချာလေးကို မြင်တွေ့သွားရင် အိမ်က ထွက်သွားမှာ မဟုတ် ဘူး”

သခင်က လက်နှစ်ဖက်ပိုက်ကာ စတိုင်ပြုလိုက်သည်ကို ဇော်သီဟက နှာခေါင်းရှုံ့လိုက်သည်။

“မတွေ့ရအောင် အမိက ဘယ်သွားနေလို့လဲ”

“လောကကြီးထဲ ရောက်မလာသေးဘဲ အမေ့ဗိုက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိနေလို့ပေါ့"

သဇင့် မျက်နှာညှိုးသွားပြီး ခေါင်းငုံ့လိုက်စဉ်၊ ပုလဲ မျက်ရည်တစ်ပေါက် ကြွေသွားသည်ကို ဇော်သီဟ မြင်လိုက်ပြီး ရင်နင့်သွားသည်။

"ကျုပ် ကိုယ်ချင်းစာပါတယ်ဗျာ၊ အမိ ဖခင်ကိုတွေ့တဲ့အထိ စေတနာသန့်သန့်လေးနဲ့ ကူညီသွားပါမယ်"

"အဖေကို တွေ့တဲ့အထိ မလိုပါဘူး၊ ကျွန်မ မိတ်ဆွေ တွေရှိတဲ့ဆီ ရောက်ရင် တော်ပါပြီ"

"လိပ်စာသိလား"

"သိတယ်"

ပိုက်ဆံ အိတ်ထဲမှ လိပ်စာကို ထုတ်ပြလိုက်သည်။ သူက သေသေချာချာ ကြည့်လိုက်ပြီး–

"ဗဟန်း ရွှေဂုံတိုင်မှာပဲ၊ ကျုပ် လိုက်ပို့ပေးမယ်"

သဇင် ဝမ်းသာသွားပြီး၊ သူ့ကို အပြုံးလေးဖြင့် ကျေးဇူးတင်လိုက်သည်။ သူရင်ခွင်ထဲဝင်ပြီး ကလေးငယ်လို ဝမ်းသာမှုကို ဖြေသိမ့်လိုက်ချင်ပေမဲ့ မိန်းမသားဆိုတော့ အခက်သား။

"တကယ်နော်"

"စိတ်ချပါ"





ထိုစဉ် စာအုပ်လိုက်ငှားသူ ရောက်လာသဖြင့် စာအုပ်များကို ရွေးချယ်လျက် သုံးအုပ်မျှ ငှားလိုက်သည်။

သဇင် ငှားသော စာအုပ်များကိုကြည့်ကာ ဇော်သီဟ ပြုံးလိုက်မိသည်။ ကာတွန်းနှင့် ရုပ်ပြဇာတ်လမ်းများ ဖြစ်သည်။

"ရှင် ဖတ်ဦးမလား"

"ဝါသနာ မပါဘူး"

"အင်းလေ ရှင့်လို စီးပွားရေးသမားတွေက ကာတွန်းကို ဘယ်စိတ်ဝင်စားမလဲ၊ အဟဲ...ကျွန်မငှားဖို့ မေ့သွားတယ်၊ ရှင်အတွက် ပြစ်မှုမဂ္ဂဇင်း ငှားပေးရမှာ"

"ဟာကွာ သေတော့မှာပဲ၊ အမိပါးစပ်က ထင်ရာစွတ် ပြောမနေနဲ့၊ ကျုပ်က ဒုစရိုက်သမား မဟုတ်ဘူးကွ"

သူ ဒေါသပိုသွားသဖြင့် သဇင်က လေပြေထိုးပြီး။

"ရှင်ကလဲ မဟုတ်မှန်းသိပါတယ်၊ စီးပွားရေးသမား တစ်ယောက်အတွက် ဒုစရိုက်သမားတွေကို ရှင်ရှောင်နိုင်အောင်လို့ စေတနာနဲ့များ"

"ကျေးဇူးတင်ပါတယ် အမိရယ်"

"သူက မပြုံးတပြုံး မျက်နှာလေးနှင့်ကြည့်ကာ ရွဲ့ပြော လိုက်သည်ကို သဇင် သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စီးပွားရေး ဘာလုပ်တာလဲ"

"ကျုပ်က ကုန်သည်"

"ဘာကုန်သည်လဲ"

"လူ"

"ရှင်"

သဇင် လန့်သွားသည်။ လူကုန်ကူးတာ ကြားဖူး[illegible] သည်။ ဤလူဟာ မိန်းကလေးများ ကျလောက်သည့် ရု[illegible] လက္ခဏာနှင့် ပြည့်စုံသည်။ မိန်းကလေးတွေကို လှည့်စားပြီ[illegible] ရောင်းစားနေတာလားဟု တဒင်္ဂအတွင်း ကြောက်သွားသည်[illegible] ထို့ကြောင့် ရထားနံရံထက် ကပ်လိုက်မိသည်။

"ဟုတ်တယ် အမိကို အမိဖခင်ထံ ခေါ်သွားပြီးရော[illegible] စားမလို့"

တော်သေးတယ်၊ သူနောက်နေတာ သိလိုက်သည်[illegible] ရင်မှာ စိုးထိတ်မှု ပြေသွားတော့သည်။

"ဘယ်လောက်နဲ့လဲ"

"ထောင့်ငါးရာ"

"ဟုတ်တယ် အဖေက ထောင့်ငါးရာပေးရအော[illegible] ရှင်က မိန်းမမှ မဟုတ်တာ"





"အဖေမပေးရင် သမီးပေးပေါ့"

"ပြောတော့ မိန်းမရှိတယ်ဆိုပြီး ဟင်"

စကားနောက်မှာ သူ့ဇာတိပြလာသည်။ ရထားထွက် စက သူ့ကို မျှော်လင့်တမ်းတနေသည့် သဇင် အခြေအနေကို သိပြီး သူ့စကားစလာသည်။ သဇင် မသိသလို နေလိုက်သည်။

"ကြက်သားနဲ့ ထမင်းဆီဆမ်း ရမယ်"

"ဘယ်လောက်လဲ"

"နှစ်ရာကျပ်တည်းပါ"

"နေဦး"

သဇင်ကခေါ်ပြီး မေးလိုက်သည်ကို သူက ဟန့်တား လိုက်သည်။

"အမိ ထမင်းဆာလို့လား"

"ထင်တာပဲ"

"အမိက စကားပြောရင် ပြတ်ပြတ်သားသား မရှိဘူး၊ ဆာရင် ဆာတယ်ပေါ့"

"ဆာတယ်လို့မဟုတ်ပါဘူး၊ ကြက်ကြော်က စားချင် စရာဖြစ်နေလို့ ဆာလာမိတာပါ"

ဖော်သီဟာက ရတ်တရက် ထလိုက်ပြီး ခေါင်းပေါ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်မှ ဘူးနှစ်ဘူးကို ယူလိုက်သည်။

"ရော့"

"ဘာတွေလဲ"

"ဒန်ပေါက်"

"ဒန်ပေါက် အသံကြားမှ ဗိုက်ဆာလာတယ်"

"ကဲ...ဆာရင်စား"

"ဘာနဲ့လဲ"

"ကြက်သား"

"တော်သေးတာပေါ့ ဆိတ်သား မဟုတ်လို့"

"အမိက မစားလို့လား"

"မဟုတ်ဘူး မကြိုက်ဘူး"

"မှတ်ထားပါ့မယ်"

လုပ်ချလိုက်ပြန်ပြီးမှ သဇင် မျက်စောင်းထိုးလိုက်သည်။

ဒန်ပေါက်ဘူးကို ဖွင့်လိုက်သည်။ မြင်လိုက်ကာ ဗိုက်ထဲက ပိုးတွေ လှုပ်ရှားလာသည်မို့ စားလိုက်တော့သည်။ သူကလည်း သဇင်နည်းတူ ဒံပေါက်ကို စားနေသည်။

ကြက်ပေါင်သားကို ကော်ဇွန်းနှင့် ဖဲ့လို့မလွယ်၊ သဇင် အခက်တွေ့နေသဖြင့် သူ့ကိုကြည့်လိုက်သည်။ သူက လက်နှင့်





ယယ်ပယ်နယ်နယ်ကိုင်ပြီး ကြက်ပေါင်ကို ကိုက်ဖဲ့နေသည်။

သူ့ကို အားကျသဖြင့် သဇင်လည်း လက်နှင့်ကြက်ပေါင်ကိုကိုင်၍ ကိုက်ဖဲ့လိုက်တော့သည်။

စားပြီးနောက် ဆီပေနေသောလက်ကို ဘာနှင့်သုတ်ရမှန်းမသိ ဖြစ်နေစဉ် သူက ဆွဲအိတ်ထဲမှ တစ်သျှူးကိုထုတ်ပေးသဖြင့် အဆင်ပြေသွားသည်။

သူက စင်ပေါ်တင်ထားသော ခြင်းထဲမှ အချဉ်ထုပ်ကို လှမ်းယူလိုက်သည်။

"ရော့...အအီပြေ စားလိုက်"

"တော်တယ် သူများစားစရာနဲ့ ပြန်ညှော်ခံတတ်တယ်"

"နဂိုကတည်းက ရထားပေါ်မှာစားဖို့ နှစ်ယောက်စာ ထည့်ပေးလိုက်တာ"

"ဪ...ရှင်က တော်တော်လည်တယ်"

"ဘာလည်လို့လဲ"

"သူ့ သယ်ရှမှာစိုးလို့ သူများကို သယ်ခိုင်းတာ လည်တာပေါ့"

သူ့အကြံအစည်ကို သဘောပေါက်သွားသည်။ သဇင့်ကို ကြည့်ပြီး ဖော်သီဟာက ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ...အမိ သယ်ရမှာ လေးတယ်ဆိုရင် ကျုပ်ရထား ပေါ်မှာပဲ ကုန်အောင် စားပေးပါ့မယ်"

"အို...ကုန်အောင်စားလို့ ဘယ်ဖြစ်ပါ့မလဲ၊ လက် ဆောင်ပေးစရာ ရှိသေးတယ်"

လက်ကာကာ ပြောလိုက်သည့် သဇင့် အမူအရာလေးကို ဇော်သီဟ သဘောကျစွာ ပြုံးနေလိုက်သည်။

ထို့နောက် နှစ်ဦးသား အတွေးကိုယ်စီနှင့် ငြိမ်သက်နေ ကြသည်။

ဒုံပေါက်ထမင်း အဆိပ်တက်ကာ မေ့နေစဉ်–

ရုတ်တရက် သူက ကွမ်းတံတွေးထွေးပြီး သောက်ရေ သန့်နှင့် ပလုပ်ကျင်းလိုက်သေးသည်။ ပြီးနောက် သူ့ခုံကို နောက်သို့ လှန်ချကာ စတင်အိပ်လေတော့သည်။

သဇင် ယခုမှ သူ့ကို ရဲရဲတင်းတင်း ကြည့်လိုက်သည်။

မဆိုးပါဘူး၊ ရုပ်ကတော့ ချောသည်။ စိတ်ကလည်း လှမည် ထင်သည်။

ဇော်သီဟက မျက်စိတစ်ဖက်နှင့် ဖွင့်ကြည့်လိုက်သည်။

"အဲ"

သဇင်က ကမန်းကတန်း မျက်နှာလွှဲလိုက်သည်။





သို့သော် သူခိုးလူမိသွားသဖြင့် မျက်နှာတစ်ပြင်လုံး ထူပူသွား သည်။

ပိုဆိုးသည်က ဇော်ဆိုသူသည် မသိကျိုးနွံမပြုဘဲ–

"ကောင်မလေးနော် ငါ့ကို ခိုးကြည့်ပြီး မပြစ်မှားနဲ့၊ ဒု သ န သော ဖြစ်မယ်"

"သေလိုက်"

သဇင်က ရေရွတ်လိုက်ပြီးထိုင်ခုံကို နောက်သို့ လှန်ချ ကာ သူ့အား အားကျမခံ အပြိုင်အိပ်ရန် တာစူလိုက်လေသည်။

အံ့အားသင့်စရာ ကောင်းသည်က သဇင့် စိတ်ဖြစ်သည်။ သူ့အနီး၌ ဇော်သီဟဆိုသူ ရှိနေခြင်းကိုအတွက် ဘာကိုမှ အကြောက်အလန့် မရှိတော့ဘဲ စိတ်လုံခြုံမွေ့ထွေးမှုကို ခံစားရကာ တဒင်္ဂတွင်း အိပ်ပျော်ခြင်းကို ရောက်ရှိသွားလေ တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

လှုပ်လှုပ်ရှားရှား ဖြစ်နေရာမှ ရုတ်တရက် ငြိမ်သ… သွားသကဲ့သို့ ခံစားလိုက်ရသည်။

ထိုအခါ ရောက်မှ ဇော်သီဟ အိပ်မောကျသွား… ဖျတ်ခနဲ လန့်နိုးလာသည်။ မန္တလေး–ရန်ကုန် အစုန်အ… ရထားတွဲ စီးနင်းလိုက်ပါခြင်းကို သတိပြုမိလိုက်ပြီး ရန်ကု… ဘူတာကြီး၌ လမ်းဆုံးရပ်နားလေပြီ။

“သြော်…ကာလနဂါးကြီးက နိုးလာသားပဲ”

အသံရှူးရှူးပြာပြာက သူ၏မင်္ဂလာနံနက်ခင်းကို ပြ… ရယ်ပြုလိုက်ခြင်းနှင့် တူနေလေပြီ။ တစ်ညလုံးလိုလို အိ… လိုက်၊ နိုးလိုက်နှင့် သတိထားပြီး အိပ်ခဲ့သည်။

သခင်က အိပ်မောစကျနေသည်မှာ တုတ်တုတ်မျှမလှု…





…သောက်ယံသို့ အရောက်၌ အိပ်ပျော်ခြင်းသည် သူ့အား …နိုင်ယူသွားခဲ့လေသည်။

ယခုမှ သူနိုးသည်။

“အမိကမျှား ကျုပ်ကို ပြောရတယ်ရှိသေး၊ အမိ အိပ် …မှ သိုးလို့”

“ငါကတော့ ဘေးမှာ ကိုယ်ရံတော်တပ်မှူးရှိတော့ …ပူအပင်ကင်းမဲ့ပြီး အိပ်ပျော်တာပေါ့၊ ကဲ…ဘာလုပ်နေ …လဲ ဆင်းတော့မယ်လေ”

သူက ကမန်းကတန်း ထလိုက်သည်။

“ရှင် အိပ်နေလို့ ရှင့်ကို ကျော်ခွရတဲ့ဝဋ်တော့ ကျွတ်ပြီ”

“ဘာ”

ဇော်သီဟ ကိုယ်နဖူးသာ ကိုယ်ပြန်ရိုက်၊ ရိုက်မိသည်။

“ကျုပ်…ဘုန်းနိမ့်ပြီပေါ့”

“ကန်တော့လို့ ပြောပါတယ်”

“တော်သေးတာပေါ့”

နှစ်ဦးသား ရထားပေါ်က ဆင်းလာသည်အထိ စကား …ပျက် ဘူတာကြီးရှေ့ ရောက်လာကြသည်။

“ဆရာ ကားငှားမလား”



www.burmeseclassic.com

www.burmeseclassic.com



"အေး...ရွှေဂုံတိုင်ကို အရင်သွားမယ်၊ ပြီးတော့ ဘုရင့်နောင်ပွဲရုံ ဆက်သွားမယ်"

"သုံးထောင်ကျမယ် ဆရာ"

"များတယ် နှစ်ထောင်"

"နှစ်ထောင့်ငါးရာတော့ ပေးပါ"

"ကဲ...အမိတက် သွားမယ်"

သူက ဘုရင့်နောင်ပွဲရုံဆိုတော့ ဖေဖေကလည်း အဲဒီမှာရှိတယ်လို့ ပြောတယ်၊ သူများ သိလေမလား၊ သူ့ကိုမေးရင်ကောင်းမလားဟု သဇင့် အတွေးများ ယောက်ယက်ခတ်နေမိသည်။

"အမိ ဘာတွေးနေတာလဲ"

"ဘာမှမတွေးပါဘူး"

"အမိ အသိမိတ်ဆွေဆိုတာ ဘယ်သူလဲ"

"ကျွန်မ သူငယ်ချင်း နန်းနုနုထွေးပါ"

"ရှိတာ သေချာတယ်ပေါ့"

"သေချာပါတယ်"

"မသေချာရင်ပြီးရော"

"မသေချာရင် ရှင်က ဘာလုပ်မလို့လဲ"





"ဘာမှမလုပ်ပါဘူး၊ အမိ ယောင်လည်လည် ဖြစ်နေမှာစိုးလို့"

"ဖြစ်ခဲ့ရင်ကော"

သဇင်က သူ့သဘောထား သိရအောင် မေးလိုက်သည်။

"ဖြစ်ခဲ့ရင် အမိကို ယခုစီးလာတဲ့ရထားနဲ့ မန္တလေးကိုပြန်တင်ပေးလိုက်ရုံပေါ့"

လူကို ကလေးမှတ်ထင်သည့် သူ့အဖြေကြောင့် သဇင်ပြုံးလိုက်မိသည်။

"ဒါတော့ ကျွန်မ သိတာပေါ့၊ ရှင့်ဆီက ဘာအကြံဉာဏ်များရမလဲလို့"

"ကျုပ်ကတော့ အမိ ဖခင်ဆီကို တွေ့တဲ့အထိ ရှာဖွေပေးချင်တာပေါ့၊ ဒါကလဲ အမိရဲ့ ယုံကြည်မှုပေါ်လဲ မူတည်တယ်"

သူရဲ့ စေတနာကို တည်တည်တံ့တံ့ ပြောနေသည်မို့သဇင်က လေးစားသွားမိသည်။

"အင်းလေ သူငယ်ချင်းကို မတွေ့တော့လဲ တစ်မျိုးစီစဉ်ကြတာပေါ့"

"ဒါကတော့ အမိ သဘောလေ"



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ရွှေဂုံတိုင် တိုက်ခန်းများရှိရာသို့ ရောက်ရှိလာသည်။ သူက ကားပေါ်က ဆင်းသွားပြီး စုံစမ်းမေးသည်။

ထို့နောက် သူနှင့်အတူ သူငယ်ချင်း နန်းနုနုထွေးပါလာသည်ကို တွေ့လိုက်ရ၍ သဇင် ဝမ်းသာအားရ ဖြစ်သွားသည်။

"ကျေးဇူးပဲ ကိုဇော်"

စတွေ့ကတည်းက ရှင်နှင့်ကျွန်မ ခေါ်ပြောနေရာမှ အမည်ကို အဖျားဆွတ် ခေါ်လိုက်သံကြောင့် ဇော်သီဟရင်မှာ ကြည်နူးသွားသည်။ ပြန်လည်တုံ့ပြန်ကာ ခေါ်ကာ ခေါ်လိုက်သည်။

"သွားမယ် သဇင် ရော့၊ လိုအပ်ရင် ဆက်သွယ်ဖို့ ရန်ကုန် လိပ်စာကတ်"

သဇင် လှမ်းယူလိုက်သည်။

"အဲဒီမှာ တစ်ရက် နှစ်ရက်နေပြီး ဖျာပုံကိုပြန်မယ်"

"ဖျာပုံ ဘယ်နားမှာနေလဲ"

"ဖျာပုံက သမိန်တောမှာ ဇော်သီဟဆိုရင် လူမပြောနဲ့ ခွေးတောင်သိတယ်"

"ဘာဖြစ်လို့ ခွေးက သိတာလဲ"





"မျက်စိနောက်လို့"

သူက အရွတ်အနောက်ကလေးနှင့် ရင်မှ ဝေဒနာကို ဟန်ဆောင်ကာ ဖုံးလိုက်သည်။

"သဇင် ကိစ္စတွေပြီးရင် လာခဲ့မယ်နော်"

"လာခဲ့ ဆယ်ရက်အတွင်းဘယ်မှ မသွားဘူး ရှိနေမယ်"

သဇင် အနားမှာရှိနေသည့် ငယ်သူငယ်ချင်းကို သတိထားနိုင်၊ သူနှင့် ခွဲခွာရမည့်အရေးကို ရင်နင့်စွာ ခံစားနေသည်။

သူကလည်း ပြုံးတော့မည့် မိုးတိမ်အလျား၊ မျက်နှာမှာ ညိုမှိုင်နေပေသည်။

"သွားတော့မယ်နော် သဇင် ဆန္ဒပြည့်ဝပါစေလို့ ဆုတောင်းပေးပါတယ်"

"ဟုတ်"

သဇင် စကားဆက်ပြောနိုင်သည့် စွမ်းအားမရှိ၊ ရင်မှာ ရိုက်ဖိုကာ ကားပေါ်မှ လက်ပြထွက်သွားသော သူ့ကို မျက်စိတဆုံး ကြည့်နေမိသည်။

"ဟဲ့…သဇင်"

"ဟင်…ထွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ သူငယ်ချင်းရယ်၊ ဖခင်ရှာတဲ့ သူက ဖခင် မတွေ့သေးဘဲ အချစ်ကိုတွေ့နေပြီလား"

သူငယ်ချင်း၏ ကောက်ချက်ချမှုကို သဇင် မလုံမလဲ ဖြစ်သွားပြီ။

"မဟုတ်ပါဘူး ကိုဇော်နှင့်က လမ်းသွားရင်း ခင်ကြတာပါ"

"ဟုတ်ရဲ့လားကွာ၊ လမ်းခရီးဖော်လား၊ ဘဝခရီးဖော်လား"

"သူငယ်ချင်းကလဲ"

သဇင် ရှက်အားပိုသွားကာ သူငယ်ချင်းရဲ့ ရင်ခွင် ပြေးဝင်ကာ ဖတ်လိုက်ပြီး ကိုဇော်ရှေ့မှ ထိန်းသိမ်းထားရသော မျက်ရည်ပုလဲပေါက်များ ကျဆင်းသွားလေတော့သည်။

* * *





## အခန်း(၁၂)

တိုက်ခန်းသည် လားရှိုးခြံဝင်းထဲရှိ တိုက်အိမ်နှင့်စာလျှင် ကျဉ်းကျပ်နေပေသည်။ သို့ပေမဲ့—

ပျော်ရာမှာမနေ တော်ရာမှာနေကြပြီး ပျော်ရွှင်နေကြတဲ့ သူငယ်ချင်း၏ မိသားစုကိုကြည့်ပြီး အားကျမိသည်။ မွေးဖခင်တို၏ ခြံကျယ်ကြီးထဲမှာ တိုက်ကြီးနှင့်နေရပေမဲ့ မစုံလင်သော မိသားစုကြောင့် ပျော်ရွှင်မှု သဇင် မပြည့်ဝခဲ့။

ထို့ကြောင့် လိုအပ်နေတဲ့ ကွက်လပ်ကို ဖြည့်ဆည်းရန် သက်ရှိထင်ရှားနေသော ဖခင်ကို ရှာပုံတော်ဖွင့်တာ လွန်မည် မထင်။

"ဟော့...သဇင် ဘာတွေတွေးနေတာလဲ"

"သူငယ်ချင်းတို့ကို အားကျနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ အားကျနေလို့လဲ"

"အားကျစရာပေါ့၊ သူငယ်ချင်းမှာ မိစုံဖစုံနှင့် သဇင်မှာက အမိရှိရက် အဖမဲ့နေရတယ်"

သဇင်ပြောရင်း ရင်မှာရှိုက်လာပြီး မျက်ရည်မခိုင်တော့သဖြင့် သူငယ်ချင်း၏ ပခုံးကို မျက်နှာအပ်ကာ ငိုချလိုက်သည်။

"တိတ်ပါ သဇင်ရယ်၊ အားမငယ်ပါနဲ့၊ မကြာခင် သဇင် လိုအပ်နေတယ် ဖခင်ကို တွေ့ရတော့မှာပါ"

"ဟုတ်ပါတယ် သမီးရယ်၊ သမီးအဖေကို အန်ကယ် သေသေချာချာ မြင်တွေ့ပြီး နှုတ်ဆက်ခဲ့ပြီးပါပြီ၊ သမီးတို့ သားအဖ မကြာခင် တွေ့ရတော့မှာပါ"

သူငယ်ချင်း ဖခင်ဖြစ်သူ ဦးစိုင်းဝဏ္ဏ၏ ဖြေသိမ့်စကားကြောင့် သဇင့် ရင်မှ အားငယ်စိတ်များ ပြေးထွက်သွားသည်။

"ဒါနဲ့ သမီးအမေက ကြည်ကြည်ဖြူဖြူ ခွင့်ပြုရက်လား"

"ဘယ်ကြည်ဖြူပါ့မလဲ အန်ကယ်ရယ်၊ ဒါပေမဲ့သမီးက ဆန္ဒ သိပ်ပြင်းပြနေတော့လဲ"

မိခင် မသိအောင် အိမ်ကထွက်လာသည်ကို မပြောရဲ၊ သဇင်ကို အပြစ်ဆိုမှာစိုးသဖြင့် အပြစ်မဲ့မုသား ဆိုလိုက်သည်။





"အေးလေ သမီး အဖေနှင့်တွေ့ပြီးတော့ပြန်လိုက်ပေါ့"

"ဟင့်အင်း အဖေ့ကိုရအောင် ခေါ်မယ်၊ အဖေနှင့်အမေတို့ရဲ့ တစ်မိုးအောက်မှာ သမီး နေချင်တယ်"

"အဲဒါကတော့ သမီးအဖေကို သမီးပြောပေါ့၊ သူကတော့ ဒီမှာသူ့ဘဝကို အဆုံးသတ်မယ့်ပုံပဲ"

"သမီးကို မမြင်သေးလို့ပါ"

သဇင်က ကိုယ်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့် အားမာန်ဝင့်ကာ ဖခင်ကို ရအောင်ခေါ်ရန် ဆုံးဖြတ်ထားသည်။

"ဟုတ်တယ် သမီးပြောတာ အန်တီထောက်ခံတယ်၊ သူစိမ်းပြောတာထက် သမီးပြောရင် သွေးကစကားပြောမှာပဲ"

သူငယ်ချင်း မိခင် ဒေါ်နန်းစု၏ သွေးက စကားပြောမယ်ဆိုတဲ့ အားပေးစကားကြောင့် သဇင့်ရင်ဝယ် ဖခင်ကို ပြေးကာ တွေ့လိုက်ချင်တော့သည်။

"ကဲ...သဇင် နံနက်စာ စားကြရအောင်"

"ဆာတောင် မဆာသေးသံလိုဘဲ"

"ဘာလဲ ဖခင့်ကို တွေ့ရတော့မယ်ဆိုလို ဗိုက်ပြည့်သွားပြီလား"

"ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...လာပါ စားလိုက်ရအောင်"

သူငယ်ချင်းတို့ မိသားစုသုံးဦးနှင့်အတူ သဇင်တို့ ထမင်းစားဝိုင်းသည် စည်သွားသည်။

ဆယ်တန်းအောင်ကတည်းက ရန်ကုန်ကို ပြောင်းရွှေ့ပြီး စီးပွားရေး အခြေချနေသော ငယ်သူငယ်ချင်း နန်းနုနုထွေးကို ယခုမှ ပြန်လည်ဆုံတွေ့ရသဖြင့် ဝမ်းသာအားရ တပြုံးပြုံးနှင့် ရှေ့ဟောင်းနှောင်းဖြစ်ကို ပြောမဆုံးအောင် ဖြစ်နေမိသည်။

စားသောက်ပြီး သွားပြီးနောက်–

"ကဲ...သဇင် လမ်းမှာ အိပ်ရေးပျက်လာတယ် မဟုတ်လား၊ တစ်ရေးအိပ်လိုက်"

သူငယ်ချင်း အိပ်ခိုင်းသော်လည်း သဇင်မှာ ဖခင်ကို တွေ့လိုစော ကပ်နေသည်။

"ကဲကွာ မအိပ်ချင်ပါဘူး၊ အိပ်လို့လဲ ပျော်မှာမဟုတ်ဘူး"

"အိပ်လိုက်ပါ သမီးရယ်၊ အန်ကယ် အလုပ်ကိစ္စရှိလို့ သွားလိုက်ဦးမယ်၊ ပြန်လာမှ လိုက်ပို့ပေးမယ်"

မရဘူး ခုလိုက်ပို့လို့ သဇင် နွဲ့ဆိုးဆိုးလိုက်ချင်သည်။ သို့ပေမဲ့ မိမိဖခင် မဟုတ်တော့ အခက်သား။ ထို့ကြောင့်





တတ်သာ၍ ခေါင်းညိတ်လိုက်ရသည်။

"ကဲ...သဇင် အိပ်မရလည်း အောက်ဆင်းပြီး လမ်းလျှောက်ရအောင်"

သဇင်လည်း သူငယ်ချင်းနှင့် လွတ်လွတ်လပ်လပ် စကားပြောလိုသည်မို့–

"ကောင်းသားပဲ ဗိုက်လေးနေတာနဲ့ အတော်ပဲ"

နှစ်ယောက်သား ရွှေဂုံတိုင် လမ်းအတိုင်း လျှောက်လာခဲ့ကြသည်–

"အန်တီဆီ ဖုန်းဆက်ပြီးပြီလား"

"မဆက်ရသေးဘူး"

"ဆက်လိုက်လေ ရန်ကုန်ရောက်နေပြီလို့"

သဇင် စဉ်းစားလိုက်မိသည်။

မေမေ စိတ်ပူနေမည်ကို သိသည်။ မန္တလေးမှာရှိစဉ်က နီးနေလို့ လိုက်လာမှာစိုး၍ ဖုန်းမဆက်ဖြစ်ခဲ့၊ ယခု ရန်ကုန်ရောက်နေပြီမမို့ လိုက်လာလျှင် အနီးလေး၊ တော်ကြာ ဖခင်နှင့်မိခင် မတွေ့ရသေးခင် အမေလိုက်လာပြီး ပြန်ခေါ်သွားမှာစိုးသည်။

သို့ပေမဲ့–



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ဆိုတာ အကျယ်ကြီး၊ လိပ်စာမသိလျှင် ရှာလို့ လွယ်မှာမဟုတ်၊ ဖုန်းမဆက်ပြန်ရင်လည်း အမေ စိတ်ပူနေမယ်၊ ဒီတော့ ဆက်မယ်၊ တည်းတဲ့လိပ်စာ မပြော သဇင် ဆုံးဖြတ်လိုက်သည်။

"အေး...ဆက်မယ် ဖုန်း ဘယ်မှာလဲ"

"ဟိုမှာ"

သူညွှန်တဲ့ဆီ လှမ်းကြည့်လိုက်တဲ့အခါ ဆက်သွယ်ရေး ဌာန၏ အများသုံးဖုန်းကို တွေ့လိုက်သဖြင့် သဇင် အရော သွားလိုက်သည်။

သို့သော် တကယ်တမ်း အမေ့ကို ဆက်သွယ်ရတော့ ဆိုတော့ သဇင့် ရင်မှာ တုန်လာသည်။ စိတ်မှာ ငိုချင်သ ခံစားလာမိသည်။ အမေတစ်ယောက် ဘယ်လိုဖြစ်နေမ လည်း ဒေါသပို့ပြီး စိတ်ဆိုးနေမည်ကို တွေးကြောက်လိုက် သည်။

"သဇင် ဆက်လေကွာ"

သူငယ်ချင်း၏ တိုက်တွန်းချက်ကြောင့် မိဘ သားသမီးပဲ မရက်စက်နိုင်ကောင်းပါဘူးဟု တွေးလိုက် ဖုန်းကိုကောက်ကိုင်ပြီး နံပါတ်နှိပ်လိုက်သည်။





"ဟဲလို"

တစ်ဖက်မှ မေမေ အသံကြားလိုက်ရ၏။

"မေမေလား"

"ဟုတ်တယ် ညည်း ဘယ်ရောက်နေလဲ"

"ရန်ကုန်မှာ"

"ခု ပြန်လာခဲ့"

"ဖေဖေ့ကိုတွေ့မှ ပြန်လာမယ်"

"မတွေ့နဲ့ ပြန်လာခဲ့"

"မေမေ စိတ်မပူပါနဲ့"

မေမေ မာန်မပြေတဲ့ ဗီတိုအမိန့်များ ထပ်မဆင့်မီ သဇင် ဖုန်းကို ချက်ချင်းချလိုက်သည်။

ဩော်...မေမေနှင့် ဖေဖေတို့ရဲ့ မုန်းမာန်မလျော့လေ သမျှတော့ နှစ်ယောက်ကြားမှာ သဇင် ဘယ်လိုရှေ့ဆက် ခန်းသွားရမည်ကို တွေးမရအောင် ဖြစ်နေမိလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

ဘုရင့်နောင်ပွဲရုံများတွင် ရောင်းသူဝယ်သူများနှင့် အထူ
စည်ကားလှသည်။ နယ်မှ ကုန်တင်ကားများကို တွေ့ရသ
ကားငယ်လေး များစွာကလည်း နေရာယူထားကြသည်။

သခင်မှာ ဖခင်ကို တမ်းတနေသည့် စိတ်အပြင် သ
အသံ ထောင့်တစ်နေရာဝယ် မသိမသာ နေရာယူနေသည
ကိုဖော်ကို တွေ့လိမ့်နိုးနှင့် ကားပေါ်ကနေ မျက်စိကစားက
ရှာကြည့်နေမိသည်။ သို့သော် မဆုံချင်တော့ ရှာသော်လည
မတွေ့ပေ။

ကားရပ်လိုက်တော့မှ သဇင် လာရင်းအကြောင်း
သတိရလာပြီး ဖခင်ကို တွေ့ပါမလားလို့ ရင်ခုန်လိုက်
သွားသည်။





ဦးစိုင်းဝဏ္ဏသည် ဆန်ပွဲရုံထဲသို့ ဝင်ရောက်လိုက်သည်။
သဇင်တို့လည်း နောက်မှ လိုက်ဝင်ကြသည်။ စားပွဲရှိ ကုလား
ထိုင်ပေါ်တွင် ထိုင်နေသော စာရေးဖြစ်သူကို–

"ဒီမှာ အန်ကယ် စုံစမ်းစရာ ရှိလို့ပါ"

"ဆန်ဈေးလား ခင်ဗျာ"

"မဟုတ်ပါဘူး လူ"

"ဟုတ်ကဲ့ ဘယ်သူလဲ ခင်ဗျာ"

"ဒီဆိုင်မှာ ဆန်လာရောင်းတဲ့ ဦးအိုက်စံကို တွေ့ချင်
လို့ပါ"

"ကျွန်တော်တို့ ပွဲရုံကို ဆန်လာရောင်းတဲ့ ကုန်သည်
တွေထဲမှာ ဦးအိုက်စံ မရှိပါဘူး"

ဦးစိုင်းဝဏ္ဏ ခေတ္တတွေဝေသွားပြီး–

"အန်ကယ် သူနဲ့တွေ့တုန်းက မင်းတို့ပွဲရုံကို လက်ညှိုး
ထိုးပြပြီး ဆန်လာရောင်းတယ် ပြောတာပဲ"

"တော်သေးတာပေါ့၊ လက်ညှိုးထိုးပြီး ပွဲရုံကို မရောင်း
လို့"

"ငါ ဒီလောက် မအဘူး"

ဦးစိုင်းဝဏ္ဏက မျက်နှာကြောတင်းကာ ပြောလိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



သူက ပျာပျာသလဲ ထလိုက်ပြီး။

"ကျွန်တော်က အန်ကယ်ကို အထင်သေးလို့ ပြော... မဟုတ်ပါဘူး၊ ရန်ကုန်မှာ သူများပစ္စည်းကို ကိုယ့်ပစ္စည်း... ပုံမှားရိုက်ပြီး လက်ညှိုးထိုး အသုံးချတဲ့ လူလည်တွေများလို့..."

သူ့စကားကြောင့် သဇင် ဒေါသဖြစ်သွားသည်။

"ရှင်က ကျွ... အဖေကို လူလည်လို့ ပြောတာ..."

"ဒီလိုလဲ မဟုတ်ပါဘူး

"ဒီလိုမဟုတ်ရင် ဘယ်လိုလဲ ပြော"

သဇင်တို့နှင့် စာရေး စကားအခြေအတင် ပြော... ကြောင့် ပွဲရုံရှိ လူများက ဝိုင်းကြည့်လာကြသည်။

ထိုစဉ်–

"ဟော့...မျိုးသန့် ဘာဖြစ်နေတာလဲ"

အသက်ခြောက်ဆယ်ခန့် ပွဲရုံပိုင်ရှင်ဖြစ်ဟန်တူသော... လူကြီးထွက်လာပြီး မေးလိုက်တော့မှ စာရေးဖြစ်သူ... မဖြေခင် ဦးစိုင်းဝဏ္ဏက ဦးစွာရှင်းပြလိုက်သည်။

"ဒီလိုပါ ဒီမှာ ဦးအိုက်စံဆိုတဲ့ ဆန်ကုန်သည်ရှိလား... မေးတာပါ"

"ကျုပ်တို့ဆီမှာ ဦးအိုက်စံနာမည်နဲ့ ဆန်ကုန်သည်...





...ိုပါဘူး၊ ပွဲရုံများမှားနေသလား"

"မမှားပါဘူး၊ လွန်ခဲ့တဲ့ ဆယ်ရက်လောက်တုန်းက ...ဆိုင်မှာပဲ သူနဲ့ ကျွန်တော်တွေ့တာ"

"အဲဒါ ဒီဆိုင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ပတ်သက်လား မပတ်သက်လားတော့ မသိဘူး၊ သူ့ကို ...ျွန်တော်မြင်တဲ့အချိန်မှာ ဒီသူဌေးက သူ့ကို ဘောင်ချာဖြတ် ...ပေးနေတာတွေ့တယ်၊ ကျွန်တော်လဲ အိုက်စံနဲ့တူပါတယ်ဆိုပြီး ...ဆိုင်ရှေ့ကနေ လှမ်းကြည့်နေတယ်၊ နောက်တော့သူထွက် ...လာတော့ ထင်တဲ့အတိုင်း အိုက်စံဖြစ်နေတယ်၊ သူက ဒီပွဲရုံ ...မှာ ဆန်လာရောင်းတာလို့ ပြောတယ်"

ဦးစိုင်းဝဏ္ဏက တိကျသေချာစွာ ပြောပြလိုက်တော့မှ ထိုပုဂ္ဂိုလ်ကြီးက တွေဝေစဉ်းစားလိုက်ပြီး။

"မျိုးသန့် လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ပွဲရုံကို ဆန်လာရောင်းပြေစာ ဖွင့်တဲ့သူတွေစာရင်း ကြည့်စမ်းကွာ"

မျိုးသန့်က ပြေစာစာအုပ်ကို လှန်လှောကြည့်လိုက်ပြီး။

"လွန်ခဲ့တဲ့ ဆယ်ရက်ပတ်ဝန်းကျင်က ဦးအုန်းမောင်၊ ဦးတင်အုန်း၊ ဦးခင်မောင်ဝင်း၊ ဦးလှထွန်း၊ ဦးဇော်သိမ်းတို့ပဲ ...လာရောင်းကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအိုက်စံနာမည် ပါမလာ။

သခင် စိတ်ညစ်သွားသည်။

ဦးစိုင်းဝဏ္ဏက နာမည်တွေကို သူမှတ်စု စာအုပ်ထဲမှာ ရေးမှတ်ပြီးနောက်။

"သေသေချာချာ ကြည့်ပေးပါဦး၊ ကျန်များကျန်နေ သလားလို့"

ဦးစိုင်းဝဏ္ဏက အလိုရှိသည့်နာမည် မပါလာ၍ ထပ် မေးသည်။

"မကျန်တော့ပါဘူး၊ ဒါ ဒီပွဲရုံကို လာရောင်းတဲ့ဆ ကုန်သည်အကုန်ပါဘဲ"

"သူတို့ ဘယ်မှာနေကြပါလဲ"

"အားလုံး ဖျာပုံသားတွေပါပဲ၊ ဖျာပုံမှာတော့ နာမည် ကြီး ကုန်သည်တွေပေါ့"

ဇော်သီဟ နာမည်ကြားလိုက်ရကတည်းက သခ သူ့ကို သတိရလိုက်သည်။ လက်စသတ်တော့ သူကလည်း ဆန်ကုန်သည်သည်ပေကိုး။ သူပဲဖြစ်ဖို့ များပါသည်။ သို့ မယ့်–

ဖခင်နှင့် ပတ်သက်၍ ဘဲဥ အစရှာမရအောင် သဲလွ





ပျောက်ကွယ်သွားသည်မို့ ရင်ဖိုလိုက်မောလာပြီး ဦးစိုင်းဝဏ္ဏကို ကြည့်လိုက်ကာ။

"အန်ကယ် ဘယ်လိုလုပ်မလဲဟင်"

ဦးစိုင်းဝဏ္ဏက ခေါင်းငုံ့ကာ တွေဝေစဉ်းစားနေသည်။ ပြီးနောက်–

"ကျေးဇူးတင်ပါတယ် ခွင့်ပြုပါဦး၊ သမီးတို့ ပြန်ကြရအောင်"

ရုတ်တရက် နှုတ်ဆက်ပြီး လှည့်ပြန်လိုက်သော ဦးစိုင်းဝဏ္ဏကို ပွဲရုံမှလူများက ငေးမောကာကျန်ရစ်ခဲ့သည်။ သခင်လည်း ကြောင်အမ်းအမ်းဖြင့်သာ ကားရှိရာ ပြန်လာခဲ့ရသည်။

"အန်ကယ် ဘယ်လို လုပ်ကြမလဲ"

သခင် အသံမှာ ရှိုက်သံနှောလာသည်။

"အန်ကယ်တို့ အတွင်းရေးကို သူတို့ရှေ့မှာ မပြောချင်လို့ ထွက်လာတာ၊ အန်ကယ် တွေးမိလိုက်တာက သမီးအဖေဟာ ဒေသကို အကြောင်းတစ်ခုနဲ့စွန့်ပြီး လာတဲ့သူဆိုတော့ သူ့နာမည်ကို ဒေသကလူတွေ မသိအောင် ပြောင်းထားမယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရေကြည်ရာမြက်နုရာကို အန်ကယ်တို့လို ဒေသကိုစွန့်ပြီး ရန်ကုန်မှာ



www.burmeseclassic.com

www.burmeseclassic.com



အခြေချတဲ့သူတွေ များနေတယ်လေ"

ဦးစိုင်းဝဏ္ဏ အတွေးကို သဇင် သဘောပေါက်သွားသည်။ နောက်ပြီး–

ပွဲရုံကပြောသည့် ကုန်သည်များထဲမှ ဦးဇော်သီဟဆိုတာ သူများဖြစ်နေမလားဟု ထင်မှတ်လိုက်ဟန်ရှိသည့် ကိစ္စကို–

"ထွေး"

"ပြော"

"သဇင်ကို လိုက်ပို့တဲ့ ကိုဇော်သီဟက ဖျာပုံသားဆိုတော့"

သဇင့် အတွေးကို နှင်းနုနုထွေး၊၊ တွေဝေစဉ်းစားလိုက်ပြီး–

"အင်း...နာမည်တူတဲ့အပြင် နေရပ်ပါတူနေတယ်ပြီးတော့ ဘာရောင်းဝယ်မှန်းတာမသိတာ ကုန်သည်တော့ ကုန်သည်ဆိုတော့ ဖြစ်နိုင်ဖို့ နီးစပ်တယ်၊ သေချာအောင် သွားမေးလိုက်ကြရအောင်"

"ဘယ်သွားမေးမှာလဲ"

"ဒီပွဲရုံကိုပဲပေါ့"

"ကဲ...လာ သွားမေးကြမယ်"





သဇင်နှင့် နှင်းနုနုထွေးတို့ ထွက်သွားကြသည်ကို ဦးစိုင်းဝဏ္ဏက ငေးကြည့်နေမိရင်း ကားမှာ ကျန်ရစ်ခဲ့သည်။

သဇင်တို့ ပွဲရုံထဲ ပြန်ဝင်လာသဖြင့် ပွဲရုံရှိ လူများက စိတ်ဝင်စားစွာ ကြည့်နေကြသည်။ သဇင်တို့က ပွဲရုံပိုင်ရှင် ဘိုလ်ကြီးထံ တိုက်ရိုက်သွားပြီး။

"ကျွန်မ မေးစရာ တစ်ခုရှိလို့"

"မေးပါ ကလေးမ"

ခုနကပြောတဲ့ ကုန်သည်တွေထဲက ဦးဇော်သီဟဆိုတာ ကျွန်မသိတဲ့ သူများဖြစ်နေမလားလို့ပါ"

"ဇော်သီဟလား မနက်ကတောင် လာသွားပြီး မန္တလေးသက်ဆောင် ထိုးမုန့်တွေ ပေးသွားသေးတယ်"

"ဒါဖြင့် သူလားရှိုးက ပြန်ရောက်လာပြီပေါ့"

ပို၍သေချာအောင် သဇင် မေးလိုက်ပြန်သည်။

"ဟုတ်တယ် ပြန်လာပြီး၊ ခု သမိုင်းမှာ သွားတည်းတယ်"

သဇင် ဝမ်းသာသွားပြီး ပြုံးပန်းတစ်ပွင့် ချွေလိုက်သည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ပြန်လိုက်ပါဦးမယ်"

ပွဲရုံပိုင်ရှင်က ခေါင်းညိတ်ကာ အဖြေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်လူများက သူတို့အတွေးနှင့် ထင်မြင်ချက် အမျိုး
ပေးကာ နေကြပေတော့မည်။

"အန်ကယ် သဲလွန်စတော့ရပြီ"

"ဘယ်လိုရတာလဲ"

သဇင်က ပွဲရုံဆန်ကုန်သည် ဇော်သီဟနှင့် သူနှင့်အ
ပြန်လာသည့် ဇော်သီဟက တစ်ယောက်တည်းဖြစ်ကြော
ပြောပြလိုက်သည်။

"ဟုတ်လား ခု သူဘယ်မှာရှိမလဲ"

"လိပ်စာကတ် ပေးထားတယ်"

ဦးစိုင်းဝဏ္ဏသည် သဇင် ပေးလိုက်သော လိပ်စာ
ကိုကြည့်ပြီး-

"ဒါဖြင့် သူ့ကို သွားတွေ့လိုက်ကြရအောင်"

သဇင်တို့သည် ဘုရင့်နောင်ပွဲရုံကို ကျော်ခိုင်း
ဇော်သီဟရှိရာသို့ ကားဖြင့် ထွက်လာခဲ့ကြသည်။

မကြာလိုက်ပါ၊ လိပ်စာအတိုင်း ရောက်ရှိလာသည
သဇင်က ဆန္ဒဇောကပ်နေသူမို့ ကားပေါ်မှ အလျှင်ဆ
လိုက်ပြီး ခြံဝင်းတံခါးပေါက်ကနေ-

"ကိုဇော်သီဟ ကိုဇော်သီဟ"





သဇင့်အသံကြောင့် တိုက်အိမ်ထဲမှ မိန်းမကြီးတစ်
ယောက် ထွက်လာပြီး-

"မောင်ဇော် ဖျာပုံ ပြန်ဆင်းသွားပြီ"

"ရှင်"

မျှော်လင့်ချက်ကို အမှောင်ကျသွားသည်မို့ သဇင့်ခေါင်း
ထဲမှာ မိုက်ခနဲ မူးနောက်သွားသည်။ သို့သော် သတိထား
လိုက်သည်။

"ဘာကိစ္စရှိလို့ပဲ သူငယ်မ"

"သူဘယ်အချိန်က ဆင်းသွားတာလဲဟင်"

သဇင် လာရင်းကိစ္စကိုမပြော၊ သူနှင့်တွေ့ဖို့သာ အဓိက
ထားပြီး မေးနေမိသည်။

"ညနေသုံးနာရီလောက်က ကိစ္စရှိလို့ဆိုပြီး လေးနာရီခွဲ
ထွက်မယ့် ဖျာပုံသင်္ဘောအမီ ဆင်းသွားတာပဲ"

သဇင် နာရီကြည့်လိုက်သည်။

ညနေ ငါးနာရီထိုးနေသည်။

သဇင့် ခဲလေသမျှ သဲရေကျသွားခဲ့သည်မို့ ရပ်နေသည့်
နေရာ၌ပင် လဲကျမတတ် ဖြစ်သွားသည်။ ရင်မှာ စို့တက်လာ
ပြီး ငိုချင်လာသဖြင့် အိမ်ရှင်ကိုပင် နှုတ်မဆက်နိုင်ဘဲ ကားရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာသို့ ပြေးလျှောက်လိုက်တော့သည်။

"အားမငယ်ပါနဲ့ သမီးရယ်၊ အန်ကယ် မွေးထားတဲ့မီး အန်ကယ် ပြန်ငြိမ်းပေးပါမယ်"

ဦးစိုင်းဝဏ္ဏက သဇင်ဖခင် ဦးအိုက်စံကို ဘုရင့်နောင်ပွဲ တွင်တွေ့ခဲ့ပြီး သမီးဖြစ်သူ နှင်းနုနုထွေးကတစ်ဆင့် သတင်း ပေးပို့လိုက်မှုကြောင့် လိုက်လာခဲ့ရသော်လည်း ဖခင်ကို မတွေ့ ရသဖြင့် ဝမ်းနည်းစွာ ရှိုက်ငိုနေသော သဇင်ကို အားပေး လိုက်သည်။

လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နက်နေသော ဖခင် ရာပုံတော် ခရီးဝယ် အားငယ်ရသူ မိန်းမသားလေး သဇင်မှာ မျက်ရည်ကိုသာ အဖော်ပြုနေရပေသည်။

"ဟုတ်ပါတယ် သဇင်ရယ်၊ ပျောက်သောသူ ရှာရင် တွေ့မှာပဲ အားမလျှော့ပါနဲ့၊ သဇင့်အဖေကို မတွေ့တွေ့အောင် ထွေးတို့ ရှာပေးပါမယ် တိတ်တော့နော်"

နှင်းနုနုထွေးတို့ သားအဖ အားပေးနှစ်သိမ့်မှုကြောင့် သဇင့် ရှိုက်သံက တဖြည်းဖြည်း တိမ်၍တိမ်၍ သွားပေသည်။

* * *





# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

ဖျာပုံသို့ ရန်ကုန်မှ နံနက် (၇) နာရီထွက်မည်။ သင်္ဘော နှင့် သွားရမည်ဖြစ်သဖြင့် နံနက် (၄) နာရီလောက်ကပင် ဒီရိယကောင်းစွာ အိပ်ရာမှ ထခဲ့သည်။

ဦးစိုင်းဝဏ္ဏက ဖျာပုံတွင် ပြည်ပပို့ကုန်အဖြစ် ငါးလုပ်ငန်းလုပ်ကိုင်နေသော ညီဖြစ်သူ ဦးစိုင်းသူရကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောထားသဖြင့် သဇင် လျော့ကျသွားသောအားများ ပြန်လည်ပြည့်ဝလာသည်။

ဖခင်တစ်ယောက်ဖျာပုံမှာ ရှိလိမ့်မည်ဟုလည်း သဇင် ဆင်နေသည်။ ထို့ကြောင့် ဖခင်နှင့် တွေ့ရမည်ဖြစ်သနို့ အသည်းထောင့် တစ်နေရာမှာ လာရောက် ခိုနားနေသည့် ကိုဇော်နှင့် လည်း တွေ့ရမည်ဖြစ်သဖြင့် သဇင် လက်ကြွနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အန်ကယ် ဦးစိုင်းဝဏ္ဏက လုပ်ငန်းကိစ္စရှိနေ၍ ဖျာပုံသို့ လိုက်မပို့နိုင်ပေမယ့် သမီးဖြစ်သူ နန်းနုနုထွေးကို အဖော်ပြု ထည့်ပေးလိုက်သည်။ ရန်ကုန် သင်္ဘောဆိပ်ကိုတော့ အန်ကယ် တို့က လိုက်ပို့ပေးသည်။

"သမီးတို့ စိတ်အေးချမ်းသာသွား၊ အန်ကယ် ဖုန်းဆက် ထားလို့ သူတို့ ဆိပ်ကမ်းကနေ ကြိုဆိုနေကြမှာ၊ ပြီးတော့ အခြေအနေကို အန်ကယ့်ဆီ ဖုန်းပြန်ဆက်နော်"

"ဟုတ်ကဲ့"

အန်ကယ်တို့ကို နှုတ်ဆက်ပြီး သဇင်တို့သင်္ဘောပေါ် တက်ရောက်ခဲ့ကြသည်။

သင်္ဘောက နှစ်ထပ်ခွဲဖြစ်ပြီး ကျယ်ဝန်းလှသည်။ သဇင် တို့က ပထမတန်း နှစ်ယောက်အိပ် အိပ်ခန်းမှာ နေရာရသည်။

တောင်ပေါ်သူ သဇင်အနေဖြင့် ရေလမ်းခရီးကို အိပ်မက် ပင် မမက်ခဲ့၊ သင်္ဘောမစီးဖူးသူမို့လည်း ကြောက်နေမိသည်။

သို့သော်–

လေနုအေးကို ရှူရှိုက်ပြီး ရေပြင်ပေါ်ဝယ် ပြေးလွှားနေ သော လှေ၊ သမ္ဗန်နှင့် စက်တပ်ရေယာဉ်မျိုးစုံတို့ကို မြင်တွေ့ နေရသောအခါ စိတ်ဝယ် ကြည်နူးလာမိသည်။





သဇင့်အတွက် အမြင်ဆန်းနေသော ပတ်ဝန်းကျင် အသစ်ကို စိတ်ဝင်တစား ကြည့်ရှုနေမိသည်။

သင်္ဘောကြီးက ရေလွှာခွဲပြာလျက် ခရီးနှင်နေသည်။

"ဟော့"

သဇင် နောက်ကျောကို နောက်ကနေ ရုတ်တရက် ဘွန်းလိုက်သောကြောင့် သဇင့်ရင်ဝယ် ထိတ်ပျာသွားသည်။ လှည့်ကြည့်လိုက်သည့်အခါ နန်းနုနုထွေး ဖြစ်နေသည်။

"ထွေး မကောင်းဘူးကွာ၊ ဒီမှာဖြင့် လန့်သွားတာပဲ"

"မကြောက်ပါနဲ့၊ ရှေ့မှာ သံတန်းတွေ ရှိပါတယ်"

"ရှိမှန်းတော့ သိတာပေါ့၊ ဒါပေမဲ့ တစ်ခါမှ မစီးရတော့ ကြောက်နေတာပေါ့"

"မကြောက်ပါနဲ့ ထွေးလဲ စစီးကာစတော့ ကြောက် တာပေါ့၊ သွားဖူးတော့လဲ ရိုးသွားတာပဲ"

"ထွေးက ခဏခဏ သွားသလား"

"မသွားပါဘူး၊ တစ်ခါတုန်းက ဦးလေးဆီ အလည်သွား တာပါ"

"အင်း...သင်္ဘောစီးရတာ ငြိမ့်လဲငြိမ့်တယ်၊ ပျော်ဖို့လဲ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



သဇင်၏ မှတ်ချက်စကားကြောင့် အတူပြုံးပျော်နေ
သည့် မျက်နှာပေးကို နှင်းနုနုထွေးက ကြည့်လိုက်ပြီး။

"ဘာလဲ သဇင်၊ ဖခင်နှင့် တွေ့ရမှာမို့ ဝမ်းသာနေတာ
လား၊ ဒါမှမဟုတ် သူနဲ့တွေ့ရမှာမို့လား"

"နှစ်ခုစလုံး မှန်တယ်"

ငယ်သူငယ်ချင်းတွေမို့ ရင်ဝယ်သိုဝှက်မထားဘဲ၊ ပွင့်ပွင့်
လင်းလင်း သဇင် ဝန်ခံလိုက်သည်။

"ဪ...ဒါနဲ့ သဇင်ကို မေးရဦးမယ်"

"ဘာလဲ, မေး"

"မှန်မှန်ဖြေရမယ်နော်"

"ဖြေပါ့မယ်တဲ့ရှင်"

"ဒါဖြင့်ရင် သဇင်နဲ့ ကိုဇော်က လားရှိုးကနေ အတူ
လာကြတာလည်း ပြောတယ်၊ သူဖျာပုံမှာနေတာ မသိဘူး
လား"

"ဟော့...အေး သဇင်ကလဲ မမေးဘူး၊ သူကလဲ
မပြောဘူး"

"ဘာဖြစ်လို့ မမေးတာလဲ"

"အို...ထွေးကလဲ မေးရင် သိက္ခာကျသွားမှာပေါ့၊ သူ့ကို





စိတ်ဝင်စားလို့ ထင်နေဦးမယ်"

"စိတ်ကော မဝင်စားလို့လား"

သဇင်ကို ထွေးက မျက်စောင်းထိုးကာ ကြည့်လိုက်
သည်။ ကျားရှေ့ ဒူးထောက်လဲသည့် ယုန်သူငယ် သဇင်က
ထွေး ပခုံးလေးကိုမှီကာ–

"ဝင်စားတာတော့ ဝင်စားတာပေါ့၊ ဒါပေမဲ့ ကိုယ်က
မိန်းကလေးဆိုတော့ ဘယ်မေးရဲမလဲ"

"ဪ...မပြောလိုက်ချင်ဘူး၊ သူ့အကြောင်းတော့
သိက္ခာကျမှာစိုးလို့ မမေးဘူး၊ ကိုယ့်အကြောင်းကျတော့
ဘာဖြစ်လို့ သွားပြောရတာလဲ"

"ဒါကလဲ သူ သဇင်ကို တစ်ကိုယ်တော် လေလွင့်နေ
တယ်လို့ အထင်သေးမှာစိုးလို့ ပြောတာ"

"တော်သေးတာပေါ့"

သူငယ်ချင်း၏ စွဲချက်တွေကို ချေပနေရသည့် သဇင်မှာ
နောက်ထပ် ဘာစွဲချက်များ စွဲဦးမလဲဟု စောင့်စားနေလိုက်
သည်။ သူငယ်ချင်းက ရင်ထဲရှိသည်ကို ထပ်ဆင့်လိုက်
ပြန်သည်။

"သူက လူပျိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ထင်တာပဲ"

"သေလိုက်ပါတော့ သဇင်ရယ်"

"အို...ထွေးကလဲ သူက တစ်လမ်းလုံး အကော
မပြောဘူး၊ မိန်းမ ရှိတယ်လို့လဲ ပြောတယ်"

"ဒါကို သဇင်က ဘာဖြစ်လို့ လူပျိုထင်နေတာ

ထွေးက မကျေမနပ်နှင့် သဇင်နှင့် မျက်နှာချင်း
လိုက်သည်။

"ဒါက သူ့ သူငယ်ချင်းတွေကပြောတော့ လူပျိုကြီး

"ကြည့်လဲလုပ်ပါဦး သဇင်ရယ် တော်ကြာ"

ထွေးက သဇင်ကို စိုးရိမ်စိတ် လွှမ်းကဲနေသည်။

"မစိုးရိမ်ပါနဲ့ ထွေးရာ၊ သူ လိမ်နေမှန်း သဇင် သိ
တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အသက် အစိတ်လော
ကလေး ခြောက်ယောက်ဆိုတာ မဖြစ်နိုင်မှန်းသိတယ်"

"အို...ဒါကလဲ ကလေးအမေကို ယူထားရင် မဖြစ်
ဘူးလား"

ထွေးပြောတာ တွေးကြည့်ရင် ဖြစ်နိုင်သည်။

သို့ပေမဲ့–

ကိုဇော် အပေါင်းအသင်းတွေ ပြောစကားအရ မဖြစ်





ခောက်ပြီး သူ့အပြောအဆို အနေအထိုင်က အိမ်ထောင်ရှင်
တစ်ယောက်နှင့် လားလားမျှမတူ၊ အင်းလေ လမ်းဆုံးရင်တော့
သိတွေ့ရမှာပဲဟု သဇင်တွေးကာ ဖြေသိမ့်နေလိုက်သည်။

"သဇင်ကို မေးရဦးမယ်"

"ဘာမေးဦးမလဲ၊ ခုမှ ဂျာနယ်လစ်တွေရဲ့ အင်တာဗျူး
နဲ့ လာတွေ့နေရတယ်"

"ဗျူးရမယ် သဇင်ရေ၊ သမီးကညာ အခါသင့်ပြီဆိုတော့
သင်ကောင်းသားကောင်းရအောင် ဗျူးနိုင်မှ တော်ကာကျမှာ"

"ဟုတ်ကဲ့ မေးပါ မမေ"

"နောက်မနေနဲ့ အတည်မေးမှာ"

"သမီးကလဲ အတည်ဖြေပါမယ်"

"ကဲ...နောက်ဦး"

"အား"

ထွေးက သဇင့် ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်သဖြင့်–

"မနောက်တော့ပါဘူး လွှတ်ပါတော့"

ထွေးက လွှတ်လိုက်ပြီးနောက်–

"ကိုဇော်က ဆန်္ဒကုန်သည်ဆိုတာ သဇင် အစက မသိ
ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ခုမှသိတာ"

"ဒါဖြင့် စတွေ့တုန်းက သူဘာလုပ်ငန်းလုပ်တယ် ပြောလဲ"

"ဒါလဲ အကောင်းမပြောဘူး၊ လူကုန်ကူးတယ်လေး ဘာလေးနဲ့ ရှုတ်ရှုတ်နှောက်နှောက် ပြောနေခဲ့တာပဲ"

"အောင်မလေး သဇင်ရယ်၊ ဘာမှမသိဘဲနဲ့များ စိတ်ဝင်စားရတယ်လို့၊ ညည်းအစား ကျုပ် ရင်လေးပါတယ်"

ထွေးက ပြောပြီးနောက် အခန်းထဲဝင်သွားပြီး အိပ်ရာပေါ် လှဲကာ နဖူးပေါ် လက်တင်ကာ ပင့်သက်ချနေသည်၊

"သဇင်က ထွေးဘေးမှာ ဝင်ထိုင်လိုက်ပြီး–

"စိုးရိမ်တော်မမူပါနဲ့ သူငယ်ချင်းရာ၊ သဇင်က ကလေးမှ မဟုတ်တာ၊ ခုကြည့်လေ သူဟာ ဆန်ကုန်သည်မှန်း သိရပါပြီ၊ မိန်းမရှိ–မရှိဆိုတာလဲ ဖျာပုံရောက်ရင် သေသေချာချာ သိရမှာပဲ"

"ဒါပဲနော် သဇင် ထွေးမသိပဲ၊ သူခေါ်ရာကို မလိုက်နဲ့နော်"

"စိတ်ချပါကွာ၊ ထွေး မသိဘဲ ဟိုဟာတောင် သွားမတက်ဘူး"





"ဘာလဲ"

"အိမ်သာ"

"ကဲ...ရှဲ့ဦး သဇင်စုတ်"

ထွေးက ဟွန်းဖယ်လိုက်သည်မို့ သဇင် ထလိုက်ကာ ကိုယ့်အိပ်ရာပေါ် လဲလျောင်းလိုက်သည်။ ညက အိပ်ရေးပျက်ခဲ့ရသည်မို့ မျက်လုံးက စင်းလာသည်။

"သဇင် မအိပ်နဲ့ဦး၊ နံနက်စာ သွားစားရအောင်၊ စားပြီးမှ အိပ်ကြတာပေါ့"

ထွေး အစီအစဉ်ကို သဇင် လိုက်နာလိုက်သည်။ မစားသေးဘဲ အိပ်တော့လည်း ထပြီးထမင်းစားရဦးမယ်၊ ပြီးတော့ ပြန်အိပ်နှင့် အလုပ်ရှုပ်သည်မို့ ထမင်း အလျင်စားလိုက်ရန် သဇင် ထလိုက်သည်။

သင်္ဘောအောက်ထပ်ဝယ် ခရီးသည်များနှင့် ပြည့်နေသည်၊ အချို့က အိပ်နေသည်၊ အချို့က ထိုင်နေကြသည်။ သွားလာလှုပ်ရှားနေသူ အချို့သာရှိသည်။ ယောကျ်ား မိန်းမ ခွဲခြားဘဲ ရောကာ နေထိုင်နေကြသည်။

တော်ပါသေးရဲ့ "အခန်းရလိုက် ပေလို့သာပေါ့ ဟု သဇင် ပင့်သက်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



လေကားပေါ်ကဆင်းပြီး ထမင်းဆိုင်သို့အသွား လူသွားလမ်းမပေါ်သို့ ခြေဆင်းပြီး နတ်စည်းစိမ် ခံစားနေသည့်အလား မြိန့်မြိန့်ကြီး အိပ်နေသည့် မိန်းမကြီးကြောင့် သဇင် ဆက်သွားရန် တွန့်သွားမိသည်။ သင်္ဘောဟွန်းသံနှင့်အပြိုင် ပါးစပ်မှ ဟောက်နေသောကြောင့် နိုးပြီး ဖယ်ခိုင်းပြန်ရင်လည်း အခက်၊ ကျော်သွားရမှာလည်း ကိုယ့်ထက် အသက်ကြီးသူဆိုတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်။

"သဇင် သွားလေ"

"သွားလို့မရဘူး ဒီမှာ"

"အို...ဒီလိုပဲ သင်္ဘောတို့ ရထားတို့က ဒီအတိုင်းပဲ ငရဲကြီးမှာ ကြောက်နေလို့ မရဘူး၊ သွားနှိုးပြန်ရင်လဲ စိတ်ဆိုးပြီး ရန်တွေ့ခံရဦးမယ်၊ သူများတွေတောင် ကျော်လွှားသွားနေတာပဲ၊ နောက်ပြီး ကျော်ရမှာက ခေါင်းမှမဟုတ်တာ ကျော်သာကျော်"

ထွေး၏ တိုက်တွန်းချက်ကြောင့် သဇင်လည်း မတတ်သာပဲ ကန်တော့ဟုဆိုကာ ကျော်လွှားလိုက်သည်။

ထမင်းဆိုင်ဝယ် လူပြည့်နေသဖြင့် နေရာမရဖြစ်နေသည်။ အလှည့်ကျအောင် ရပ်စောင့်နေရပေမည်။ ထွေးက





အတွေ့အကြုံရှိသူပီပီ ထမင်းကြော်နှစ်ပွဲမှာကာ အခန်းထဲသို့ ပို့ခိုင်းခဲ့သည်၊ ပြီးနောက် ရေသန့်ဘူးဝယ်ကာ အခန်းထဲသို့ ပြန်လှည့်လာခဲ့သည်။

နှစ်ယောက်သား ထမင်းစားပြီးနောက် အခန်းတံခါး ပိတ်ကာ အိပ်ကြသည်။

သဇင်လည်း အိပ်ပျက်ခဲ့တဲ့ ရက်တွေကြောင့် အိပ်မော ကျသွားသည်။

"သဇင် သဇင် ထတော့ ရောက်ပြီ"

ထွေး၏ အသံကြောင့် သဇင် လန့်နိုးသွားသည်။

သင်္ဘောအောက်ထပ်ဝယ် ခရီးသည်အသံများ ဆိပ်ကမ်း လုပ်သားတွေ၏ ကုန်တင်ကုန်ချသံများ၊ စက်တပ်ရေယာဉ် ငယ်တို့၏ အသံများ နားထဲသို့ စီးဝင်လာသည်။

သဇင်တို့ အခန်းထဲမှ ထွက်လာကြပြီး အောက်ထပ်သို့ ရောက်သည်နှင့်။

"ဦးစိုင်း ဒီမှာ"

ထွေး၏ လှမ်းခေါ်သံကြောင့် ထွေး၏ ဦးလေးဖြစ်ဟန် တူသူသည် သဇင်တို့ရှိရာ လှမ်းကြည့်ပြီး-

"လာ...တူမ ဟိုမှာ မနန်းလဲ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်း၏ ညွှန်ရာကြည့်လိုက်သည့်အခါ အပြုံးတွေဝေပြီး ကြိုဆိုနေသည့် တွေး၏ အဒေါ်ကို လှမ်းမြင်ရသည်။

သဇင် ပတ်ဝန်းကျင်မှာ ကိုဇော်ကို တွေ့လိမ်းနိုးနှင့် ဝေ့ကြည့်လိုက်မိသည်။ မချိန်းထားသည်မှာ မှန်သော်လည်း မမျှော်လင့်ဘဲ ကြုံတွေ့လေမလားဟု ကံတရားကို မှီကြည့်လိုက်သော်လည်း ကံတရားက ကိုယ့်ဘက်မပါပေ။

* * *



## အခန်း(၁၅)

ခံနက်စာ ဈေးဝယ်ထွက်လာသော ဒေါ်နန်းခင်အေးနှင့်အတူ မိုးမြင့်သဇင်နှင့် နန်းနုနုတွေးတို့ လိုက်ပါခဲ့သည်။

တီ...တီ...တီ

နောက်မှ ဆိုင်ကယ်ဟွန်းသံကြောင့် လွတ်ကင်းရာ သမ်းဘေးသို့ ဆင်းပေးလိုက်သည်။

တီ...တီ...တီ

ဘယ်လိုလူပါလိမ့်၊ သဇင် စိတ်ဆိုးလာသည်။ မိမိလည်း ဆိုင်ကယ်စီးနေကျမို့ ဒီလောက် လှမ်းမကျယ်ကြီးကို လွတ်ကင်းစွာ စီးသွားနိုင်သည်။ ဒါ သက်သက်မဲ့ မိန်းကလေးတွေဆိုပြီး လက်သရမ်းကြတာ၊ ဟင်း...ကိုယ့်နယ်မြေ မဟုတ်ဘူးသာပေါ့၊ သဇင့် အကြောင်း ပြလိုက်ချင်တယ် ဟွန်း...”



www.burmeseclassic.com

www.burmeseclassic.com



တီ…တီ…တီ

ထပ်မံပြီး မြည်လာသော ဟွန်းသံကြောင့် သဇင် ဒေါသနေရာမရှေ့တော့ပေ။ ဤလူကို ပညာပေးကာ ဆုံးမလိုက်မည်ဟု လှည့်ကြည့်လိုက်ရာ။

"ဟင်…ကိုဇော်"

မျှော်လင့်နေသူကို အမှတ်မထင် တွေ့လိုက်ရသောကြောင့် ဒေါသတရားတွေ ပျောက်ကွယ်သွားပြီး ဝမ်းသာမှုက ထိတ်ခေါင်တောင်က မျက်ရည်များပင် ရစ်ဝဲသွားမိသည်။

ခွဲခွာနေရသည်မှာ နှစ်ရက်ပင်ရှိသေးသော်လည်း သဇင့်အဖို့ နှစ်ကမ္ဘာခြားသည်နှယ် ခံစားနေခဲ့ရသည်။ သဇင် ဟန်မဆောင်နိုင်ပါ။ ကိုဇော့်ဆီသို့ သွားရောက်လိုက်ပြီး–

"ဝမ်းသာလိုက်တာ ကိုဇော်ရယ်၊ ပြန်မှ တွေ့ပါ့မလားလို့"

"ကိုဇော်လဲ သဇင့်လိုပါပဲ"

"ဒါနဲ့များ ပြန်တာတောင် အကြောင်းမကြားနိုင်ဘူး"

သဇင်က မဲ့ပြုံးလေးတွေချေကာ အပြစ်ဖို့လိုက်သည်။

"အဲဒီနေ့က ဖေဖေက အလုပ်အရေးကြီးတယ် ချက်ချင်းပြန်လာခဲ့ဆိုလို့"





"ဟုတ်ပါတယ် အလုပ်ကြီးအကိုင်ကြီး ဆန်ကုန်သည်ကြီးဆိုတော့ လူကို မေ့သွားတာပေါ့"

"ဟင်…"

သဇင့် စကားကြောင့် သူ အံ့အားသင့်သွားသည်။ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

"ဘာလဲ လူ့ကုန်သည်ဆိုပြီး ဖေဖေ့ဆီ ရောင်းစားလို့မရတော့လို့လား"

"မဟုတ်ပါဘူး၊ ကိုဇော် ဆန်အီရောင်းအဝယ် လုပ်မှန်း ဘယ်လို သိတာလဲလို့ပါ"

"ဩော်…ဒါများ သဇင်က ဓေသူမှမဟုတ်တာ၊ ဘုရင်နောင်ပွဲရုံကိုကော ကိုဇော်တည်းတဲ့ သမိုင်းကိုပါ သဇင် ရောက်ခဲ့ပြီဆိုရင် ယုံသလား"

"ယုံပါတယ် ခုတောင် ဖျာပုံရောက်နေပြီပဲ၊ နောက်ဆို အိမ်တောင် ရောက်ဦးမှာမို့ အရှုံးပေးပါတယ်ဗျာ"

ဇော်သီဟ လက်ဝါးနှစ်ဖက် နဖူးပေါ်တင်ကာ ပြောလိုက်သည်။

ဇော်သီဟနှင့် မိုးမြင့်သဇင်တို့ စကားလက်ဆုံကျနေသည်ကို ဘေးမှ အကဲခတ်ကြည့်နေသည့် နန်းနုထွေးက–



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သဇင် တို့နဲ့ဈေးလိုက်မှာလား၊ ဒီမှာ စကားပြော နေမှာလား"

သဇင် ချက်ချင်းပင် ဖြေလိုက်သည်။

"အန်တီ တစ်ယောက်တည်း သွားဝယ်လိုက်ပါလား။ သဇင်တို့ အဖေနဲ့ပတ်သက်လို့ ဆွေးနွေးလိုက်ချင်တယ်၊ ဟုတ်တယ်မဟုတ်လား ထွေး"

နန်းနုနုထွေးက သဘောတူသည့် အနေဖြင့် ခေါင်း ညိတ်လိုက်ပြီး–

"အန်တီကို ထွေးတို့ ဟိုလက်ဖက်ရည်ဆိုင်က စောင့် နေမယ်"

"အေးလေ"

ဒေါ်နန်းခင်အေးမှာ တစ်ယောက်တည်း ဈေးထဲဝင်သွား လေမှ သဇင်တို့လည်း နီးစပ်ရာ လက်ဖက်ရည်ဆိုင်သို့ ဝင်ရောက်ခဲ့သည်။

"သဇင် ဘာသောက်မလဲ"

"ချိုစိမ့်"

"ဒီက မ"

ဇော်သီဟာက နာမည်မသိသဖြင့် အထစ်ထစ် ဖြစ်နေ





ခဲ့–

"နန်းနုနုထွေးပါ ချိုဆိမ့်ပဲ"

"ကဲ...ချိုစိမ့်နှစ်ခွက်၊ ပေါက်ကျတစ်ခွက်နှင့် မုန့်စုံချပေး"

ဇော်သီဟာ အမှာပါးလိုက်မှုကြောင့် မကြာခင် ရောက်ရှိ လာသည်။

"ကဲ...စားသောက်လိုက်ကြပါဦး"

သဇင် မစားသောက်နိုင်၊ တိတ်တခိုး တွယ်တာနေသည့် သူ့ကို တွေ့နေရသော်လည်း သဇင့် ရင်ဝယ်နှစ်ဝင်နေသော ခင်ကို တမ်းတနေသည့် ဆုံးအတွက် အရေးကြီးသည်။

ထို့ကြောင့် ပွဲရုံက ရရှိလာသည့် သူ့အပေါ်အဝင် အမည်ငါးခုကို ရွတ်ပြလိုက်သည်။

"အဲဒီအမည်တွေထဲမှာ သဇင့် ဖေဖေပါတယ်၊ ဒါပေမဲ့ နာမည်က မတူတော့၊ နာမည်များ ပြောင်းထားသလားလို့ သံသယဝင်နေတယ်"

သူက သောက်လက်စ လက်ဖက်ရည်ခွက်ကို ခုံပေါ် တင်လိုက်ပြီး။

"နေပါဦး အဲဒီနာမည်တွေကို ဘယ်ကရလာတာလဲ"

"စီအိုင်ဒီက"



www.burmeseclassic.com

www.burmeseclassic.com



သဇင်က ရွတ်၍ ပြောလိုက်သည်။

သူက သဇင်ကိုကြည့်ကာ ပြုံးလိုက်ပြီး–

"ဦးဇော်သီဟ များလား"

"သေလိုက်ပါလား၊ တော်တော် အဖေ ဖြစ်ချင်နေတယ် ဘာလဲ မွေးထားတဲ့ခြောက်ယောက်ထဲမှာ သားက အကြီးဆုံး တူတယ်"

"မဟုတ်ဘူး အငယ်ဆုံး"

"အောင်မယ့်လေး အငယ်ဆုံးဆိုရင် ကျောက်ပြင်ရွ စောင့်ရမှာပေါ့"

"အင်း"

"ဒီလိုဆိုတော့လဲ အပျိုကြီးပဲလုပ်တာ ကောင်းပါတယ်"

နန်းနုနုထွေးက မရယ် မပြုံးနှင့် သဇင်တို့ကို အကဲခ နေသည်။ စိတ်ထဲဝယ် ဘဝင်မကျဟန်ဖြင့် ကြည့်နေကာ–

"ကဲ...သဇင် လိုရင်းကိုသာ ပြောကြစမ်းပါကွာ၊ တော် ကြာ အန်တီ ဈေးဝယ်ပြီး ပြန်လာတော့မှာ"

သဇင်က မျက်နှာပိုး သတ်လိုက်ပြီး–

"ကိုဇော်ကို အကူအညီတောင်းချင်တာ၊ အဲဒီကုန်သည် တွေကို သိသလား"





"သိတာပေါ့"

"သိရင် သဇင် တွေ့ချင်တယ်"

သူက ခေါင်းငုံ့ကာ အဖြေမပေးသဖြင့် သဇင်က မရှည်တော့ဘဲ။

"ဘာလဲ မကူညီချင်လို့လား"

"မဟုတ်ပါဘူး၊ နာမည်ကလည်း မတူဘူး၊ ဖခင်ဖြစ်သူ လဲ မမြင်ဖူးတော့ မခက်ဘူးလား"

သူပြောနေသည်မှာလည်း မှန်နေသည်မို့ သဇင် ခေါင်း ကာ စဉ်းစားရပြန်သည်။

"ဒီလိုလုပ်ပါလား၊ သဇင်ကို လားရှိုးက ဆန်ဝယ်သူ စ်ယောက်အနေနဲ့ ကိုဇော် လိုက်မိတ်ဆက်ပေးမယ်၊ ကျန် တော့ သဇင့်ဘာသာ သဇင် ကြည့်မေးပေါ့"

"ဘာမေးရမှန်းတောင် မသိဘူး၊ ဘာမေးရမလဲ"

သဇင် အရေးကြုံရင် ဉာဏ်က မပွင့်၊ သူတို့နှင့်တွေ့ သည့်အခါ ဘယ်ကစပြီး ဘာမေးရမည်ကို စဉ်းစားမရဖြစ် နေသည်။

ထွေးက သဇင့်ဖြစ်ပုံကိုကြည့်ပြီး–

"သဇင်ကလဲ ဒါများခက်တာမှတ်လို့ သူတို့နဲ့တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရင် အဖေလို့ ခေါ်လိုက်ပေါ့၊ ဟုတ်ရင် ပြန်ထူးမှာပေါ့"

"ဘာဖြစ်လို့ ခေါ်ရမှာလဲ၊ အဖေစစ်မှ ခေါ်မှာပေါ့"

ထွေး၏ ရှက်နှောက်မှုကို သဇင် မျက်စောင်းဖြင့် ချေလိုက်သည်။ ကိုဇော်က ပြုံးကြည့်နေပြီးမှ–

"ဒါက လွယ်ပါတယ်၊ သူတို့ကို ဒီဇာတိကလား၊ လားရှိုးကလားဆိုတာ ရုပ်လက္ခဏာနှင့် အသက်အရွယ်ကြည့်ပြီး မေးလိုက်ပေါ့"

"ဟုတ်သားပဲ သဇင်ကလဲ့ သူတို့တွေနဲ့ တွေ့တဲ့အခါ အခြေအနေ ကြည့်မေးပေါ့၊ ဖြစ်နိုင်ရင် မျိုးရိုးပါ ဆက်မေးပေါ့၊ မဖြစ်နိုင်ရင်ပြန် ဒါပဲပေါ့"

ထွေးကပါ အကြံပြုလိုက်သဖြင့် သဇင် သဘောပေါက်သွားသည်။

တစ်ချိန်တည်းပင် ဈေးဝယ်ပြီး ပြန်လာတာ ဒေါ်နန်းခင်အေး ရောက်ရှိလာသည်။

"ကဲ...ကိုဇော် ဘယ်တော့သွားတွေ့မလဲ"

"အင်း...ဒီနေ့တော့ အလုပ်ကိစ္စရှိသေးလို့ မနက်ဖြန်မနက် (၉) နာရီ လာခဲ့မယ်။ ဘယ်မှာတည်းသလဲ"

သဇင်က တည်းခိုသည့်နေရာကို မပြောတတ်ဘဲ





ကြောင်အမ်းအမ်းဖြစ်နေစဉ် ထွေးက ဝင်ဖြေလိုက်သည်။

"ငွေဇင်ယော် ငါးလုပ်ငန်းမှာ တည်းတယ်"

"သိတယ် စိတ်ချ လာခဲ့မယ်"

သဇင်တို့ သူ့ကို ကျောခိုင်းကာ ထွက်လာခဲ့ကြသည်။

"အန်တီ ခုန ကိုဇော်သိဟာကို သိသလား"

"သိတော့သိတယ်၊ မရင်းနှီးဘူး"

"အန်ကယ်ကတော့ ရင်းနှီးမှာပေါ့"

"အင်း...ရင်းနှီးတာပေါ့"

"သူက လူပျိုလား"

"အဲဒါက အန်ကယ်ပဲ သိတယ်"

ခက်လိုက်တာနော် မိန်းမသားတွေ၍ အတွင်းရေးကို ယောကျ်ားသားနှင့် တိုင်ပင်ရမှာ မမိုက်လိုက်တာဟု သဇင် ညည်းညူလိုက်မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)

နံနက် (၉)နာရီခန့်ဝယ် ခြံရှေ့က ဆိုင်ကယ်ဟွန်းသံ ကြောင့် ကိုဇော် ဖြစ်နေမလားလို့ သဇင် ကြည့်လိုက်သည် အခါ ထင်သည့်အတိုင်း သူဖြစ်နေသည်။ သဇင် လှမ်း၍ အသံပြုလိုက်သည်။

"အန်ကယ် ဧည့်သည်လာတယ်"

ဦးစိုင်းသူရက ခြံဝသို့ လှမ်းကြည့်လိုက်ပြီး–

"ဟာ...ကိုဇော်သီဟ လာလေကွာ"

သူက ခြံတံခါးကိုဖွင့်ကာ ဆိုင်ကယ်ကို တွန်းဝင်လိုက် သည်။ ပြီးနောက် အိမ်ပေါ်တက်လာသည်။ သဇင်က အပြုံးနှင့်သာ နှုတ်ဆက်လိုက်သည်။

"လာ...လာ ထိုင်ပါဦး"





အန်ကယ်က သူ့ကို အရေးတယူ ဆက်ဆံနေသည်ကို ကြည့်ခြင်းအားဖြင့် သူ၏ အရည်အချင်းနှင့် စာရိတ္တကို ခန့်မှန်းလိုက်မိသည်။

"ကျွန်တော် ဒီက အန်ကယ့်တူမ မသဇင်ရဲ့ အကူအညီ တောင်းတာနဲ့ ပတ်သက်ပြီး ကူညီမလို့ လာတာပါ"

သူ၏ ညင်သာပြီး ယဉ်ကျေးသော အပြောအဆို အမူ အရာလေးက လူကြီးလူကောင်း ဝင်ဆံ့ပါပေတယ်လို့ သဇင် ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေမိလိုက်သည်။

"ကျေးဇူးပဲ အန်ကယ်လဲ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုဇော်သီဟနှင့် ဆွေးနွေးမလို့ပါ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ဒီနာမည်တွေအပြင် အခြားဆန်ကုန်သည်တွေကော မောင်ရင် သိတယ်မဟုတ်လား"

ဦးစိုင်းသူရက စာရွက်ပေါ်တွင် ရေးမှတ်ထားသော နာမည်တွေကို ညွှန်ပြရင်း ဖြော့လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် အဲဒီပွဲရုံ မှာတော့ ဒီကုန်သည်တွေပဲ ရှိတယ်"

"ဟုတ်ပါတယ်၊ အန်ကယ်ဆိုလိုတာက အဲဒီလူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



တူမရဲ့ ဖခင်မဟုတ်ခဲ့ရင် အခြားဆန်ကုန်သည်တွေကို
စုံစမ်းပေးဖို့ပါ"

"ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါပြီ၊ စိတ်ချပါ
ဒီမြစ်ဝကျွန်းပေါ်က တော်တော်များများ ဆန်ကုန်သည်တွေ
ရင်းနှီးပါတယ်"

"အေး…ဒါကြောင့်လဲ ကိုဇော်သီဟကို အန်ကယ်
အားကိုးတာပေါ့"

"စိတ်ချပါ ဒီနယ်မှာသာ ရှိရီးမှန်ရင် တွေ့အောင်ရှာ
ပေးပါမယ်လို့ ကျွန်တော် ကတိပေးပါတယ်"

အန်ကယ်က သူတို့ထပြီး လက်ဆွဲနှုတ်ဆက်လိုက်
သည်။

သူ့စကားကြောင့် သဇင် မျက်ရည်လည်အောင် ဝမ်းသာ
လိုက်မိသည်။ အားကိုးထိုက်ပေတယ်လို့ ရင်မှာဖော်မပြ
နိုင်အောင် လေးစားအားကိုး လိုက်မိသည်။

"ကဲ…တူမ သွားတွေ့ဖို့ အဆင်သင့်ဖြစ်ပြီးလား"

"ဟုတ်ကဲ့"

သဇင် ဆိုင်ကယ်စီးရမှာ ဖြစ်သဖြင့် ဂျင်းဘောင်းဘီ
အရှည်ကို ဝတ်ဆင်ပြီး စပို့ရှပ်နှင့် ခပ်မိုက်မိုက်လေး လားရှိုးမှာ





နေခဲ့သည့် စတိုင်အတိုင်း ထွက်လာခဲ့သည်။

သူက သဇင့်ကိုကြည့်ပြီး ဘဝင်မကျသည့် မျက်နှာ
ပေးနှင့် ပင့်သက်ချလိုက်သည်ကို တွေ့လိုက်ရသည်။ သဇင်
ဝတ်ဆင်ထားမှုကို မြန်မာမိန်းကလေး မပီသဘူးရယ်လို့
ထင်မှတ်သွားလေလား မသိပေ။

ထွေးက သဇင့်ကို ကြည့်လိုက်ပြီး မျက်နှာရှုံ့ပြလိုက်ကာ

"သဇင် သိပ်မကြာနဲ့နော်၊ မျှော်နေမယ်သိလား"

"စိတ်ချ အမြန်ပြန်လာမယ်"

သဇင်က ဘောင်းဘီရှည် ဝတ်ထားသည့်မို့ ဆိုင်ကယ်ကို
ခွထိုင်လိုက်ပြီး ကိုဇော် နောက်က လိုက်ခဲ့လေသည်။

မကြာလိုက်ပါ။ ကမ်းနားလမ်းရှိ နှစ်ထပ်တိုက်ရှေ့သို့
ရောက်ရှိလာသည်။

"မောင်ဇောသီဟ လာ…လာ၊ ဟင်…ဧည့်သည်လဲ
ပါလာတာကိုး"

"ဟုတ်ကဲ့"

"သမီးရေ မောင်ဇော်သီဟတို့လာတယ်၊ ကော်ဖီနှစ်
နစ်ခွက်ဖျော်လိုက်ပါဦး"

"အို…မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ဖျော်သာဖျော်ခဲ့"

"သဇင် ဒါ...ဦးအုန်းမောင်တဲ့"

အသက်ခြောက်ဆယ်ကျော် မပိန်မဝ အသားညိ
လူကြီးကိုကြည့်ပြီး သဇင့်ဖခင် မဖြစ်နိုင်မှန်း သိလိုက်သ

"အဘ...သူက လားရှိုးကနေ ဆန်ရောင်းဝယ်
အတွက် လာလေ့လာတဲ့ မမိုးမြင့်သဇင်တဲ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"အဘလဲ ဝမ်းသာပါတယ်"

ထို့နောက် သဇင်က ကော်ဖီမစ်ခွက်ကို ကောက်ကို
သောက်နေလိုက်သည်။ သူက အဘဖြစ်သူနှင့် စကားလ
ကျနေသည်။

"သမီး ဆန်ရောင်းဝယ်ရေးနှင့် ပတ်သက်လာရင်
မောင်ဇော်သီဟကတော့ သူများထက် တော်တယ်၊ ရှမ်းပြ
နယ် အထိတောင် တက်ရောင်းနေတာ"

"အဘကလဲ မြှောက်နေပြန်ပြီ"

"ဘာမြှောက်ရမှာလဲ မဟုတ်လို့လား"

"ဒါပေမဲ့ အဘကို မမီပါဘူး"

"မီတာပေါ့ကွ၊ အဘတို့က ရှမ်းပြည်နယ်ဆိုတ





ကြားဖူးတာပဲ ရှိတယ်၊ မင်းလို မရောက်ဖူးဘူး"

အဘပြောမှ ပို၍ သေချာသွားလေသည်။

"ဒါတော့ ဟုတ်ပါတယ်၊ ဒါနဲ့ အဘ ကျွန်တော်တို့
မြို့မှာ ဆန်အရောင်းအဝယ်လုပ်စားတဲ့ ဦးအိုက်စံဆိုတာရှိလား၊
အဘက ဆန်လုပ်တာ ကြာပြီဆိုတော့ သိမှာပေါ့"

"အဘတော့ မကြားမိပါဘူးကွာ"

"ဪ"

အဘ စကားကြောင့် သဇင် စိတ်အားငယ်သွားမိသည်။

အဘတို့လို ဈေးမှီနောက်မှီ ပုဂ္ဂိုလ်တွေမှ မသိလျှင်
ဖခင်တစ်ယောက် ဒီမြို့မှာ ရှိပါ့မလားလို့ သံသယဖြစ်သွား
မိသည်။

"ကဲ...အဘ ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ သွားစရာ
ရှိသေးလို့ပါ"

"အေး...နောက်လဲ လာလည်ကြပေါ့ကွာ"

"ဟုတ်ကဲ့"

ပထမပွဲဦးထွက်တော့ လွဲသွားလေပြီ၊ ကျန်သုံးဦးသာ
ရှိတော့သည်။ သဇင် ရင်တွေ တုန်နေမိသည်။

ကျန်သုံးဦးထဲမှာ တစ်ယောက်သည် ဖခင် ဖြစ်ပါစေလို့



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းနေမိသည်။

သဖင်နှင့်သူ မြို့တွင်း၌ပင် ဆိုင်ကယ်ဖြင့် ခရီးဆက်နှင်ခဲ့ရာ နောက်တစ်ဦးနေထိုင်ရာ နှစ်ထပ်တိုက်ဆီသို့ ရောက်လာသည်။ ဆိုင်ကယ်ပေါ်က ဆင်းလိုက်ကြပြီး သူက တိုက်အောက်ထပ်တွင် တန်းစီပုံသော ဆန်အိတ်များကို လက်ဖြင့်ပုတ်ပြီး နမ်းကြည့်နေသည်။

"ဟော့...ဇော်သီဟ ဝယ်မလို့လား၊ မလျှော့ဘူးနော်"

ဆန်အိတ်ပုံနောက်မှ ထွက်လာသော အသံရှင်ကိုကြည့်လိုက်သောအခါ ဖခင်နှင့်ရွယ်တူ ပုဂ္ဂိုလ်ကို တွေ့လိုက်ရသဖြင့် ဖခင်များ ဖြစ်လေမလားလို့ တွေးထင်လိုက်သည်။

"အစ်ကို အစ်မကော"

"မင်းအစ်မတို့ အပေါ်ထပ်မှာ ဗီဒီယိုခွေထိုးပြီး ကြည့်နေကြတယ်"

"ဘာဇာတ်လမ်းလဲ"

"မြန်မာဇာတ်ကားပါ၊ ဟို 'ဆူးနှစ်နှလုံးသား' ဆိုလားမသိပါဘူး"

"အစ်ကိုက မကြည့်ဘူးလား"

"ငါ့အလုပ်နဲ့ငါ မအားပါဘူးကွာ"





ထိုစဉ် အပေါ်ထပ်မှ ဆယ်နှစ်သားနှင့် ငါးနှစ်သားအရွယ် ကလေးနှစ်ယောက် ဆင်းလာပြီး လှေကားကနေချောင်းကြည့်ကာ ပြန်တက်သွားသည်။ ထို့နောက် အမျိုးသမီးတစ်ဦး ဆင်းလာပြီး။

"ကလေးတွေက ဦးဇော်သီဟ မိန်းမပါလာတယ်ဆိုလို့ဆင်းကြည့်တာ"

"ဟာ...အစ်မကလဲ မဟုတ်တာ"

"ဘယ်သိမလဲ ဒီတစ်ခေါက် လားရှိုးတက်သွားတာကြာတော့ မိန်းမများ ရနေသလားလို့"

ရိုးသားပြီး ပွင့်လင်းသော အမျိုးသမီးကြီးကြောင့် သဖင်မျက်နှာ ဘယ်ထားရမှန်း မသိအောင် ဖြစ်သွားသည်။

"အစ်မ သူက လားရှိုးက ကျွန်တော့် မိတ်ဆွေပါဆန်ရောင်းအဝယ်လုပ်ဖို့ လိုက်လေ့လာနေတာပါ"

"ဟုတ်လား တောင်းပန်ပါတယ် ညီမ၊ အစ်မ မသိလို့ပြောမိတာ ခွင့်လွှတ်ပါ"

ဒီတော့မှ သဖင့်ကလည်း နေထိုင်ထိုင်သာ ရှိသွားတော့သည်။

"ရပါတယ် ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်ကျော် အရွယ်မို့ သဇင် ဖခင်၏ အသက် မတိမ်းမယိမ်းတော့ ရှိသည်။ သို့ပေမဲ့ မွေးကတည်းက ဒီဒေသမှာ ကြီးပြင်းလာသူဖြစ်သည်ကို သိလိုက်ရတော့ သဇင် ရင်မောသွားမိပြန်သည်။

အဖေရယ် အဖေကို သမီးတွေ့ပါရစေတော့ဟု ရင်ထဲ ထပ်ခါထပ်ခါ ဆုတောင်းနေမိသည်။

"ဒါနဲ့ ကိုတင်အုန်း ကျွန်တော်တို့ နယ်မှာ ဆန်ကုန် သည် ဦးအိုက်စံဆိုတာ ရှိသလား"

"ဖော်သီဟကလဲကွာ အိုက်စံဆိုတာ ရှမ်းနာမည်ပဲ တို့ဆီမှာ ဘယ်ရှမ်းလူမျိုးကမှ ဆန်မလုပ်ကြဘူး၊ သူတို့က ဆူလွယ်နပ်လွယ် ရေထွက်ပစ္စည်းတွေပဲ ရောင်းဝယ်နေကြတာ မင်းအမြင်ပဲ ဆန်လုပ်ငန်းက တို့ဒေသခံတွေပဲ လုပ်ကြတာ"

"ကျွန်တော်က ရှိမလားလို့ပါ၊ ကဲ...အစ်ကို ကျွန်တော် တို့ကို ခွင့်ပြုဦးနော်"

သဇင့် စိတ်တစ်ခြမ်း ညစ်သွားပေသည်။ ဦးတင်အုန်း ပြောပုံအရ ဆန်လုပ်ငန်းရှင်ထဲမှာ ဖခင်တစ်ယောက် ရှိမှာ မဟုတ်ဟု သဇင် ရင်မှာ လှိုက်မောနေမိသည်။

"စိတ်မပျက်ပါနဲ့ သဇင်ရာ၊ နှစ်ယောက် ကျန်သေး





ဘယ်"

"ကျန်တဲ့နှစ်ယောက်မှ မဟုတ်ရင် ဘယ်လိုလုပ်မလဲ၊ သသာ သေလိုက်ချင်တော့တယ်"

"မသေပါနဲ့ဦး၊ ကိုဖော် တစ်ယောက်လုံး ရှိပါသေး ဘယ်"

"ဘာလဲ အဖေ မတွေ့ရင် ကိုဖော်ကို အဖေ ခေါ်ရမှာ လား"

သဇင် စိတ်ညစ်နေရသည့်အထဲ အသားယူနေသည့် အထင်နှင့် ပြောလိုက်သည်။

"အဖေခေါ်ဖို့ပြောတာ မဟုတ်ပါဘူး၊ အဖေရှာဖို့ အားကိုးစမ်းပါလို့ ပြောတာပါ စိတ်ကြီးပဲ"

"စိတ်ကြီးပဲပေါ့၊ သဇင် ရင်ထဲ ဝင်ကြည့်စမ်းပါဦး ရှူးချင်နေပြီ သိလား"

သဇင် သူ့ကျောပြင်ကို မျက်နှာအပ်ကာ ငိုရှိုက်လိုက် သည်။

"တိတ်ပါ သဇင်ရယ်၊ တော်ကြာ မျက်ရည်စီးကြောင်း တွေနဲ့ သူများအိမ်သွားရမှာ မကောင်းပါဘူး၊ ကိုဖော် တာဝန်ယူထားတာပဲ အခုမှ အစရှိသေးတယ်၊ အားမလျော့



www.burmeseclassic.com

www.burmeseclassic.com


စမ်းပါနဲ့ သဇင်ရယ်”

သူ၏ အားပေးနှစ်သိမ့်မှုကြောင့် သဇင့် အားမာန်တွေ ပြန်ဝင်လာပြီး မျက်ရည်စတွေကို သူကျောပြင်နှင့် သုတ်လိုက်လေသည်။

* * *



## အခန်း(၁၇)

ကိုဇော်နှင့်သဇင် ရွှေရော စားသောက်ဆိုင်တွင် နေ့လယ်စာထမင်း စားသောက်ကြသည်။ သဇင်က စားချင်စိတ်မရှိပေ။ နေ့လယ်စာ ထမင်းဟူသော သတ်မှတ်ချက်ကြောင့် တာဝန်အရသာ စားလိုက်ရသည်။ မည့်သည့်အရသာကိုမှ မခံစားလိုက်မိပေ။

ထိုစဉ် ဆိုင်ထဲသို့ လူရွယ်သုံးယောက် ဝင်လာပြီး။

“ကိုဇော်သီဟ ညှော်သည်ကို တူမင်လိုက်ကျွေးတာသား။”

“ဟုတ်ကဲ့”

သူ့မိတ်ဆွေပေ့တွေ့ရှ သူ့ကို နှုတ်ဆက်နေကြစေမိ သူတို့ မျက်လုံးများက သဇင်ကို အကဲခတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သဇင်က မသိသလို နေလိုက်သည်။

"အသိတွေလား"

"ဟုတ်တယ်"

သဇင် စိတ်ထဲ စိုးရိမ်စိတ်တစ်ခု ဝင်လာသည်။ မိန်းမ သားတွေဆိုတာ သဝန်တိုတတ်ကြသည်။ မုန့်သာဝေစားကြ မည်။ အချစ်ကိုတော့ ဝေကြမည် မဟုတ်ပေ။

ထို့ကြောင့်–

"ကိုဇော်"

"ပြော"

"သဇင်နဲ့ ခုလို ဆိုင်ကယ်အတူစီးပြီး သွားလာနေတာ ကို ကိုဇော့် မိန်းမတွေ့သွားရင် ဘယ်လိုလုပ်မလဲ"

ညက အန်ကယ်ဦးစိုင်းသူရ ပြောပြထားလို့ သူမှာ မိန်းမ မရှိ၊ လူပျိုဖြစ်ကြောင်း သဇင် သိထားသော်လည်း မပြေးသော်ကန်ရာရှိ ဆိုသည့်နှယ် စိုးရိမ်စိတ်ဖြင့် မေးလိုက် သည်။

"မိန်းမက မတွေ့နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ မျက်မမြင်မို့လား"

"မမြင်ရလို့ မဟုတ်ဘူး မရှိလို့"





"မနေ့လေးမှာ ပြောတုန်းက ကိုဇော်မှာ မိန်းမရှိတယ်ဆို"

"ဒါကတော့ ဒီလိုရှိတယ်လေ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့အနေနဲ့ ပြောထားတာ၊ ခုခေတ်က မိန်းမကြိုက် တော့ ဆိုက်ဆိုက်လာကြလို့"

"ဒေါင်မယ် ကိုယ့်ဘာသာ ကိုယ့်ဖခင် လာရှာတာများ သူ့ကို ကြိုက်လို့များ ထင်နေသလား မသိဘူး"

သဇင်က သူ့ကို မျက်စောင်းထိုးကာ မဲ့ပြလိုက်သည်။

"ကိုဇော်က ဒီလိုလဲ မဆိုလိုပါဘူး"

သူ့အသံက ကလေးငယ်လို မပီမသနှင့် မျက်နှာက မြူးဖြိုးဖြိုးလုပ်ပြနေသဖြင့် သဇင်က မချင့်မရဲဖြစ်လာပြီး ထမင်း စားဝိုင်းမှ တို့စရာမုန့်လာဥဖြင့် ကောက်ပေါက်လိုက်သည်။

"ဟာ...ပေကုန်ပြီ"

"ပေရင် လျှော်လိုက်"

သဇင်က အမြင်ကပ်စွာ ပြောလိုက်သည်။

"ဩော် ဒါနဲ့ ကလေးခြောက်ယောက် ရှိတယ်ဆို ဘယ်မှာလဲ"

ဇော်သီဟ မိမိပြောခဲ့သည့် စကားကို မမှတ်မိသဖြင့် တွေဝေစဉ်းစား လိုက်ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



"ဒါလား မိန်းမရရင် ကလေးခြောက်ယောက် ယူ
ဆုံးဖြတ်ထားတာပါ"

ဘာကြောင့်မှန်းမသိ သဇင် ပခုံးတွန့်သွားမိသည်။

"ကဲ...မိန်းမ မရှိရင် ကိုဇော်ကို ကြိုက်နေတဲ့ မိန်း
လေးက သဇင်နဲ့သွားနေတာ သိသွားရင်ကော"

"သိသွားတော့ ပဲ့တိတာပေါ့"

"ဘာဟုတ်တာလဲ"

"ချစ်သူလို့"

"သွား...သူ့ချစ်သူလဲ မဟုတ်ဘဲနဲ့"

"မဟုတ်ရင် ဘယ်သူ့ချစ်သူလဲ"

"မသိဘူး"

သဇင်က နှုတ်ခမ်းစူကာ မျက်နှာလွှဲလိုက်သည်။

"အဲဒီ မသိဘူးဆိုတာက ဦးအိုက်စံရှာရတာနဲ့ ခက်
မယ်တူတယ်"

"ကြည့် သူများ စိတ်ညစ်နေရတဲ့အထဲ ဘာတွေလာပြော
နေမှန်း မသိဘူး"

"သဇင် စိတ်ညစ်နေမှန်းသိလို့ ပျော်အောင်စနေတာပါ"

"မစနဲ့ ငိုလိုက်မှာ သိလား"





"မငိုလိုက်ပါနဲ့၊ ဆန် ရှားနေပါဦးမယ်"

"ကြည့်စမ်း လူကို ပြီတ္တာလို့ ပြောတာပေါ့၊ ပြောဦး...
"

သဇင်က ထလိုက်ပြီး သူ့ကျောကုန်းကို နောက်ကနေ
သောထုလိုက်မိသည်။

"သိပ်မထုနဲ့နော်၊ ကျုပ်သေသွားရင် အမိ ဖခင်ကို
ပေးမယ့်သူ မရှိဘဲ နေဦးမယ်"

"ဟုတ်တယ် မသေနဲ့ဦး၊ အဖေကိုတွေ့အောင် ရှာ ပေး
ဦးမှသေ"

သူက သဇင် စကားအဆုံးမှာ မျက်လုံးပြူးလိုက်ပြီး။

"ကဲ...မသေခင် ခရီးဆက်လိုက်ကြရအောင်"

သူနှင့်သဇင် ဆိုင်ကယ်တစ်စီးတည်း နှစ်ယောက်သား
နေရသည်မှာ ရင်မှာ နွေးထွေးခံစားနေမိသည်။ သို့ပေမယ့်
ခင်ကိုတွေ့လိုသည့် အသိတရားတွေဖြင့် ထိန်းသိမ်းနေရ
ဖြင့် ခံစားမှုကို အပြည့်အဝ မခံချင်ယူနိုင် ဖြစ်နေသည်။

သဇင်တို့သည် မြို့စွန်ရှိ ဆန်စက်တစ်ခုသို့ ရောက်
လာသည်။ ဆန်စက်သံက ဆူညံနေသည်။ အလုပ်သမား
၏ လုပ်အားက စက်သံနှင့် အပြိုင်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သဇင် ဒီစက်ပိုင်ရှင်က ဦးခင်မောင်ဝင်းတဲ့၊ သူ ဆန်စက်လည်း ပိုင်တယ်၊ ကုန်သည်လဲ လုပ်တယ်"

"တွေ့တာပေါ့"

သဇင်တို့ ဆန်စက်နှင့် တွဲလျက်ရှိသော အိမ်ပေါ်သို့ တက်သွားကြသည်။ အိမ်ပေါ်တွင် မိန်းကလေးနှစ်ယောက် တွေ့ရသည်။

"ဦးခင်မောင်ဝင်း ရှိသလား"

"ဦးက စက်ထဲမှာ"

"ခဏ ခေါ်ပေးပါ"

"ဘယ်သူရယ်လို့ ပြောရမလဲ"

"ကိုဇော်သီဟလို့"

သူက ခေါ်ခိုင်းလိုက်ပြီး သဇင်ကိုလည်း ထိုင်ခုံ ထိုင်စေသည်။ မကြာလိုက်ပါ။ ဦးခင်မောင်ဝင်းဆိုသူ ရောက် လာသည်။ သဇင် ချက်ချင်းထပြီး ထွက်ပြေးချင်လော အောင် ဖြစ်သွားသည်။

အသားက မဲမဲ၊ ဗိုက်ကရွဲရွဲ၊ ထိပ်ကပြောင်ပြောင် နှင့် လူမျိုးခြားရုပ်ကလည်း ပေါက်မနေသေး။

မည်သို့မှ ဖခင်မဖြစ်နိုင်မှန်း သဇင် သိလိုက်သ





သော် ဟန်မပျက် ထိုင်နေလိုက်သည်။

"ကိုဇော်သီဟ တို့ပါလား"

"ဟုတ်ကဲ့"

"အင်း...ကိစ္စကတော့ ဒီက ကျွန်တော့်မိတ်ဆွေက ယ်က ဆန်ကုန်သည် ဦးအိုက်စံဆိုသူကို တွေ့ချင်လို့တဲ့၊ ါ ကိုခင်မောင်ဝင်းများ သိမလားလို့ပါ"

"ဆန်ကုန်သည်ထဲမှာတော့ မရှိဘူး"

"ဒါဖြင့် ဘယ်ထဲမှာများ ရှိမလဲ"

"ဒါတော့ ကျွန်တော်လဲ မသိဘူး"

ဟင်း...ဆန်ကုန်သည်ထဲမှာ မရှိလျှင် အခြားဘယ်လုပ် င်းထဲမှာများ ရှိမလဲလို့ စိတ်ဝင်စားလိုက်ပါတယ်၊ မသိတာ ဘဲ ပြီးသွားတယ်ဟု သဇင် အသံမထွက်ဘဲ ပြောလိုက်သည်။

ဦးခင်မောင်ဝင်းကပဲ ဆက်ပြီး သဇင်အား မျက်လုံး ပြူးသားနဲ့ ကြည့်လျက်—

"ဒီလိုလုပ်ပါလား၊ ကျွန်တော် အကြံပေးချင်တာက"

သဇင် မျက်နှာလွှဲထားကာ နားစွင့်လိုက်မိသည်။

"ငါးလုပ်ငန်းအဖွဲ့တွေမှာ ဒီနာမည်ရှိနိုင်တယ်။ ဘာဖြ လို့လဲဆိုတော့ အခုတော်တော်များများ ရေသတ္တဝါတွေကို



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးပေါင်းစုံလက်ထဲ အပ်နေရလို့ပါ"

အင်း...သူ့အကြံလောက်ကတော့ သဇင်လည်း သိပြီ သား၊ သဇင် တည်းခိုနေတဲ့ဒါမ်က ငါးလုပ်ငန်းရှင်အိမ်ပဲ သဇင်ဆက်ပြီး မနေနိုင်တော့သဖြင့်–

"ကျေးဇူးတင်ပါတယ် ရှင် ခွင့်ပြုပါဦး"

"အခု ဘယ်မှာတည်းသလဲ"

"ဦးစိုင်းသူရဆီမှာ"

"ဪ ဟုတ်လား"

သဇင် နောက်လှည့်မကြည့်ဘဲ ထွက်လာခဲ့သည်။ သဇင် ဝတ်စားဆင်ယင်ပုံက အချိုးမကျလို့လား၊ အထင်သေးလို့လား သူ့ဝါသနာကြောင့်မသိ၊ သဇင့်ကို ကြည့်နေလိုက်တာများ နှာခေါင်းမီးတောက်နေသလား ထင်မှတ်ရသည်။

ကိုဇော် နောက်ကလိုက်လာပြီး–

"သဇင်က ကိုဇော်ကိုတောင် မစောင့်ဘူး"

"မနေချင်လို့ပေါ့"

ကိုဇော်က သဘောပေါက်သွားပြီး–

"ဒီလိုပဲ သဇင်၊ လူအမျိုးမျိုးဆိုတော့ စရိုက်ကလဲ အမျိုး မျိုးရှိမှာပဲ"





"ရှိပေမယ့် သူက လွန်လွန်းတယ်၊ လူကို ကြည့်နေလိုက် တာများ ပြာကျမလား အောင်းမေ့ရတယ်"

"သဇင်ကလှတော့ ကြည့်မှာပေါ့"

"သဇင်က လှတော့ကော သူ့အသက်ကို သူ အားနာဖို့ ကောင်းတယ်"

"သူက လူပျိုကြီး"

"လူပျိုကြီးဆိုရင် ရှင် ယူလိုက်"

သဇင် ကိုဇော်ကိုပင် ကြည့်မရ ဖြစ်သွားသည်။

"ကဲ...နောက်ဆုံးပိတ် အိတ်နဲ့လွယ်မယ်၊ ဒီတစ်ခါ တော့ သေချာပြီမှတ်၊ ဒါမှမဟုတ်ရင် ကျုပ်ပဲ ရှိတော့တယ်"

သဇင်က သူ့ကို မျက်စောင်းထိုးကာ မျက်နှာလွှဲလိုက် သည်။

"ကဲ...တက်တော့"

သဇင် ကိုဇော်ကို အမြင်ကပ်ပြီး သူ့အသားနှင့် မထိ မိစေအောင် ခွာလိုက်ပြီး ဆိုင်ကယ် နောက်မှီစွန်းကနေ ထိုင်လိုက်သည်။

"သဇင်ရယ် တောင်းပန်ပါတယ်၊ မကျေနပ်ရင်လဲပြော ဦးလို့ဟော့ မထိုင်ပါနဲ့၊ လမ်းကကြမ်းတော့ အမိ ကျကျန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိမ့်မယ်၊ သူက တောင်းပန်တော့လဲ သဇင် သူ့အနားကို တိုးပေးလိုက်သည်။

ချစ်သူတွေ မဟုတ်သော်လည်း ချစ်အရိပ် လွှမ်းနေသူ နှစ်ဦးအတွက် အသာချင်း ထိတွေ့နေရခြင်းသည် လောကကြီးကို မေ့လောက်အောင်ပင် သာယာကြည်နူး ရွှေးထွေးစေသည်။

ပတ်ဝန်းကျင်က အမြင်ဆန်း၍ ကြည့်နေလိုက်ကြသည်။ နောက်ကွယ်မှာ ထင်မြင်ချက် အမျိုးမျိုးပေးပြီး ဝေဖန်နေကြမှာ မလွဲဖြစ်မည်။ မတတ်နိုင် ပတ်ဝန်းကျင်ဆိုတာ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဖြစ်သည်။ သဇင်၏ မှန်ကန်သော လုပ်ရပ်အတွက် ပတ်ဝန်းကျင်ကို ထည့်မစဉ်းစားပေ။

ကိုဇော်ကလည်း သဇင်နည်းတူဖြစ်မည်။

ထို့အပြင် ကိုဇော်မှာ ရည်းစားမရှိဘူးမို့လည်း သဇင်နှင့် တွဲသွားရဲတာပါလားသို့ တွေးထင်လိုက်မိသည်။

"အမေ့"

လမ်းက ကြမ်းသဖြင့် ဆိုင်ကယ်မြောက်တက်သွားပြီး ပြန်အကျတွင် သူ့ကျောပြင်နှင့် သဇင် ရင်ကပ်မိသွားသည်။

"မရောက်သေးဘူးလား"

"ရောက်တော့မှာပါ"





သူပြောသည့်အတိုင်းပင်၊ မကြာလိုက်ပါ၊ ခြံဝင်းကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာသည်။

ဆိုင်ကယ်အသံကြောင့် ကလေးသုံးယောက် ပြေးထွက်လာသည်။

"ဦးဇော်"

"ဟော့...မင်းတို့မေကြီးနဲ့ ဖေကြီးကော"

"အပေါ်ထပ်မှာ"

တစ်ဆက်တည်း အပေါ်ထပ်မှာ အသက်လေးဆယ်ကျော် အမျိုးသားကြီး တစ်ဦးဆင်းလာပြီး သူ့နောက်မှာ ကလေးကိုချီလျက် အမျိုးသမီးတစ်ဦး လိုက်ပါလာသည်။

အသက်က အဖေနှင့်ရွယ်တူ အသားက ဖြူသည်။ ...က အဖေ ဖြစ်နိုင်သည်။

အင်း...အဖေ နောက်မိန်းမ ယူထားလိုက်သည်နှင့် ...သည်။ ကလေးတွေက လေးယောက်တောင် ဖြစ်ခဲ့လျှင် ...တို့လေးတွေက သဇင် မောင်လေးနှင့် ညီမလေးတွေ ဖြစ်...သည်။ မောင်နှမတွေက အများကြီးဆိုတော့ ပျော်စရာကြီး...သားဟု သဇင် ရင်မှာတွေးကာ စိတ်ကူးထဲ ပျော်နေလိုက်...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့...ကိုဇော် ဘယ်က လှည့်လာကြတာတုံး"

အသံက ခပ်ဝဲဝဲ၊ တိုင်းရင်းသားသံ ပေါက်နေသည်။ သေချာလောက်ပြီဟု သဇင့်ရင်ဝယ် ချမ်းမြေ့လိုက်သည်။

"ဒီကို သက်သက်ပဲ ကိုလှထွန်းရေ"

"ဘယ်လိုလဲ အပေါ်ဈေးကွက် အခြေအနေ"

"မိုးလယ်လောက်မှပဲ ကောင်းမှာ"

"အေးကွာ၊ ငါလဲ ဖျာပုံမှာ ဆန်လုပ်လာတာ နှစ် နှစ် ဆယ်ပြည့်တော့မယ်၊ မြက်မြက်လေး တစ်ခါမှ မရသေးဘူး ပုံမှန်အတိုင်းပဲ ဖြစ်နေတယ်"

သဇင် စဉ်းစားလိုက်သည်။ သဇင့် အသက်နှင့် ဦးလှထွန်း လုပ်သက်က တူနေသည်။ ဦးလှထွန်း သဇင်ရှာနေတဲ့ အဖေ ဖြစ်နိုင်သည်။ လုံးဝဖြစ်နိုင်သည်။ အဖေမှအဖေပါဟု သဇင် ဝမ်းသာကြည်နူးပြီး ကြည့်နေသည်။

သို့ပေမဲ့–

ကိုဇော် မင်း ဒီတစ်ခေါက် ရှမ်းပြည်နယ်တက်ရင် ငါ့ကို ခေါ်စမ်းပါကွာ၊ ငါ ရောက်ဖူးချင်လို့ပါ"

"ရှင်"

သဇင်၏ မျှော်လင့်ချက် မြင့်မိုရ်တောင်ကြီး ပြိုကျ





သွားလေပြီ။ သဇင့်ရင်ထဲ သောကလှိုင်းထလာသည်မို့ မနည်း ဆိန်းလိုက်ရသည်။

"ကိုဇော် ပြန်ကြရအောင်"

ဇော်သီဟက နားလည်လိုက်ပါသည်။ ကိုယ်ချင်းလည်း စာနာမိသွားသည်။

"စိတ်မကောင်းပါဘူး သဇင်၊ ဒါပေမဲ့ အားတင်းထားပါဦး"

"ဟင်အင်း...သဇင့်ကို ပြန်ပို့တော့ ကိုဇော်၊ သဇင် ခံစားနိုင်တော့ဘူးနော်"

ဇော်သီဟ မတတ်နိုင်၊ ဦးလှထွန်းတို့ကို နှုတ်ဆက်ပြီး ဆိုင်ကယ်ကို လာရာလမ်းအတိုင်း ပြန်မောင်းလာခဲ့သည်။

နောက်က သဇင်မှာ ဇော်သီဟ ကျောပြင်ကို မျက်နှာ အပ်ကာ မျက်ရည်မိုးတွေဆွေပြီး ငိုရှိုက်ထားလိုက်ပါလျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ဇော်သီဟက သဇင်ကို ဦးစိုင်းသူရတို့ထံ ပြန်ပို့ပေးလိုက်သည်။

ရောက်သည်နှင့် အခန်းထဲပြေးဝင်ကာ သဇင် ရှိုက်ငိုနေတော့သည်။

ဖခင်ကို တွေ့ဖို့ဝေးစွ သတင်းအစအနပင် မရခဲ့။ ရှာသည့် သဇင်အတွက် အားလုံးက စိတ်မကောင်း ဖြစ်နေကြရသည်။

ဝမ်းနည်းကာ ကြေကွဲနေသော သဇင့် အသံကိုဇော်သီဟ မကြားရက်တော့သဖြင့် စိတ်မကောင်းခြင်းများစွာဖြင့် နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

"ဟော့...ဇော်သီဟ"

ခေါ်သံကြားလိုက်ရ၍ အသံလာရာဆီသို့ ငဲ့စောင်း





လှမ်းကြည့်လိုက်သည်။ ငယ်သူငယ်ချင်း အာကာစိုး ဖြစ်နေသဖြင့် ဆိုင်ကယ်ကို လမ်းဘေးချကာ ရပ်ပေးလိုက်သည်။ သူက ဆိုင်ကယ်ရှိရာသို့ လျှောက်လာပြီး။

"ဘယ်လိုလဲ ဇော်သီဟ ဗီဒီယိုရိုက်ပြီး ပြန်လာတာလား။ မင်းသမီးကို ဘယ်မှာထားခဲ့သလဲ"

ဇော်သီဟ သဘောပေါက်သွားသည်။ သို့ပေမဲ့ သဇင်အတွက် စိတ်မကောင်းဖြစ်နေချိန်မို့ သူငယ်ချင်း၏ ငေါ့ထူးထူး မေးချက်ကို မဖြေချင်လို့တော့ဘဲ။

"သူ့အိမ်ကို ပြန်ပို့လိုက်ပြီ"

အာကာစိုး မယုံကြည်သည့် မျက်လုံးဖြင့် ကြည့်နေပြီး။

"ဟုတ်ရဲ့လား မင်းသတင်းတွေက တစ်မြို့လုံး သိပ်မွှေးနေတာပဲ"

"ဘာတွေ မွှေးနေလို့လဲ"

"ဘာမွှေးရမှာလဲ၊ ဘောင်းဘီရှည် မိန်းမချောလေး တစ်ယောက်နဲ့ သွားလာနေတာလေ"

ဇော်သီဟ ထင်သည့်အတိုင်းပင် ပတ်ဝန်းကျင်ဝေဖန် ပျံ့နှံ့နေသည်။

"သွားတာက သူ့အကြောင်းရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းရှိလို့လဲ"

"သူ့အကြောင်းနဲ့ သူပေါ့ကွာ"

သခင် ကိုယ်ရေးကိုယ်တာ ကိစ္စမို့ မပြောလိုပေ၊ အကူအညီရလျှင် ကောင်း၏။ မရဘဲ ပျံ့နှံ့နေမှာ စိုးနေမိသည်၊

"မင်းသိတော့ကော ဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

"ဩော်...မင်းက ငါ့ကို အထင်မြင် စမောလိုက်တာ ငါတတ်နိုင်တဲ့ ကိစ္စဆိုရင် ကူညီမှာပေါ့၊ မတတ်နိုင်ရင်လဲ သိရတာပေါ့၊ ကဲ...ပြောစမ်း ဘာကိစ္စလဲ"

ဇော်သီဟ မပြောပြန်ရင်လည်း မဖြစ်၊ မရမကမေးမဲ့ ငယ်သူငယ်ချင်းမို့ သခင် အကြောင်းကိုဖယ်ပြီး။

"အေး...သူက ဆန်အရောင်းအဝယ်ကိစ္စကို စိတ်ဝင်စားတယ်ဆိုလို့ ငါက ဆန်ကုန်သည်တွေကို လိုက်မိတ်ဆက်ပေးတာပဲ ကဲ...ကျေနပ်ပြီလား"

"ဩော်...ဒါလား မသိပါဘူးကွာ၊ လူတွေက ပြောနေကြလို့"

"ဘာပြောနေကြလဲ"

"ဘာပြောရမှာလဲ မင်းကလဲ မင်းပဲ ဘောင်းဘီရှည်နဲ့ ကောင်မလေးကို ဆိုင်ကယ်နောက်က တင်ပြီး တစ်မြို့လုံး





လှည့်ပတ်သွားနေတာကိုး"

"အေးလေ သွားတာဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ ကောင်မလေးနဲ့မင်းကို သမီးရည်းစားလိုလို၊ ဘာလိုလို၊ ညာလိုလို ထင်ကြတာပေါ့"

"ငါလဲ ထင်တာပဲ၊ ပြောကြမယ်လို့"

"ဘာလဲ မင်းက အထင်ခံရ မနည်းဘူးဆိုပြီး တွဲသွားတာ မဟုတ်ဘူးလား၊ ဟင် အကျင့်က ငါ့အကျင့်အတိုင်းပဲ"

သူငယ်ချင်း သူ့စိတ်နှင့် နှိုင်းလိုက်ပေသည်။

"ငါ့မှာ မင်းလိုအကျင့် မရှိဘူးကွာ၊ အကူအညီ ပေးတာပါ"

"အေး...အကူအညီ ပေးလိုက်အောင်လဲ ကောင်မလေးက မိုက်တာကိုး၊ မင်းလို ငါလဲ ကူညီချင်လိုက်တာ"

"ဘာလဲ မင်းက တစ်သက်လုံး ကူညီသွားချင်လို့လား၊ သေသွားမယ် ကြည့်ပြော"

ဇော်သီဟက အံကြိတ်ကာ လက်သီးဆုတ်ပြလိုက်သည်။ သူငယ်ချင်းက ပြုံးဖြဲဖြဲ ပြန်ကြည့်ပြီး။

"နေပါဦး မင်းက သူနဲ့ ဘယ်လိုပတ်သက်နေတာလဲ"

သူငယ်ချင်းက မေးလာတော့လည်း နဂိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ မျိုသိပ်ထားရသည်မှာ မွန်းကျပ်နေသော ဇော်သီဟာ ဒီနယ်မှာ နှံ့နှံ့စပ်စပ်ရှိသူ အာကာစိုးကို အကူအညီရနိုင်လို့ သဖင် အခက်အခဲကို ပြောပြလိုက်သည်။

သူငယ်ချင်းက–

"အင်း…မင်းပြောပုံအရဆိုလျှင် ငါတောင် သနားသွားတယ်၊ ဒါပေမယ့် သူ့ဖခင်က မင်းတို့ပွဲရုံကို ဆန်လာဝယ်တာဆိုရင်ကော မဖြစ်နိုင်ဘူးလား။ ခုဟာက ပွဲရုံကို ဆန်လာရောင်းတဲ့ သူတွေထဲမှာ ဖြစ်နိုင်တယ်ဆိုပြီး မင်းတို့ လိုက်ရှာတာ မတွေ့ဘူး မဟုတ်လား၊ တကယ်လို့ ဆန်လာဝယ်တဲ့သူ ဖြစ် နေရင် ဘယ်လိုလုပ်မလဲ"

ဇော်သီဟ စဉ်းစားလိုက်သည်။ အာကာစိုး ပြောသည်မှာလည်း ဖြစ်နိုင်သည်။ သဖင့် ဖခင်သည် ဆန်လာဝယ်သူသာ ဖြစ်ခဲ့ရင်တော့ ရှာလေဝေးလေ တွေ့ဖို့မလွယ်ပါလားဟု သက်ပြင်းချလိုက်မိသည်။

"ဇော်သီဟကလဲ ဒါများခက်တာမှတ်လို့"

"ကဲ…မခက်ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးပါဦး ဉာဏ်ကြီးရှင်ကြီးရယ်"

"အို…ခက်တာမှတ်လို့ ဖခင်မတွေ့လို့ အုပ်ထိန်းမယ့်သူ ရှိရင်၊ မင်းပဲ တစ်သက်လုံး ထိန်းသိမ်းထားလိုက်ပေါ့"





ဟုဆိုကာ ပြုံးပြနှုတ်ဆက်ပြီး ထွက်သွားလေသည်။

ဇော်သီဟက–

"ခွေးကောင် ဒါတော့ မင်းပြောမှလား ဟု တုံ့ပြန်နှုတ်ဆက်ပြုံးလိုက်ပြီး ဆိုင်ကယ်စက်ပြန်နှိုးပြီး မိမိနေအိမ်သို့ ဦးတည်ကာ မောင်းနှင်လိုက်သည်။

ခြံထဲဝင်ရောက်လာသည်နှင့် ကွမ်းကိုတမြုံ့မြုံ့ဝါးပြီး မိမိကို ခေါင်းတညိတ်ညိတ် ကြည့်နေသော ဖခင်ကို မြင်တွေ့လိုက်ရသည်။

"ဘယ်လိုလဲ မင်းသား၊ ဗီဒီယိုရိုက်ပြီး ပြန်လာတာလား"

ဖခင်က အထေ့အငေါ့ ပြောလိုက်သည်ကို ဇော်သီဟ သဘောပေါက်လိုက်သည်။

တစ်မြို့လုံးနီးပါး ပြန့်နှံ့နေသည့် သူနှင့် သဖင် သတင်းကို ဖခင်နားထဲသို့ ထိုးဖောက်ဝင်သွားလောက်ပြီဟု တွေးထင်လိုက်သည်။

ဇော်သီဟ ဆိုင်ကယ်ကို နေရာတကျ သွားထားလိုက်ပြီးနောက် ဖခင်ရှိရာသို့ မဝံ့မရဲ လျှောက်လှမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားက မြန်မာမင်းသမီး တွဲစရာရှားလို့ နိုင်ငံခြားမင်းသမီးကိုမှ ရှာတွဲရသလား"

ဇော်သီဟ သဘောပေါက်လိုက်သည်။ သဇင်က ဘောင်းဘီရှည်နှင့်ဆိုတော့ ဖခင်က နိုင်ငံခြားမင်းသမီးနှင့် နှိုင်းကာ ဆိုလိုက်ခြင်းဖြစ်သည်။

"ကဲ...ထိုင်ပါဦး"

ဇော်သီဟ မည်သို့မျှ တုံ့ပြန်မဆိုသေးဘဲ၊ ဖခင်ရှေ့ ထိုင်ခုံပေါ်တွင် ဝင်ထိုင်လိုက်ပြီး စားပွဲပေါ်ရှိ ကွမ်းဘူးထဲမှ ကွမ်းကိုထုပ်ကာ စားနေလိုက်သည်။

"ငါ့သားက မြန်မာပြည်မှာနေပြီး မြန်မာအမျိုးသမီး ရှာမတွေ့လို့လား"

"အဖေကလဲ သဇင် မြန်မာအမျိုးသမီးပါ"

"ဟာ...မြန်မာ့အမျိုးသမီးဆို မြန်မာဆန်ဆန် ဝတ်စားဆင်ယဉ်ဖို့တော့ လိုတာပေါ့၊ ခုဟာက ဘောင်းဘီရှည်နဲ့ ဆိုင်ကယ်ကို ခွစီးလိုက်တာများ အဖေ မပြောလိုက်ချင်ဘူး"

"အဖေက သူများပြောတာကိုယုံပြီး လိုက်ပြောနေပြန်ပြီ အဖေလဲ မတွေ့ဘဲနဲ့"

ဇော်သီဟက ဆင်ခြေကို စိတ်သရေနဲ့ဖုံးရန် ကြိုးစား





ိုက်သည်။

"ဟာ...ငါ့သားရ ငါ့လိုကောင်က လေသံကြားဖမ်းပြီး ရှားနှာတဲ့ကောင် မဟုတ်ဘူး၊ ငါ့မျက်မြင်တွေ့ခဲ့တာ လား"

ဇော်သီဟ တွေးမိလိုက်သည်။ အဖေ သူတို့ကို ဘယ် ရာမှာများ တွေ့သွားမိပါလိမ့်လို့ စဉ်းစားမရပေ။

"မင်း မယုံဘူးလား၊ မင်းတို့ ခင်မောင်ဝင်း ဆန်စက်က က်လာကြပြီး ဆိုင်ကယ်စီးသွားကြတာလေ၊ ငါ့ကိုမပြောနဲ့၊ ခ်လောကလုံးတောင် မမှနေကြတယ် မဟုတ်လား ထွီ"

အဖေက ဒေါမာန်ဝင့်ပြီး တီတီကျူကျူ ပြောလိုက်ပြီး မ်းတံတွေးကို ထွေးပစ်လိုက်သည်။ ဇော်သီဟမှာလည်း ကန်နေသည်မို့ ဆိတ်ငြိမ်ကာ ဝန်ခံနေလိုက်သည်။

"မင်းက ခင်မောင်ဝင်းဆီသွားပြီး လူကုန်ကူးတာလား"

"ဟ...မဟုတ်ဘူး၊- အဖေမှားနေပြီ၊ ကျွန်တော်တို့ နံသွားကြည့်တာပါ"

"ဟုတ်ရဲ့လားကွာ၊ ဒီကောင်က မိန်းမနဲ့ပတ်သက် ရင် နာမည်ကြီးတယ်"

အဲသွားမတော် တင်လှမ်းဆိုတာ ဇော်သီဟ နားလည်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သို့ပေမဲ့ အားငယ်နေရတဲ့ သဇင့်ကို အထင်မှား မခံနိုင်။

"အဖေ ကျွန်တော်က အဖေ့သားပါ။ ခုလိုအထင်း ပြောနေတာဟာ ကျွန်တော့်သိက္ခာကို ချတာနဲ့အတူတူပဲ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ကျွန်တော် ကင်းကင်း နေမှန်း အဖေ သိပါတယ်"

"အဲသလိုလဲ အဖေအံ့သြနေတာပါ၊ ငါ့သားက မ တော့လဲမတွဲ၊ တွဲတော့လည်း မြန်မာဆိုပြီး ယဉ်ကျေး သိမ်မွေ့တဲ့ မိန်းကလေးနဲ့တွဲရင် အဖေလဲ ဂုဏ်ယူတယ် သဘောလဲ ကျတယ်၊ ခုတော့ သရုပ်ပျက် မိန်းကလေး ဖြစ်နေတော့ သူများပြောစရာလဲ ဖြစ်တယ်၊ အဖေလည်း ရှက်တာပေါ့"

"အဖေမှားနေပြီ၊ သဇင်က အဖေထင်တဲ့ မိန်းကလေး မဟုတ်ဘူး"

"မဟုတ်ရင် ဘောင်းဘီရှည်နဲ့ ဆိုင်ကယ်ကို ခွစီး သူစိမ်းယောက်ျားလေးဖြစ်တဲ့ မင်းနောက်က တကောက် ကောက် လိုက်နေတာလဲ ပြောစမ်း"

ဇော်သီဟ မရှင်းပြပြန်ရင် အဖေ အထင်က ပို၍ဆိုး





သမည်။ ကြာလျှင် သဇင် သိက္ခာကျပေတော့မည်ဟု သုံးသပ်လိုက်ပြီး။

"အံ့ဖေက ဘောင်းဘီရှည် ဝတ်တိုင်းသရုပ်ပျက်တာ မဟုတ်ဘူး"

"ဘာဖြစ်လို့ ဝတ်တာလဲ"

"ဒါက သူတို့ဒေသက အေးတယ်၊ နောက်ပြီး သူက ဆိုင်ကယ်စီးနေကျဆိုတော့ ဘောင်းဘီဝတ်တာပေါ့"

"သူက ဘယ်ဒေသက လာတာမို့လဲ"

"လားရှိုးက"

အဖေ ငိုင်သွားသည်ကို သတိပြုမိလိုက်သည်။

"အေး...လားရှိုးမှာအေးလို့ ဘောင်းဘီဝတ်တာ ထား သော့၊ ခုဖျာပုံရောက်နေပြီလေ၊ ရောမပြည်ရောက် ရောမလို ကျင့်ရမှာပေါ့"

"ဟုတ်ပါတယ် အဖေ၊ ဒါပေမဲ့ ဒေသအခြေအနေကို ားလည်ဖို့ထက် မွေးကတည်းက မမြင်ဖူးသေးတဲ့ ဖခင်ကို ှာဖို့က သူ့အတွက် အရေးကြီးနေလို့ပါ"

"သူ့ 'အဖေက' ဘယ်သူမို့လဲ"

"ဦးအိုက်စံ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

အဖေ မျက်နှာညှိုးသွားပြီး သူ့ကို စူးစိုက်ကြည့်နေသည်။ ဦးအိုက်စံ နာမည်ကြားလိုက်ရုံဖြင့် အဖေ့မျက်နှာ ပြောင်းသွားသည်ကို သူ သတိထားလိုက်မိသည်။ ဦးအိုက်စံနှင့် အဖေ မည်သို့ ပတ်သက်နေပါလိမ့်ဟု တွေးလိုက်မိသည်။

"အဖေ ဦးအိုက်စံကို သိလား"

အဖေကလည်း ပြန်မဖြေ တွေဝေကာ ငေးမောနေသည်။

ဇော်သီဟရင်ဝယ် ဦးအိုက်စံနှင့် ပတ်သက်၍ အဖေသိ သိရမည်ဟု ယုံမှတ်လိုက်သည်။

"အဖေ ဦးအိုက်စံကိုသိရင် ပြောပြပါ၊ အဖေရယ် သဇင်က သနားဖို့ ကောင်းပါတယ်၊ သူ့မှာ ဖခင်ဖြစ်သူ တွေ့ချင်လွန်းလို့ မိန်းကလေးတန်မဲ့ ဆင်းရဲဒုက္ခခံပြီး ရှာဖွေ နေတာပဲ အဖေရယ်၊ ဒီလိုရှာဖွေနေလို့လဲ သူများအပြော ရတယ်၊ အထင်အမြင် လွဲမှားခံနေရတဲ့သူပါ"

"ဘာလဲ မင်းက အဖေပြောတာကို မင်းကောင်မလေး ဘက်က မခံနိုင်လို့ ပြန်ပြောနေတာလား"

အဖေ သဘောပေါက်သွားသည်ကို ပြုံးလိုက်ပြီး

"မဟုတ်ပါဘူး အဖေ အထင်မှားနေမှာ စိုးလို့ပါ"





ဇော်သီဟ သဇင် ရှေ့နေတစ်ဦးပမာ အဖေဖြစ်သူကို အသနားခံ ပေးနေရှာသည်။ ထို့အပြင် ဖခင်၏ မျက်နှာကို အကဲခတ်နေလိုက်သည်။

ဖခင်က မတုန်မလှုပ် ကျောက်ဆစ်ရုပ် နှုတ်ခေါင်းငုံကာ တစ်စုံတစ်ရာကို စဉ်းစားနေဟန်တူပေသည်။

"အဖေရယ် လောကကြီးမှာ သားသမီးပျောက်လို့ရှာတဲ့ မိဘဆိုတာ ကြားဖူးပါတယ်။ ဒါပေမဲ့ သားသမီးကို စွန့်ပစ်ထား ကားပြီး ရှောင်ဖယ်တိမ်းဖို့ စိမ်းရက်သွားတဲ့ ဖခင်ကို ရှာဖွေ ပြီး မေတ္တာကို တောင်းခံနေတဲ့ သားသမီးက ရှားပါတယ်"

"သား မင်း ဘာမှ အဖေကို မပြောနဲ့တော့၊ အဲဒီမိန်းက လေးကို အဖေ ခုသွားတွေ့မယ် မင်း လိုက်ခဲ့"

ဖခင်က သဇင်ကို ချက်ချင်းတွေ့လိုတဲ့အတွက် အံ့ဩ သွားသည်။ ဘာကြောင့်ပါလိမ့်ဟု တွေးမရဖြစ်သွားသည်။

သို့ပေမဲ့ သဇင်အတွက် ဝမ်းသာသွားသည်။ ကျောက်ခဲ ရေပေါ်သလို ဘယ်ဆိုမှအစရှာမတွေ့နိုင်အောင် သဇင့်ဖခင် ဦးအိုက်စံ မှလွဲမတွေ့ သူဖခင်က ရှာဖွေပေးနိုင် လိမ့်မည်ဟု ယုံကြည်မိလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ပျောက်သောသူ ရှာလျှင်တွေ့ ဆိုပေမဲ့ ကောက်ရိုး ပုံထဲက အပ်ရှာရသည့်နှယ် ဖခင်နှင့်ပတ်သက်၍ သဲလွန်စ ပျောက်သွားသည်မို့ သဇင်တစ်ယောက် လက်မှိုင်ကျကာ အိပ်ရာပေါ်ဝယ် ရင်ဝယ်လှိုက်ဖို ငိုကြွေးရင်း မျက်ရည်ခန်းကာ အိပ်ပျော်နေသည်။

"သဇင် သဇင်"

သူငယ်ချင်း ထွေး၏ လှုပ်နှိုးလိုက်မှုကြောင့် သဇင် နိုးလာခဲ့ပြီး ထွေးကို ဘာလဲဟု ငေးကြည့်လိုက်သည်။

"ကြည့်မနေနဲ့ ဧည့်ခန်းထဲမှာ ကိုဇော်သီဟ ရောက်နေ တယ်၊ လူကြီးတစ်ယောက်လဲ ပါတယ်"

ကိုဇော်တစ်ယောက် မိမိဖခင်ကိုတွေ့ပြီး ခေါ်လာတာ လားဟု မိမိလိုရာ ဆွဲတွေးလိုက်ပြီး သဇင် ဝမ်းသာသွား





သည်။ အိပ်မက်များပင် မက်လေသလားဟု အောက်မေ့လိုက် ပြီး ထွေးကို ကြည့်လိုက်မိသည်။

"ဟဲ့...သဇင် ဘာကြောင်နေတာလဲ"

"မဟုတ်ပါဘူး သဇင်ရယ် ကဲ...ကဲ"

"ဖြန်း...ဖြန်း"

ထွေးက အိပ်မက်မဟုတ်ကြောင်း သဇင့် ကျောပြင်ကို ရိုက်လိုက်တော့မှ။

"တော်ပါတော့ သိပါပြီ၊ တကဲတည်း သူ့အသား မဟုတ်တဲ့အတိုင်း ရိုက်လိုက်တာ"

"ကဲပါ...ချွဲမနေနဲ့ ထွက်တွေ့လိုက်ဦး"

သဇင်က ခေါင်းကို ဖြီးလိုက်ပြီး လုံချည်နှင့်အင်္ကျီကို သေသေသပ်သပ် ဝတ်ဆင်လိုက်သည်။ ပြီးနောက်–

ကိုဇော်သီဟနှင့်ပါလာသော အမျိုးသားကြီးကို မြင် လိုက်သည်နှင့် သဇင် ရင်းရင်းနှီးနှီး မြင်ဖူးသကဲ့သို့ ခံစား လိုက်သည်။ ဘယ်မှာမြင်ဖူးပါလိမ့်ဟုသော အတွေးနှင့် ဇဝေ ဇဝါဖြစ်ကာ လူကြီးကို ငေးကြည့်နေမိသည်။

ကိုဇော်က သဇင့်ကို လှမ်းကြည့်နေရာက–

"သဇင် ဒါ ကိုဇော်ရဲ့အဖေ ဦးသန်းဝင်းတဲ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်၏ ဖခင်မှန်း သိလိုက်ရသည်နှင့် သဇင့် မျက်ဆ
ငံ့လိုက်မိသည်။

"အဖေ သူက သားပြောတဲ့ သဇင်"

လူကြီးက သဇင်ကို အပြုံးဖြင့် နှုတ်ဆက်လေသည်
သူ့အပြုံးက သဇင် ရင်ဝယ် ချမ်းမြေ့ကြည်နူး သွားပေသည်

"ဒါနဲ့ ကလေးမ လားရှိုး ဘယ်နေရာမှာ နေတာလဲ"

"လားရှိုး မိုလ်ချုပ်လမ်းမကြီးက ချယ်ရီစားသော
ဆိုင်"

သဇင်၏ စကားအဆုံးဝယ် ဦးသန်းဝင်းတစ်ယော
သဇင့်ကို စူးစိုက်ကြည့်လိုက်သည်။

"ကလေးမ ဖခင်ကိုမြင်ရင် မှတ်မိပါ့မလား"

"ဟင့်အင်း...အဖေက သမီး မမွေးခင်ကတည်း
အိမ်က ထွက်သွားတာ"

"ဘာဖြစ်လို့ ထွက်သွားတယ်ဆိုတာကော သိသလား"

"သမီး မသိဘူး၊ အမေကလဲ ဘာမှမပြောဘူး"

"ဒီကို ကလေးမ အမေက လွှတ်လိုက်တာလား"

သဇင် ချက်ချင်း မဖြေနိုင်ပါ။ အမေ သိတယ်လို့ဆို
အဖေ မမြင်ဖူးသေးတဲ့ သမီးကိုရှာပြီး တွေ့စိုင်းတာအမိ
မရှိ။ အမေကိုယ်တိုင် လိုက်လာသင့်ပေသည်။ သဇင် မလိမ်





အမေ့ကိုလည်း အပြစ်တင်မခံနိုင်ပေ။

ထို့ကြောင့်–

"သမီး အမေ မသိအောင် ထွက်လာတာ"

"ဟင် ဟာ"

သဇင်၏ အဖြေကြောင့် ထွေးနှင့်အတူ အံ့အားသင့်သွား
ကြသည်။

"ဟုတ်ပါတယ် သမီးအမေက အဖေကို လုံးဝမရှာ
ရဘူးလို့ပြောတာ၊ သမီးကိုယ်တိုင်က အဖေ့ကို သိပ်တွေ့ချင်
တယ်၊ အသက်ရှင်ရက်ရှိတဲ့ အဖေ့ကို လူပုံအလယ်မှာ
အဖေရယ်လို့ မပြနိုင်တဲ့ သမီးဘဝဟာ အသက်ရှင်ရက်
သေနေရတယ်၊ ဒါကြောင့် သမီးအနေနဲ့ အဖေကိုတွေ့အောင်
ရှာမယ်ဆိုပြီး အမေ မသိအောင် ထွက်လာခဲ့တာ"

ဦးသန်းဝင်း ရင်ကို သံရိုက်လိုက်သည်နှယ် ဆို့နစ်သွား
သည်။ သို့ပေမဲ့ ဟန်မပျက်ကာ နေလိုက်ပြီး ဆက်မေးလိုက်
သည်။

"ကလေးမ ဖခင်က ဒီမြို့ပုံမှာရှိတယ်လို့ ဘယ်သူ
ပြောလို့ သိတာလဲ"

သဇင်က ထွေး၏ဖခင် ဦးစိုင်းဝဏ္ဏနှင့် ဦးအိုက်စံ
ထိုဘုရင့်နောင်ဆန်ပွဲရုံတွင် တွေ့ကြပုံကအစ ရှင်းပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးသန်းဝင်း ခေါင်းတညိတ်ညိတ်နဲ့ သဇင်ကိုကြည့်ပြီး

ကလေးမ အဘိုးနှင့်အဘွား ဘယ်သူတွေလဲ–

"ဦးစိုင်းအောင်နိုင်မြင့်နှင့် ဒေါ်နန်းမိုးပါ"

"ဒါဖြင့် ကလေးမ အမေက ဒေါ်အေးနန္ဒာပေါ့"

"ဟင်...သမီး အမေကို သိတယ်"

"သိရုံတင်မကဘူး၊ သမီး အင်မတန် တွေ့ချင်လှပါတယ်ဆိုတဲ့ သမီးအဖေ ဦးအိုက်စံဆိုတာ"

ဦးသန်းဝင်းသည် စကားကိုပင် ဆုံးအောင်မပြောနိုင်ဘဲ ရင်မှာလှိုက်မောလာပြီး ဦးအိုက်စံ မျက်ရည်ရစ်ဝဲကျ... သူ့ရင်ဘတ်ကို လက်ဖြင့်ပုတ်ကာ ဦးအိုက်စံဆိုတာ သူဖြစ်ကြောင်း ပြလိုက်လေသည်။

သဇင် ရုတ်တရက် ကြောင်သွားသည်။ နောက် ရင်ခု... ဆို့နစ်သွားပြီး ရှိုက်သံနှောလာကာ–

"ဒါ...ဒါဖြင့် ဦးအိုက်စံဆိုတာ"

"ဟုတ်ပါတယ် သမီးရယ်"

"အဖေ"

သဇင် ရုတ်တရက် ထလိုက်ပြီး ဦးသန်းဝင်း ရင်ခွင်ထဲ ပြေးဝင်ကာ ရှိုက်ငိုလိုက်လေတော့သည်။





သဇင်တို့သားအဖ ပြန်လည်တွေ့ဆုံနေကြသည်ကို ကြည့်နေကြသူတွေကလည်း ဝမ်းသာမျက်ရည် မျက်ဝန်းမှာ စိုနေကြပေသည်။ ထို့စဉ်

"အဖေ ဒါဖြင့် သဇင်က သား ညီမလေးပေါ့ဟု သိလိုရာကို အငန်းမရ မေးလိုက်မိလေသည်။

"ဟုတ်ပါတယ် သဇင်ဟာ ဖေဖေ့ သမီးဆိုတော့ သားရဲ့ညီမလေးပေါ့"

ဖခင်၏ စကားအဆုံး ဇော်သီဟက သဇင်ကိုကြည့်ကာ ခေါင်းငိုက်စိုက် ကျသွားလေသည်။

ထို့အတူ–

သဇင်မှာလည်း ဖခင် ရင်ဝယ်တိုးဝှေ့ကာ မျက်နှာဝှက် လိုက်လေသည်။

ရင်ဝယ် ပျော်ရွှင်ခြင်း၊ ရှုပ်ထွေးခြင်းတစ်ဝက်နှင့် ဂယက် လှိုင်း ပြင်းထန်စွာ လှုပ်ခတ်လျက်–

* * *



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၈)

ဦးအိုက်စံသည် အဖမဲ့ ကြီးပြင်းခဲ့ရှာသော သမီးငယ်ဖြစ်သူအား မမျှော်လင့်ဘဲ တွေ့လိုက်ရပြီးနောက် အတိတ်လွင်ပြင်ဆီသို့ ပြန်လည်ရောက်ရှိ သွားခဲ့လေသည်။

သူ့ဘဝသည် အခြေအမြစ်မရှိ၊ သိတတ်နားလည်စအရွယ်တွင် လားရှိုးမြို့နယ်ရှိ ကျေးရွာဘုန်းကြီးကျောင်းတစ်ကျောင်း၏ ဘုန်းကြီးကျောင်းသားဘဝ စတင်ခဲ့သည်။

မိဘနှစ်ပါးမှာ တောင်ပေါ်ဇာတိဖြစ်ပြီး သုံးနှစ်သားအရွယ်ကပင် သောင်းကျန်းသူများ လက်ချက်ဖြင့် ကွယ်လွန်သွားခဲ့သည်။

သူက အသက်မသေဘဲ ဖိုးသက်ပြင်းလေး အနေဖြင့် ကျန်ရစ်ခဲ့ပြီး သူက ဘုန်းကြီးတစ်ပါး၏ ကရုဏာနှင့် ကျေးဇူးဆောင့်ရှောက်မှု အောက်၌ လူလားမြောက်ခဲ့ရသည့် အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် မျက်နှာမွဲလေး အိုက်စံသည် လူလားမြောက်လာတော့ အငှားယာဉ် နောက်လိုက်အဖြစ် ဘဝကို အခြေချခဲ့သည်။

ဘဝကို အရှုံးမပေး၊ လောကဓံ၏ ရိုက်ခတ်မှု ဆင်းရဲ ဒုက္ခကို ရင်ဆိုင်ယဉ်ပြိုင်အနိုင်ယူပြီး ယာဉ်နောက်လိုက်ဘဝမှ ယာဉ်မောင်းအဖြစ် ရောက်အောင် ကြိုးစားခဲ့သည်။

အငှားယာဉ်မောင်းဘဝမှာ ချယ်ရီစားသောက်ဆိုင်၏ သမီးပျို နန်းအေးနန္ဒာမြင့်နှင့် လူငယ်သဘာဝ မေတ္တာမျှကာ ချစ်ကျွမ်းဝင်ခဲ့သည်။

မတူညီသော ဘဝနှစ်ခုကိုပေါင်းစပ်ဖို့ရန် နန်းအေးစန္ဒာမြင့်၏ ဖခင်ဦးစိုင်းအောင်နိုင်မြင့်နှင့် မိခင်ဒေါ်နန်းမိုးတို့က လုံးဝသဘောမတူကြပေ။ သမီးဖြစ်သူကို ချော့တာတစ်မျိုး ခြောက်တာတစ်သွယ် အမျိုးမျိုး နားချစည်းရုံးခဲ့ကြသည်။

နန်းအေးနန္ဒာမြင့်၏ အစ်ကိုဖြစ်သူ စိုင်းဘိုမြင့်ကလည်း အိုက်စံကို အမျိုးမျိုးရန်ရှာကာ ခြိမ်းခြောက်ခဲ့ပေမဲ့ အိုက်စံက ရန်ကိုရန်ချင်း မတုံ့ပြန်သော်လည်း မကြောက်မရွံ့နေခဲ့သည်။

ချစ်သူနှစ်ဦးကို ဘယ်လိုပင် ခွဲကြစေကာမူ ခိုင်မာသော မေတ္တာသံယောဇဉ် ကြိုးကြောင့် ချစ်တဲ့သူနှင့် တူနှစ်ကိုယ် ကမ္ဘာတစ်ခု တည်ဆောက်ရန်အတွက် နန်းအေးနန္ဒမြင့်တစ်





ယောက် မိဘအရိပ်မှ ရုန်းထွက်ကာ ချစ်သူအိုက်စံ ရင်ခွင်ဆီ ပြေးထွက်ခိုဝင်ခဲ့သည်။

ထို့အတွက်ကြောင့် နန်းအေးနန္ဒာမြင့် မိဘများနှင့် အစ်ကိုဖြစ်သူမှာလည်း မတတ်သာ၍ ပြန်လည်လက်ခံခဲ့ကြပေမဲ့ ရင်ထဲမှာတော့ ဘဝင်မကျ ဖြစ်နေကြသည်။ အိုက်စံကိုလည်း အငှားကား မမောင်းခိုင်းတော့ဘဲ စားသောက်ဆိုင်မှာပင် လုပ်ကိုင်စေသည်။

ရွှေမင်းသမီးနှင့် ညားပေမဲ့ ရွှေမင်းသားတော့ အိုက်စံ မဖြစ် အလုပ်သမားအဆင့်နှင့်သာ နေရပေသည်။

"တီ...တီ"

ခြံဝမှ ဟွန်းသံကြောင့် ထင်းခွဲနေသော အိုက်စံသည် ခြံတံခါးကိုထပြီး ဖွင့်ပေးလိုက်သည်။

စိုင်းဘိုမြင့်သည် ကားကိုခြံထဲသို့ မောင်းဝင်လိုက်ပြီး ကားပေါ်တွင် ပါလာသော အလုပ်များကို သယ်ချရန် မျက်စပစ်၍ အိုက်စံကို ပြောလိုက်သည်။ ပြီးနောက် မင်းသားပိုင်နှင့် အိမ်ထဲ ဝင်ရောက်သွားသည်။

အိုက်စံက ကားပေါ်ရှိအထုပ်တွေကို မနိုင်တနိုင်နှင့် ဆွဲယူကာ မလိုက်ပြီး ပခုံးပေါ် တင်လိုက်ကာ ထမ်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထုပ်ချမည့်နေရာတွင် စိုင်းဘိုမြင့်က မနိုင်ဝန်ထမ်း လာသော အိုက်စံကို အကူအညီမပေးဘဲ စီးကရက်ကို စတိုင်ကျကျ ဖွာရှိုက်လိုက်ပြီး မီးခိုးကို အပေါ်သို့ မှုတ်ထုတ်ကာ ကြည့်နေသည်။

"ဘုန်း"

"ဟော့ကောင် အိုက်စံ မင်းဘယ်လိုလုပ်လိုက်တာလဲ အထဲက ပစ္စည်းတွေက မင်းထက် တန်ဖိုးကြီးတယ် နားလည်ရဲ့ လား"

"အစ်ကိုကလဲ ကျွန်တော် မနိုင်လို့ မတော်တဆ ဖြစ်သွားတာပဲ"

"ဘာမနိုင်ရမှာလဲ၊ လမ်းဘေးမှာ ဖြစ်သလိုနေ ကြုံသလို စားနေရတုန်းက ဒီထက်မက လေးတဲ့ဝန်ကိုတောင် ထမ်း လာတဲ့ကောင်က ခု အိမ်နဲ့ယာနဲ့ အဆီအဆိမ့်တွေ စားနေ တော့ မနိုင်ဘူးဆိုတာ ဖြစ်နိုင်မလား"

အိုက်စံနားထဲ သံရည်ပူ လောင်းချလိုက်သည့်နှယ် ခံစားလိုက်ရသည်။ ယောကျ်ားချင်း ဘက်တူလျှင် လူမဆန် မဟုတ်မခံ ရင်ဆိုင်ရဲတဲ့ အိုက်စံသည် ချစ်ဇနီးသည်၏ မျက်နှာကို ထောက်ထားပြီး ဖြစ်ပေါ်လာသော ဒေါသကို မျိုချလိုက်ကာ စိုင်းဘိုမြင့်ကို ကျောခိုင်းလိုက်သည်။





ကြောက်ပါတယ်ဆိုမှ အနိုင်ယူလိုသော စိုင်းဘိုမြင့်က နောက်ကလိုက်လာပြီး။

"ဟော့ကောင် မင်းက မှန်တာပြောလို့ မကျေနပ်ဘူးလား"

"အစ်ကိုကို ကျွန်တော် ဘာပြောလို့လဲ"

"မပြောလို့ပေါ့၊ သတ္တိရှိ ပြောကြည့်ပါလား ရှိသမျှ သွားတွေ မနှုတ်ရဘဲ ကျွတ်သွားမယ် သတိထား"

မင်းမဟုတ် မင်း အဖေပေါ့ဟု သိုးငယ်ကိုရန်ရှာသည့် ဝံပုလွေနှယ် အပြစ်ရှာဇနေသည်ကို အိုက်စံ သိလိုက်သည်။ သို့ပေမဲ့ သည်းခံနေလိုက်ခြင်းက ရန်အေးလိမ့်မယ်ဟု အသိ ဝင်ကာ ကျန်လက်ကျန်အထုပ်များကို ဂရုစိုက်ကာ ထမ်း သယ်လိုက်သည်။

ဇနီးဖြစ်သူ နန်းအေးနန္ဒာမြင့်က စားသောက်ဆိုင်တွင် ကောင်တာတာဝန် ယူနေရသည်မို့ အိုက်စံ ဒုက္ခကို မမြင်ရပေ။

စိုင်းဘိုမြင့်က တရုတ်နိုင်ငံထုတ် လျှပ်စစ်ပစ္စည်းမျိုးစုံကို ဝယ်ယူပြီး မူဆယ်မှတစ်ဆင့် လားရှိုး သယ်ယူပေးရသည်။ ဦးစိုင်းအောင်နိုင်မြင့် ၏ရောင်းဆိုင်ထိုင်ကာ ရောင်းချပေး သည်။ ဒေါ်နန်းမိုးက စားသောက်ဆိုင်ကို ကြီးကြပ်လေသည်။

"ဟဲ့...အိုက်စံ ထင်းခွဲလို့ မပြီးသေးဘူးလား မီးဖိုထဲက မီးတွေ ထင်းမရှိလို့ ငြိမ်းတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒီမှာ အထုပ်တွေ ချထားနေရလို့ပါ"

"ပြောလိုက်ရင် ဆင်ခြေကြီးပဲ"

ဒေါ်နန်းမိုးက သားဖြစ်သူ သယ်ယူလာသော ပစ္စည်းတွေမှန်း သိလိုက်သည်နှင့် လေသံပျော့သွားသည်။ သို့သော်–

"အေး...အဲဒီ အထုပ်တွေကို မြန်မြန်ချပေးလိုက်ပြီးရင်ခွဲပြီးသား ထင်းတွေကို စဖိုဆောင်ကို ပို့ပေးလိုက်။ တကတည်း ဒါလေးလုပ်ရတာကို ကမ္ဘာကြီးကို ထမ်းနေသလား မှတ်နေသလား မသိဘူး၊ လေးလိုက်တာလွန်ရော သွက်သွက်လက်လက်ကို မရှိဘူး"

အမေကိုယ်တိုင် ပြောနေတာထက် ကိုယ်တိုင် ဝင်ထမ်းကြည့်ပါလားဟု ရင်မှာ ပြောလိုက်ချင်ပေမဲ့ အမိမဲ့သားရေနည်းငါးလားမို့ ယောက္ခမကို အမေရင်းပမာ ချစ်နေရသူဆိုတော့ ပြောမထွက်လေ။

"ဟုတ်ကဲ့ ကျွန်တော် ခုချက်ချင်း ပို့ပေးပါမယ်"

"အေး...ပို့လိုက် အငှားကားမောင်းတုန်းကလို အိပ်ချင်ရင် အငှားမလိုက်ဘဲ အိပ်နေလို့ရပေမဲ့ ဒီမှာက ဈေးဆိုင်မရောင်းချင်လို့ မရဘူးဆိုတာ မင်းသိထားဖို့ လိုတယ်၊ ဒါ သွားမယ်"

"ဪ...အငှားကားသမားတွေက ငှားမယ့်သူ မရှိ





အိပ်ပြီးစောင့်ခဲ့ရတာ အငှားမလိုက်ချင်လို့ အိပ်တယ်ဆိုတာ မရှိဘူးဟု တုံ့ပြန်ကာ ပြောလိုက်ချင်ပေမဲ့ ပက်လက်လှန်ပြီး တဲတွေးထွေးလိုက်သည်နှယ် ပြန်ပြောရလေမလားလို့ ဟစ်အော်ဆဲဆိုလိုက်မည်ကို ကြိုကြောက်ကာ ငြိမ်နေလိုက်မိသည်။

ခွဲပြီးသား ထင်းခွဲခြမ်းတွေကို မီးဖိုဆောင်သို့ပေးပို့လိုက်ပြီး လက်ကျန်ထင်းတွေကို ဆက်ခွဲနေစဉ်–

ချစ်ဇနီး၏ သာယာချိုမြိန်လှသော အသံကြောင့် နှမ်းပမ်းသမျှ ပြေပျောက်သွားသည်။

ဟင်းလင်းပြင်ထဲမှာ နေပူဒဏ်ခံနေရသူ အိုက်စံအဖို့ တိမ်ရိပ်ကျသည့်နှယ် အေးချမ်းသွားသည်။

"အေး တစ်နေကုန် ထိုင်နေရမှာ ညောင်းနေမှာပေါ့"

"မညောင်းပါဘူး မောင့်ကို သနားလို့ အေး လာကြည့်တာ"

အေး၏ လှပကြော့ရှင်းသော ချစ်စဖွယ် မျက်နှာလေးကို မြင်တွေ့လိုက်ရတော့–

ယောက်ဖနှင့် ယောက္ခမတို့ကို ကြမ်းတမ်းသော နတ်ဆိုးကြီးများသည် ရင်ဆိုင်ရမှာ ကြောက်ရွံ့နေသော်လည်း ချစ်ဇနီးအေး၏ အပြုံးတစ်ချက် ခြွေလိုက်ရင်ဖြင့် ကြောက်ရွံ့နေမှု



www.burmeseclassic.com

www.burmeseclassic.com



တွေသည် အိပ်မက်အလား ပျောက်ကွယ်သွားခဲ့သည်။

"မောင် မပင်ပန်းပါဘူး အေးရယ်၊ အေးနဲ့သာအတူ နေရရင် ဓားတောင်ကို ကျော်ရ ကျော်ရ၊ မီးပင်လယ်ကို ဖြတ်ရ ဖြတ်ရ၊ မောင် ရင်ဆိုင်ရဲပါတယ်"

"ဘာလဲ မောင်က ဆရာမြသန်းတင့်ရဲ့ ဝတ္ထုကို ကြော်ငြာနေတာလား"

"မဟုတ်ပါဘူး တင်စားတာပါ"

"အဲဒါတွေကြောင့် မောင့်ကို အေးက ချစ်တာသိလား"

"ဩော်...အေးရယ်၊ အေး ချစ်သလို မောင်ကလဲ အေးကို ချစ်တာပါပဲ၊ ချစ်လို့လဲ အေး အသိုင်းအဝိုင်းရဲ့ ပြစ်တင်ဝေဖန် ကြိမ်းမောင်းမှုတွေကို မောင် ခါးစည်းခံနေရ သလို၊ အေးကို ချစ်တာမဟုတ်၊ အေးရဲ့ ပိုင်ဆိုင်မှုတွေကို မက်မောလို့ဆိုတဲ့ အေးတို့ရဲ့ ဂုဏ်ပဏ္ဏာသန အသိုင်းအဝိုင်းက ဆုံချက်တင်ပြီး မောင့် အဖြူရောင်နှလုံးသားအား အရောင်ဆိုး နေတာကိုလဲ မောင် လည်စင်းခံနေရတာပေါ့ အေးရယ်ဟု ချစ်ဇနီးအား ရင်မှာ ခံစားမှုဝေဒနာကို မကြေငြာဘဲ အိုက်စံ ရင်မှာ မျိုသိပ်လိုက်သည်။

"ဟဲ့...သမီး ဆိုင်မှာ လူတွေကျနေတယ်၊ ညည်း ယောကျ်ားမျက်နှာက ရွှေထွက်လာမှာ မဟုတ်ဘူး ကြည့်မနေနဲ့



သာခဲ့"

"အမေကလဲ"

ပြည်ပန်းညို ချိုလျက်က ဆားက ဖျက်သလို အိုက်စံနှင့် အေးတို့၏ ချစ်တေးအလင်္ကာ တေးတစ်ပုဒ်ကို ပြီးဆုံးအောင် ပင် မဆိုလိုက်ရဘဲ မိုးခြိမ်းသံနှယ် ကျယ်လောင်လှသော ဒေါ်နန်းမိုး အသံကြောင့် လန့်သွားပြီ တုန်လှုပ်သွားပေသည်။

နန်းအေးနန္ဒာမြင့်က မိခင်ကို မကျေမနပ်သော်လည်း မပြောရဲ။ နှုတ်ခမ်းစူပြီး ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ခြေသောင့်ကာ ဆိုင်ထဲသို့ ပြန်ဝင်သွားသည်။

အိုက်စံက ယောက္ခမအပေါ် မကျေညက်မှု ဒေါသ တွေကို ထင်းတုံးတွေအပေါ် သက်ရောက်လိုက်ပြီး။

"ကဲကွာ အလိုက်မသိဦး၊ ကဲကွာ အပြစ်ရှာချင်ဦး ကဲ..."

"ပြောချင်ဦးကဲ..."

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၉)

တိုက်ကြီးပေါ်က သူဌေးသမီးကိုရပြီး သူဌေးသမ
ဖြစ်နေသော်လည်း တိုက်ပေါ်မှာ မနေရ။ ယောက္ခမ
လိုအပ်လို့ ခေါ်သည့်အခါမှ တိုက်ပေါ်တက်ရသည့် အိုက်
ဘဝ။

သူဌေးသမီးနှင့် အတူတော့ နေရပါသည်။ သို့ပေ
စားသောက်ဆိုင်အတွင်းရှိ အိပ်ခန်းသည်သာ အိုက်စံနှင့်တို့
တူနှစ်ကိုယ် သီးသန့်မင်္ဂလာဗိမာန် ဖြစ်သည်။

တိုက်ခန်းရှိ ထမင်းစားခန်းသည် အိုက်စံနှင့် မပတ်
သက်။ စားသောက်ဆိုင်၏ စားဖိုခန်းမှာသာ ဆိုင်အလုပ်သမား
တွေနှင့် မထူးမခြား အတူတကွသာ စားရသည်။

နေ့စဉ် နံနက် (၆)နာရီမှာ ည (၁၂)နာရီအထိ ဆိုင်
အလုပ်သမားတွေနှင့် အတူနေပြီး အလုပ်ကိုတော့ သူတို့ထက်





ပိုလုပ်ရသည်။ ဆိုင်ပိုင်ရှင်သမက်ဟူ၍ သြဇာမရှိ၊ အဆူခံ
ရချင်လည်း သူတို့ထက်ပင် ပိုခံရသေးသည်။

မည်သို့ပင်ဆိုစေ၊ ချစ်ဇနီးနှင့် တစ်မိုးအောက်ထဲမှာ
နေရသည်ကိုပင် ဘဝမှာ ပြည့်စုံလှချည်ရဲ့လို့ အိုက်စံ ကျေနပ်
နေမိသည်။

"ဟော့...အိုက်စံ"

မိုးကြိုးပစ်လိုက်သည်နှယ် ကျယ်လောင်သော အသံ
ကြောင့် စားသောက်ဆိုင်မှာတွင် စားနေသူအပေါင်းနှင့်အတူ
အသံလာရာဆီသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဒါ မင်း ထိုင်ရမယ့် နေရာလား"

အိုက်စံက မျက်နှာငယ်လေးဖြင့် ထိုင်ရာက ထလိုက်ပြီး။

"ဗျာ...အေး သန့်စင်ခန်းသွားနေလို့ ကျွန်တော့်ကို
ခဏထိုင်ခိုင်းလို့ပါ"

"မလိုချင်ဘူး၊ ထိုင်ခိုင်းလဲ မထိုင်နဲ့၊ ကိုယ်နဲ့တန်ရာ
တန်ရာ အလုပ်ကိုပဲလုပ်"

အိုက်စံ ပြန်မပြောရဲပါ၊ ကောင်တာမှ ထွက်ခွာပေး
လိုက်သော်လည်း လူအများရှေ့မို့ ရှက်ဒေါသ ပိုသွားပြီး
မျက်နှာနီသွားပေသည်။

"အဖေ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ဇနီး အေး အသံကြောင့် ရှက်ဒေါသထွက်ပြီး ဆုတ်ထားသော လက်သီးကို ဖြေလိုက်မိသည်။

"သမီး ဘယ်သွားနေတာလဲ"

"သန့်စင်ခန်း သွားတာပါ"

"အင်း...သွားရင်လဲ ကောင်တာကို ဒီအတိုင်းထား ခဲ့ပေါ့၊ ဘာဖြစ်လို့ စားပွဲထိုးကို ထိုင်ခိုင်းရတာလဲ"

"အို...အဖေကလဲ"

"အဖေကလဲ မလုပ်နဲ့၊ သူဌေး အလုပ်လုပ်"

"ဟင်"

အိုက်စံ ခေတ်ပညာမတတ်၊ ဘုန်းကြီးကျောင်းသား ဖြစ်ပေမဲ့ ယောကျ္ာမ ဦးစိုင်းအောင်နိုင်မြင့်က ကျွန်က ကျွန် အလုပ်လုပ်ဟု လူပုံအလယ်မှာ စကားကို မဆက်လိုက် ပေမယ့် အိုက်စံ သိလိုက်သည်။

ရှင်ဘုရင်နှင့်ညားတော့ မိဖုရား မိမိကို ကျွန်လိုသဘော ထားရင် အဖေ့သမီး အေးက ဘယ်သူမယား ဖြစ်သွားပြီးလည်း လို့ မေးလိုက်ချင်ပေမဲ့ သူကလည်း ပြောမထွက်တော ကိုယ်ကလည်း မမေးရက်ပေ။

"အိုက်စံ လာပါဦးကွ"

စားသောက်ရင်း လှမ်းခေါ်လိုက်သော မိတ်ဆွေများရှိရာ





စားပွဲသို့ ရောက်ရှိသွားပြီ။

"ဆရာ ဦးသန်းထိုက် ဘာအလိုရှိပါသလဲ"

"အလိုမရှိပါဘူး မေးစရာရှိလို့ပါ"

"ဟုတ်ကဲ့ မေးပါ"

ဦးသန်းထိုက်က မူးယစ်အထူးအဖွဲ့၏ တာဝန်ရှိသူ ဖြစ်သဖြင့် မူးယစ်သတင်းနှင့် ပတ်သက်၍များ မေးစရာရှိလို့ လားဟု အိုက်စံ ထင်လိုက်သည်။ သို့သော်–

"မင်း ယောကျ္ာမက စည်းကမ်းကြီးတာလား၊ ဒါမှ မဟုတ် သွေးကြီးတာလား"

အိုက်စံအငှားကား မောင်းစဉ်က ခင်မင်နေသော မိတ်ဆွေဖြစ်သဖြင့် မခံချင်စိတ်ဖြင့် မေးလိုက်သည်ကို ယောကျ္ာ မကြီးက မျက်နှာကြောဟောင်းတင်းနှင့် ပြန်ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့်–

"မဟုတ်ပါဘူး စည်းကမ်းကြီးတာပါ"

ဦးသန်းထိုက်က မချိအပြုံးနှင့် မဲ့ပြုံးလိုက်ပြီး။

"မင်းလဲ သူဌေးသမီး ယူမိကာမှပဲ စားပွဲထိုးဖြစ် တော့တာပဲ"

"ဒါကတော့ ဆရာရယ်၊ ကားမောင်းတော့ ဒီဟာ ပေါ့၊ စားသောက်ဆိုင်ကျတော့ စားပွဲထိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အိုက်စံ အဖြေကို ဦးသန်းထိုက်က သဘောမကျဟန် ဖြင့်–

"အင်းလေ ဒါကတော့ မင်းအပိုင်းပါ၊ ငါတို့က မင်း မိတ်ဆွေဆိုတော့"

အိုက်စံကလည်း သူနှင့်ပတ်သက်၍ မခံချင်ကြမှန်းသိ သည်။ သို့ပေမဲ့–

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာ၊ ကျေးဇူး တင်ပါတယ်"

ဦးသန်းထိုက်က လက်ခံကာ အပြုံးနှင့် ခေါင်းညိတ် လိုက်သည်။

"ဆရာကလဲ အိုက်စံ အလုပ်က စားပွဲထိုး မဟုတ်ပါဘူး၊ ကုန်သည်အလုပ်ပါ"

"ကဲ…စားပွဲထိုးမဟုတ်ဘဲ ကုန်သည်ဆိုရတဲ့ အကြောင်း ကို ပြောစမ်းပါဦး"

"ဟုတ်တယ်လေ၊ စားပြီးလို့ ကုန်သွားတဲ့ ပန်းကန်တွေ ကို ပြန်သယ်သွားတော့ ကုန်သည်ပေါ့ ဆရာရဲ့"

"ဟား…ဟား…ဟား"

ဦးလှအောင်၏ စကားကို သဘောကျပြီး ရယ်မောကော ပွဲစည်သွားကြသည်။





"အိုက်စံ"

"ဗျာ"

ဦးသန်းထိုက်က လှမ်းခေါ်ပြီး အိုက်စံ နားကပ်ကာ နှစ်ကိုယ်ကြား လေသံပျော့ဖြင့်–

"မင်း ယောက္ခမကို အငြိုးကြီးပြီး သူ့သမီးကို ညကျ ခနိုပ်ကွပ်နဲ့နော်"

"အို…ဆရာကလဲ"

အိုက်စံက ပြုံးဖြဲဖြဲနှင့် အခြားစားပွဲဝိုင်းဆီသို့ ကူးပြောင်း လိုက်သည်။

မကူးပြောင်းလို့က မဖြစ်၊ မိမိရှိရာသို့ စားတော့ဝါးတော့ တောက်ကြည့်နေသော ယောက္ခထီး၏ စက်ကွင်းလွတ်မြောက် ရန် ရှန်းထွက်လိုက်သည်။

သူ သတိထားမိလိုက်သည်က သူနှင့် ဦးသန်းထိုက်တို့ အဖွဲ့ တွေ့ဆုံစကားပြောလေတိုင်း ယောက္ခမများ၏ အကြည့် က စူးစူးဝါးဝါး နိုင်လှသည်။

ဦးသန်းတိုက်တို့အဖွဲ့ စားသောက်ပြီး ပြန်အသွား မကြာလိုက်ပါ။

"ကိုအိုက်စံ သူဌေးခေါ်နေတယ်"

"ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အိမ်မှာ"

အိမ်ဖော်မိန်းကလေးက လာခေါ်သောကြောင့် အိုက်စံ
ကောင်တာရှိ ဇနီးဖြစ်သူကို ကြည့်လိုက်ကာ ဘာကြောင့်လဲဟု
မျက်စဖြင့် မေးလိုက်သည်။ သူမကလည်း ခေါင်းလှုပ်ခါယမ်း
လိုက်ပြီး မသိသည့်သဘောကို ပြလိုက်သည်။

အိုက်စံ မိမိအပြစ် ဘာရှိပါလိမ့်ဟုတွေးကာ ယောကျ်ား
ရှိရာသို့ လျှောက်သွားလိုက်သည်။

ဧည့်ခန်းထဲတွင် ယောက္ခမနှစ်ယောက်စလုံး ရှိသည်
အိုက်စံက သူတို့ရှေ့ စုံရပ်လိုက်သည်။

"အိုက်စံ"

"ဗျာ"

"မင်းလုပ်နေတာ စားသောက်ဆိုင်လား ဧည့်ခံပွဲလား"

"စားသောက်ဆိုင်ပါ"

"စားသောက်ဆိုင်ဆို မင်းအလုပ်က စားပွဲထိုးလေ ဧည့်
ပြီး စကားပြောဖို့ မလိုဘူး"

အိုက်စံ ခေါ်လိုက်သည့် အကြောင်းကို သဘောပေါက်
သွားသည်။

"ကျွန်တော်က မပြောလိုပါဘူး၊ သူတို့က မေးလို့ပါ"

အိုက်စံ စကားကြောင့် ဦးစိုင်းအောင်မြင့် မျက်ခုံးပင့်





သွားပြီ။

"သူတို့က မင်းကို ဘာမေးသလဲ ပြောစမ်း"

အိုက်စံ အခက်တွေ့သွားသည်။ သူနှင့် ပတ်သက်၍
ယောက္ခမအပေါ် သူတို့၏ မကျေနပ်ချက်ကို ပြန်လည်ပြောရန်
သင့်ပေ။

ထို့ကြောင့်–

"ကား ပြန်မမောင်းတော့ဘူးလားလို့ မေးပါတယ်"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"မင်းက ကျွန်တော် သူဌေးသမီးရလို့ မမောင်းတော့
ဘူးလို့ မပြောလိုက်ဘူးလား"

ယောက္ခမ၏ ငေါ့ထူးထူးစကားကြောင့် အိုက်စံ ဘဝင်
ကျ ဖြစ်သွားသည်။ သို့ပေမယ့်–

"မမောင်းတော့ဘူး၊ စားပွဲထိုးလုပ်နေတယ်လို့ပဲ ဖြေ
လိုက်တယ်"

ဦးစိုင်းအောင်နိုင်မြင့်၏ အသံက တိုက်ခန်းတဲ ဖုံးကျဲ
သည်နှယ် ဟိန်းထွက်သွားသည်။ အိုက်စံလည်း နောက်ကို
သန်ပြီး လန့်သွားမိသည်။

"မင်းကို စိုင်းဘိုနဲ့ ပတ်သက်ပြီး မေးတာလား"


www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာမေးလဲ"

အိုက်စံ မဖြေလို့ မဖြစ်တော့ပေ။

"အဖေ့ သမီးနဲ့ ပတ်သက်လို့ပါ"

"ဘာမေးလဲ"

"ကိုယ်ဝန် ရှိနေပြီလားတဲ့"

အိုက်စံ စကားကြောင့် ဦးစိုင်းအောင်နိုင်မြင့်၏ မျက်နှာ… သွားပြီး။

"ဒါ အဖေဖြစ်တဲ့ငါ့ကို ပြောရအောင် မင်းက ပမာခေ… လုပ်တာလား"

"အဖေကို မပြောပါဘူး၊ အဖေ မေးလို့ပါ"

"တော်…ငါ ထလုပ်လိုက်ရ သေတော့မယ် သွား"

အိုက်စံ နောက်ပြန်လှည့်လိုက်စဉ်–

"အိုက်စံ"

"ဗျာ"

"သူတို့က ဘာတွေလဲဆိုတာ မင်းသိလား"

"ဟုတ်ကဲ့ သိပါတယ်"

"သိတယ်ဆိုရင်ရှောင်၊ နောက် သူတို့လာရင် … နောက်ဖေးဆောင်ကနေ မထွက်နဲ့ကြားလား"

သိန်းမင်းစာပေ



"ဟုတ်ကဲ့"

အိုက်စံ တိုက်အိမ်ထဲမှ ထွက်လာခဲ့သည်။

စားသောက်ဆိုင်ဆိုတာ လူပေါင်းစုံနှင့် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံရတယ်၊ ဦးသန်းထိုက်တို့ဟာ နိုင်ငံတော်အကျိုးသည်ပိုးနေတဲ့ အရာရှိတွေဖြစ်တယ်။ ဒီလိုပုဂ္ဂိုလ်တွေနှင့် ပြောဆိုဆက်ဆံ နေရသည်ကို ဂုဏ်မယူဘဲ၊ ဘာကြောင့်များ ပိတ်ပင်တားမြစ် နေရတာလဲ။ စိုင်းဘိုမြင့်က မူးဆယ်ကနေ တရားဝင်ပစ္စည်းတွေကို သယ်ယူရောင်းချနေတယ်လည်း ဆိုသေးတယ်။ ဘာဖြစ်လို့ ဦးသန်းထိုက်တို့ကို ကြောက်နေရတယ်တာလည်း အကြောင်းတော့ရှိမည်ဟု အိုက်စံ တွေးထင်လိုက်မိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၁)

"ကလင်...ကလာင်"

"ဟဲဟို"

"ဟုတ်ပါတယ်"

ဖုန်းကိုကိုင်ကာ နားထောင်နေသော ဒေါ်နန်းမိုး မျက်နှာ
သည် ချက်ချင်းပျက်သွားပြီး။

"ဟုတ်ကဲ့၊ ခု လာခဲ့ပါ့မယ်"

ဖုန်းကို ပြန်ချလိုက်ပြီး မျက်နှာညှိုးသွားသော မိခင်
ဖြစ်သူကို နန်းအေးနန္ဒာမြင့်ကက ကြည့်လိုက်ကာ–

"အမေ အမေ ဘာဖြစ်လို့လဲ"

"စိုင်းဘို ကားချင်းတိုက်မိလို့ ဆေးရုံရောက်နေတယ်"

"ဟင်...ဟုတ်လား"

"ဟုတ်တယ် အခြေအနေမကောင်းဘူးတဲ့ သမီး"

ဒေါ်နန်းမိုး၏ ငိုသံပါသောအသံကို ကြားရသောအခါ





နန်းအေးနန္ဒာမြင့်မှာ စိုးရိမ်စိတ်ပိုသွားပြီး။

"ဟင်...သမီးလဲ လိုက်မယ်"

"နေခဲ့စမ်းပါ ဆိုင်ကိုကြည့်ထား၊ သမီး အဖေဆီကို
ဖုန်းဆက်လိုက်၊ အမေ ကြုံရာကားနဲ့ သွားမယ်"

"ဟုတ် ဟုတ်ကဲ့ အမေ"

အစ်ကိုအတွက် စိုးရိမ်စိတ်ပိုနေသော အေးကိုကြည့်ကာ
အိုက်စံ စိတ်မကောင်း။ အေး လိုက်သွား၊ မောင် ဆိုင်ကြည့်ထား
ပေးပါမယ်ဟု ပြောလိုက်ချင်သော်လည်း မိမိအပေါ် လူရာ
မသွင်းသော ယောက္ခမများကြောင့် ဘာမှမပြောဝံ့ဘဲ ရေငုံ
နှုတ်ပိတ်နေလိုက်ပြီး ချစ်ဇနီးကိုသာ နှစ်သိမ့်နေလိုက်သည်။

ဖခင်ဆီကို ဖုန်းခေါ်နေသော နန်းအေးနန္ဒာမြင့် လက်မှာ
တုန်နေသဖြင့် အိုက်စံက ဖုန်းနံပါတ်များကို နှိပ်ပေးလိုက်
ရလေတော့သည်။

"အိုက်စံ"

ထိုစဉ် ယောက္ခမ၏အသံက မိုးထစ်ခြုန်းသည့်အလား
ပေါ်လာသည်။

"သွားစမ်း ကားတစ်စီး မြန်မြန်သွားငှားခဲ့"

"ဟုတ်"

အိုက်စံ ဆိုင်အပြင်သို့ ပြေးထွက်သွားပြီး အငှားကားများ



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်ထိုးရာဆီသို့ ဦးတည်လိုက်သည်။

အိုက်စံအတွက်ကတော့ ကူညီပေးမယ့်သူ ပေါပါသည်။ ချက်ချင်းပင် ကားငှားပြီး ဆိုင်ရှေ့ရောက်သည်နှင့် ယောက္ခမနှင့် အိမ်ဖော်မိန်းကလေးက ကားပေါ်တက်လိုက်ပြီး ကားထွက်သွားသည်။

ယောက္ခမက သူ့အား ယောင်၍မျှပင် အေးဖော်ကြောဖျက်မလုပ်၊ အိုက်စံက ဝေး၍သွားသော အငှားကားကို ကြည့်မနေအား၊ ချစ်ဇနီးဆီသို့ စိတ်မချစွာ အပြေးလေးလာခဲ့သည်။

"အေး အဖေ့ဆီ ဖုန်းဆက်လို့ ရသလား"

"အင်း"

စိုးရိမ်ပူပန်မှုကြောင့် မျက်စိ မျက်နှာ ပျက်နေသော ချစ်ဇနီးကို မည်ကဲ့သို့ နှစ်သိမ့်ရမည်မှန်းမသိ။

"အေး...သိပ်လဲ ပူမနေပါနဲ့၊ ဘာမှကြီးကြီးကျယ်ကျယ် မဖြစ်လောက်ဘူး ထင်ပါတယ်"

"အေး စိတ်တွေ လေးနေတယ် မောင်၊ မျက်ခုံးတွေလဲ လှုပ်နေတယ်"

"ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ပါတယ်။ စိတ်ထဲ အစွဲမထားနဲ့၊ အေး နားချင်နားလေ၊ မောင် ဆိုင်စောင့်ပေးပါမယ်"

"ဟင့်အင်း...ဒီမှာပဲ အေး ဖုန်းစောင့် နားထောင်နေ





မယ်"

"ကောင်းပြီလေ ဒါဖြင့် မောင်အလုပ် လုပ်လိုက်ဦးမယ်"

ဆိုင်ကလည်း လူကျနေသဖြင့် အိုက်စံ စားပွဲထိုးများနှင့်အတူ အလုပ်များနေစဉ်–

ဆိုင်မှာ စားသောက်နေကျ ခရီးသည်တင် ယာဉ်မောင်းတစ်ဦးက–

"ကိုအိုက်စံ ခင်ဗျားတို့ ကြားပြီးလောက်ပြီးလား"

"ဘာများလဲ ကိုအိုက်ပီ"

"ခင်ဗျား ယောက်ဖ စိုင်းဘို သတင်းလေ"

အိုက်စံ လတ်တလော ခံစားနေရသော ဝေဒနာဆိုး၏ အကြောင်းရင်းမို့ သိချင်ဇောနှင့် မေးလိုက်သည်။

"ပြောစမ်းပါဦး ဘယ်လိုဖြစ်ရတာလဲလို့"

"ဒီလိုဗျ ကျွန်တော့်ကားက စိုင်းဘိုကားနောက်ကလေ"

"အဲဒီတော့"

"(၉)မိုင်ကုန်း အဆင်းနားမှာ ဆပ်ပလိုင်းချက်လုပ်တယ်၊ အဖွဲ့က ခင်ဗျားသိပါတယ်၊ ဦးသန်းထိုက်တို့ အဖွဲ့ပေါ့၊ စစ်ဆေးရေးအဖွဲ့က စိုင်းဘို ကားကို စစ်ဆေးဖို့တားတယ်၊ စိုင်းဘိုက ရပ်မပေးဘဲ မောင်းပြေးတယ်၊ စစ်ဆေးရေးအဖွဲ့ကလဲ နောက်ကနေ ကားနဲ့လိုက်တာပေါ့၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတာက စိုင်းဘိုက ရှေ့ကကားကို ကျော်အတက်မှာ တစ်ဖက်က လာတဲ့ကားနဲ့ မျက်နှာချင်းဆိုင် တိုက်မိလိုက်တာပဲ"

"အစ်ကို ဘာဖြစ်သွားသေးလဲ ဟင်"

နန်းအေးနန္ဒာမြင့် အစ်ကိုဖြစ်သူအတွက် စိုးရိမ်စိတ်ပိုက် မေးလိုက်သည်ကို အိုက်ပီက–

"အခြေအနေက စိုင်းဘိုကို ကားထဲက မနည်းဆွဲထုတ်ရတယ်၊ သတိတော့မရဘူး နောက်ပြီး–

"နောက်ပြီး ဘာဖြစ်လဲ ဟင်"

နန်းအေးနန္ဒာမြင့်က သိလိုစိတ်ပြင်းစွာ မေးလိုက်ပြန်ပေမယ့် အိုက်ပီက ပတ်ဝန်းကျင် အခြေအနေကို ငေးကြည့်လိုက်ပြီးမှ–

"စစ်ဆေးရေးအဖွဲ့က စိုင်းဘိုရဲ့ကားကို စစ်ဆေးလိုက်တော့ ကားအပိုဘီးရဲ့ ကျွတ်ထဲမှာ မူးယစ်ဆေးဝါးတွေ တွေ့တယ်လို့ ဆိုတယ်"

"ရှင်"

"ဗျာ"

အိုက်စံ အေးကို လှမ်းကြည့်လိုက်သည်။ အေးက မယုံကြည်နိုင်သော မျက်ဝန်းနှင့် သူ့အား ကြည့်နေသည်။





သူလည်း ထိုနည်းတူစွာပင် အေးအား ပြန်ကြည့်လိုက်သည်။

'သို့သော် အိုက်စံ ခေါင်းထဲ လျှပ်စီးလက်သည့်နှယ် ဝင်ရောက်လာသော အတွေးက ကောက္ခမအထီးက သူ့အား ဦးသန်းထိုက်တို့နှင့်လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များနှင့်လည်းကောင်း စကားပြောခြင်းကို လုံးဝမကြိုက်ခြင်းက သူ့သား ဥပဒေနှင့် မကင်းသော ကုန်သွယ်မှု ပြုနေခြင်းကြောင့် လေလားဟုသော သံသယအတွေးဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၁)

အစ်ကို၏ သတင်းဆိုးကြောင့် တရှုပ်ရှုပ် ငိုနေသော အေးကို နှစ်သိမ့်နေစဉ်–

ကားသံကြောင့် အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သည်။ အခြေအနေ သိချင်ဇောနှင့် အိုက်စံ ပြေးသွားပြီး ခြံတံခါးကို ဖွင့်ပေးလိုက်သည်။

ကားပေါ်မှ ဒေါ်မာန်နှင့် ဆင်းလာသော မီးဝင်းဝင်း တောက်နေသော မျက်လုံးကြီး နှစ်စုံကြောင့် အိုက်စံ ကြောင်နေစဉ်–

"ခွေးမသား သားရေးပေါ်အိပ် သားရေနားစားတယ်"

"ခွပ်"

အိုက်စံ မျက်လုံး ကြယ်ရောင်စုံများ ပွင့်ထွက်သွားသည်။ ယောက္ခမ အထီး၏ လက်သီးချက်က ပြင်းထန်လွန်းလှသည်။

"ဟာ...အဖေ အဖေ"





အေးက ဝင်ဆွဲရာ မိခင်က အေးအား ဆွဲလိုက်ပြီး–

"သမီး နင် ဝင်မပါနဲ့၊ နင့် လင်ကို ရိုက်ရုံတင် မကဘူး၊ သတ်တောင် သတ်ပစ်လိုက်ချင်တာ"

"ဟင်"

အသားထိတော့ အိုက်စံ ဒေါသက ငုပ်လျှိုးမနေတော့။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ အဖေ"

ရိုက်နှက် ကန်ကျောက်နေခြင်းကို ရှောင်တိမ်းပြီး အိုက်စံ ပြန်မေးလိုက်သည်။

ဒေါ်နန်းမိုးက အော်ကြီးဟစ်ကျယ်နှင့်–

"ဟဲ့...သမီး နင့် အစ်ကိုသတ်တာ နင့် လင်ဟဲ့"

စိုင်းဘိုသေခါနီး အိုက်စံ လက်ချက်လို့ ပြောသွားတာ၊ ဟိုကောင်တွေကို သူ သတင်းပေးလို့ နင့်အစ်ကို သေရတာ"

"မဟုတ်ဘူး အေး မဟုတ်ဘူး၊ မောင် ဘာမှမသိဘူး"

ဖခင်နှင့် မိခင်၏ စွဲချက်ကြောင့် မိမိအား သံသယ မျက်လုံးစိမ်းနှင့် ကြည့်လာသော ချစ်ဇနီး အကြည့်သည် ယောက္ခမများ ရိုက်နှက်သည်ထက် နာကျင်လွန်းလှသည်မို့ အေးကို ရှင်းရန်သာ ကြိုးစားသည်။

"သွား...ခွေးကောင်၊ မင်း ငါ့အိမ်ပေါ်က ဆင်းသွား၊ မင်းမျက်နှာ မမြင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သွား...သွား၊ ဖိုးလုံးနှင့် ချက်ကြီးလာစမ်း၊ ဒီကောင်ကို ခြံပြင်ကို ဆွဲထုတ်လိုက်"

ချစ်ဇနီးအား ကြည့်လိုက်သည်။ ကြက်သေ သေနေသော အေးက, တစ်ခွန်းမှ ဝင်မပြော၊ မျက်လုံးစိမ်းနှင့် ကြည့်နေဆဲ။ ထိုမျက်လုံးစိမ်းက သူ့နှလုံးသားကို ဓားထက်ထက်နှင့် နုပ်နုပ်စင်းသည့်နှယ်ပင် မည်သို့ပင်ဆိုစေကာမူ သူ အေးနှင့် လုံးဝမခွဲနိုင်သည့်အတွက်။

"ဆင်းဆိုရင်လဲ ဆင်းမယ်၊ ဒါပေမဲ့ စိုင်းဘို ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် လုံးဝမဟုတ်ဘူး၊ စိုင်းဘိုကို ကျွန်တော် စိတ်လဲမဝင်စားဘူး၊ သူ ဘာလုပ်နေတယ် ဆိုတာလဲ မသိဘူး"

"ခွေးမသား မလိမ်နဲ့၊ မသိဘူးဆိုတာ မင်း ချေးစားပြော တာတောင် ငါမယုံဘူး"

အိုက်စံ မိခင်ကို ခွေးနှင့်နှိုင်းကာ ဆဲဆိုခံလိုက်ရသဖြင့် ငယ်ထိပ် မြွေပေါက်ခံလိုက်ရသည်နှယ် ခံစားလိုက်ရသည်။ ပြီးနောက် ရာဇဝတ်ဘေး မလွတ်မှန်းသိရက်နှင့် ထွက်ပြေးတယ်၊ ကားချင်းတိုက်မိပြီး သေခါနီး သွေးရူးသွေးတမ်း စိုင်းဘို ပြောသွားသည်ကို ယုံမှတ်ကာ သူ့တို့ ပြဿနာရှာတာတော့ လုံးဝသည်းမခံနိုင်တော့သဖြင့်–





"အမေ့ကို မစော်ကားနဲ့ ဆင်းမယ်၊ ကျွန်တော့်မိန်းမ ကျွန်တော် ခေါ်သွားမယ်၊ အေး လာလိုက်ခဲ့"

"မခေါ်ရဘူး၊ သမီး– သစ္စာမရှိတဲ့ ကောင်နောက် မလိုက်ရဘူး"

စားပွဲထိုးများက သူ့အား မဆွဲချင် ဆွဲချင် ဆွဲခေါ်နေရ သည်။ သူ အေးအား ကြည့်လိုက်သည်။ အေးမှာ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုရှိုက်ရင်း အိမ်အတွင်းပိုင်းသို့ ပြေးဝင် သွားလေတော့သည်။

"အေး...အေး"

သူ့အသံက နှလုံးသားအက်ကွဲကြောင်းမှ ထွက်ပေါ် လာလေသည်။ အေးကတော့ ကြားသလား မကြားသလား သူမသိ။

သူ သစ္စာဆို၍ရသည်။ ယောက်ဖ စိုင်းဘို ဥပဒေနှင့် မလွတ်ကင်းသော အလုပ်ကို လုပ်နေမှန်း သူလုံးဝမသိခဲ့ရိုး အမှန်ပင်။

သူ ကားမောင်းသမား ဘဝက အသိတစ်ယောက် အိမ်မှာ ခေတ္တနားခိုပြီး အေးအား စိတ်အချရဆုံးသူမှတစ်ဆင့် စာနှင့် ဆက်သွယ်ခဲ့သည်။

အေး



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကိုယုံကြည်ရင် ချစ်ရင် မန်ဆူးဘုရားကြီးကို လာခဲ့ပါ၊ မောင် ဒီနေ့ကစပြီး (၂) ရက်တိတိ စောင့်နေမယ်၊ အေး မလာရင် အေးနဲ့မောင် ဒီဘဝ ဒီမျှသာပဲ။

အေးတို့ အိမ်အရိပ်ကို မောင်ဘယ်တော့မှ နင်းတော့မည် မဟုတ်ပါ။

မောင်

အေး၏ ရုန်းမထွက်သာ အခြေအနေကြောင့်လား အေး၏ နောက်ဆုံး မျက်လုံးစိမ်းကပဲ သူမိဘများနည်းဟု သေသူ၏ ကယောင်ကတမ်း စကားနှင့် သူ့အား နာကြည်းမှုက ဘဝတစ်သက်တာ ခွဲခွာမှုအတွက် အတည်ပြုလိုက်လေသလားဆိုတာကို တစ်ကောင်ကြွက် ခြေသလုံး အိမ်တိုင် သမားလေး အိုက်စံ မသိနိုင်ပြီ။

နှစ်ရက်တိတိ စောင့်၍ မလာသောအခါ အိုက်စံ နောက်ဆုံးအနေဖြင့် ဆိုင်ကို ဖုန်းဆက်ကြည့်သည်။

"အေး...မောင်စာ ရသလား"

"ရတယ် မမျှော်လင့်နဲ့၊ ရှင့်လို အကြံပတ်စက်တဲ့ လူနောက်ကို ဘယ်တော့မှ မလိုက်ဘူး၊ အို...သေတောင်မလိုက်ဘူးမှတ်"

"ဂျစ်လောက်"





အိုက်စံနားတဲ့ သံရည်ပူ လောင်းချခံလိုက်ရမှုက နှလုံးသားအထိ စီးဆင်းနစ်ဝင် သွားလေသည်မို့

ချက်ချင်းပင် လားရှိုးမြေကို ကျောခိုင်းထွက်လာခဲ့သည်မှာ နှစ်ပေါင်း (၂၁)သို့ တိုင်ခဲ့လေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

ဖခင် ဦးအိုက်စံ (ခေါ်) ဦးသန်းဝင်း၏ စကားအဆုံး၌ ဇော်သီဟကော မိုးမြင့်သဇင်ပါ တွေဝေသွားရသည်။

(၂၁)နှစ်နှစ်တဲ့။

သဇင် တစ်သက်ပေါ့။

သူ့အသက်က ၂၅ နှစ်ဆိုတော့ ဇော်သီဟ မိခင်က ဘယ်သူလဲ ဒီအကြောင်း မပါပါလား။

ဇော်သီဟ ဖခင်ကို လှမ်းကြည့်လိုက်သည်။ ဖခင် မျက်လုံးက သဇင်ပေါ်သို့ ဖခင်တစ်ယောက်၏ မေတ္တာအပြည့် အဝနှင့် ကျရောက်နေရင်း။

“သမီးလေး အသက်က”

“နှစ်ဆယ် ပြည့်ပြီးပြီ”

ဦးအိုက်စံ ရင်ထဲ ဆို့နစ်သွားသည်။

သူ အေးကို နာကြည်းစွာ ထားရစ်ခဲ့ချိန်၌ အေး၌





သူ့ရင်သွေးလေး ကျန်ရစ်ခဲ့ပါလား။

“သမီး မေမေကတော့ တစ်ယောက်တည်းပဲလား”

ဖခင် ဘာကိုဆိုလိုမှန်း သိပါသည်။ သဇင်က ကလေးမှ မဟုတ်တော့ဘဲ။

“မေမေက နောက်အိမ်ထောင် မပြုပါဘူး ဖေဖေ၊ သူပဲ အဖေ၊ သူပဲ အမေအနေနဲ့ သမီးကို စောင့်ရှောက်ခဲ့တာပါ”

“အဘိုးအဘွားတွေကော”

နာကြည်းစိတ်ကို မပျက်တပြယ်နှင့် ဦးအိုက်စံ ဆက်လက် မေးခွန်းထုတ်လိုက်သည်။

“အဘိုးကတော့ ဆုံးသွားတာ (၃) နှစ်လောက်ရှိပြီ၊ အဘွားကတော့ ရှိနေပါတယ်၊ ဒါပေမဲ့ စီးပွားရေး မလုပ်တော့ဘူး၊ တရားအားထုတ်ရင်း သမီးတို့ သားအမိကိုပဲ စောင့်ရှောက်ပေးနေပါတယ်”

“ဩော်”

ဦးအိုက်စံ၏ မျက်နှာပြင်ပေါ်၌ နာကြည်းမှု အရိပ်အယောင်များ ရောပါသွားပြီး ဆွေးရိပ်များ ယှက်သန်းသွားသည်။

“အဖေက ဘာဖြစ်လို့ ဦးအိုက်စံကနေ ဦးသန်းဝင်း ဖြစ်သွားတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သမီးရယ်၊ အဖေအနေဖြင့် ဒေသသစ်မှာ ဘဝတစ်ခု တည်ဆောက်တော့ နာမည်ကလဲ အသစ်ပြောင်းလိုက်တာပေါ့"

ဦးအိုက်စံ တစ်ချိန်က ရင်ဝယ် နာကြည်းခံစားမှုကြောင့် သံယောဇဉ်ဖြတ် ကျော်ခိုင်းသည့်အနေဖြင့် နာမည်ပြောင်းခဲ့သည်ကို သမီးဖြစ်သူအား မပြောရက်။

"ဒါကြောင့် သမီးတို့ ဘုရင့်နောင်ပွဲရုံမှာ သွားရှာတာ မတွေ့တာကိုး"

"ဟုတ်တယ် သူငယ်ချင်း စိုင်းဝဏ္ဏနှင့် တွေ့ခဲ့တာလဲ မှန်တယ်။ သမီးတို့ ရှာမတွေ့တာက အဖေ့ စီးပွားရေးလုပ်ငန်း သား ဇော်သီဟနာမည်နဲ့ လုပ်ထားတာ"

"ဩော်"

သဇင် သဘောပေါက်သွားသည်။

ဇော်သီဟက ဖခင်ကိုကြည့်ကာ သူမေးလိုသော မေးခွန်းများကိုမေးရန် သင့်မတင့် ချင့်ချိန်ရလေပြီ။

သဇင်ကလည်း သူ့အား မဝံ့မရဲ လှမ်းကြည့်သည်။ ဇော်သီဟ မျက်နှာလွှဲလိုက်သည်။

သဇင် ရင်ထဲကော သူကဲ့သို့ပင် ခံစားနေရပြီလား မှန်းကျပ်ပါဘိ သူမေးလိုက်သော မေးခွန်းတွေအတွက် ဖခင်





ထံမှရရှိမည့် အဖြေက သူ့အတွက် နှစ်မျိုးစလုံး ကောင်းနိုင်မည်မဟုတ်ဟု သူကြိုတင်သိနေသည်။ ထို့ကြောင့် မေးနိုင်သော အင်အားမရှိသေးသည်မို့–

"ဖေဖေတို့သားအဖ စကားပြောနှင့်ကြဦး၊ ကျွန်တော် ညနေစာအတွက် သွားစီစဉ်လိုက်ဦးမယ်"

"အေး...အေး"

ဦးအိုက်စံက သားဖြစ်သူ၏ အရိပ်အကဲကို သိနေသဖြင့် ခွင့်ပြုလိုက်သည်။ စိတ်ထဲ၌လည်း နေပါစေဦး၊ ဒင်းမေးမှ ပြောမယ်ဟု တေးထားလိုက်သည်။ အမှန်တကယ်တော့လည်း သူက စတင်ကာ မပြောရက်ပါချေ။

သို့သော်–

အဖမဲ့ ကြီးပြင်းခဲ့ရရှာသော သမီးသဇင်ကတော့ တစွတ်စီးနိုင်သလို ပွင့်လင်းပုံလည်းရသည်မို့ ဟော့ဟော့ဒိုင်းဒိုင်းပင်။

"ဖေဖေ"

"ဘာလဲသမီး ဘာမေးမလို့လဲ"

"ဖေဖေ မှန်မှန်ဖြေနော်"

ဦးအိုက်စံ ပြုံးလိုက်သည်။ အဖေကို တရားသူကြီးတစ်ယောက် စစ်ဆေးတော့မည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ သမီး"

"ကိုဇော် အသက်က အစိတ်ဆိုတော့ ဖေဖေ ဘယ်တု
က မွေးတာလဲ"

"ဦးအိုက်စံက ဟက်ခနဲ အသံထွက်အောင် ရယ်လို
မိသည်။ သမီးကို ကျီစားလိုသဖြင့်–

"သမီး အဖေနဲ့ မတွေ့ခင် မွေးတယ်ထင်လို့လား"

သဇင် မပြောတတ်၊ မျက်တောင်လေး ပုတ်
ပုတ်ခတ်လုပ်ကာ ဖခင်ကို အကဲခတ်လိုက်သည်။ အ
ပြောတာလား နောက်တာလားဟု။

ဦးအိုက်စံက သမီး ခေါင်းကို ချစ်စနိုး ပုတ်လိုက်

"ဖေဖေ လားရှိုးကထွက်လာပြီး ရန်ကုန်မှာ ကား
သေးတယ်။ နောက်ဖျာပုံက ဆန်ကုန်သည်တွေနဲ့ ရင်းနှီး
ဖျာပုံဘက် လိုက်ဆင်းကာ အခြေချခဲ့တယ်၊ အဲဒီကနေ
အဝယ်တွက်ရင်း ရွာတစ်ရွာမှာ မော်တော်နစ်ပြီး မိဘ
စလုံးဆုံးသွားလို့ ခိုကိုးရာမဲ့ဖြစ်နေတဲ့ ၃ နှစ်သား က
ဘုန်းကြီးကျောင်းပဲ အပ်ရမလို၊ ရပ်ရွာလူကြီးတွေကပဲ
ကျောင်းကို ပို့ရမလို ဖြစ်နေတုန်း ဖေဖေ ကိုယ်ချင်း
မွေးစားလိုက်ခဲ့တယ်၊ ကလေးနာမည်က ဇော်သီဟ၊
ဦးသန်းဝင်း၊ မိခင် ဒေါ်အေးအေးပေါ့ကွယ်၊ ဇော်သီဟ



ဖေဖေသားပဲပေါ့ သမီးရယ်"

"ဒီအကြောင်းတွေကို ကိုဇော်သိသလား ဖေဖေ"

သဇင် ရင်ထဲ မွန်းကျပ်မှုက ထွက်ပေါက်ရသွားသော်
လည်း ကိုဇော်အပေါ် သနားဂရုဏာ သက်သွားသည်မို့
ဖခင်ကို ကမျောကသော မေးလိုက်မိလေသည်။

"မသိသေးပါဘူး သမီးရယ်၊ ဒါပေမဲ့ သူ ဖေဖေ့ကို
မေးလာမှာပါ"

"ဖေဖေ အမှန်အတိုင်း ပြောမှာလား"

ဦးအိုက်စံ ခေါင်းညိတ်လိုက်လေသည်။ တစ်ဖက်မှာ
လည်း သမီးရင်းက အမှတ်မထင် ဘွားခနဲ ပေါ်လာသဖြင့်
အတိုင်းအဆ မသိသော ကြည်နူးမှု ရရှိလိုက်သလို–

တစ်ဖက်မှာလည်း တစ်သက်လုံး ရင်အုပ်မကွာ စောင့်
ရှောက်ခဲ့ရသည့် သားကို မွေးစားသားဖြစ်ကြောင်း ဖွင့်ဟရမည့်
အရေးအတွက် ရင်မှာ နာကျင်ထိရှလျက် ရှိရချေပြီ၊ ထိုအချိန်
အိမ်ပေါ်က ဆင်းလာပြီး ဆိုင်ကယ်နား ရောက်ခါမှ
ဆိုင်ကယ်သော့ ကျန်ခဲ့သဖြင့် အိမ်ပေါ်သို့ ပြန်တက်လာသော
ဇော်သီဟသည် ဖခင်နှင့် သဇင်တို့ အပြန်အလှန် ပြောစကား
ကြောင့် ဇော်သီဟ မိမိဘဝမှန်ကို သိရှိလိုက်ရလေသည်။

ရုတ်တရက်တော့ ဇော်သီဟ ရင်မှာ ဆို့နစ်သွားသည်။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းမှုတွေ ရင်မှာ ပိုက်ထားရသည့် ဦးအိုက်စံကဲ့သို့ ဘဝမျိုး သူမရောက်ရှိရခြင်းမှာ ဖခင်ကြီး၏ မေတ္တာစေတ်နှင့် ကျေးဇူးတရားကြောင့် ပါလားဟုသိကာ ဖခင်ဆီပြေးသွားကာ ဖခင်ခြေရင်း ဒူးထောက်ချလိုက်ပြီး ဖခင် ပေါင်ပေါ်မျက်နှာအပ်ကာ ရစ်သိုင်းဖွဲ့ငင်နေသော မျက်ရည်များကိုငရှုပ်မလေး ညီမ မဟုတ်သော ညီမလေး သဇင် မတွေ့စေရန်ကွယ်ဝှက်လိုက်လေတော့သည်။

* * *



# အခန်း(၂၃)

"သားရေ မင်း ညီမလေး သဇင်ကို ဦးစိုင်းသူရတို့ဆီကိုလိုက်ပို့လိုက်ဦး၊ အကျိုးအကြောင်း ပြောပြပြီး တစ်ပါတည်းပြန်ခေါ်လာခဲ့လိုက်"

ဇော်သီဟက ထမင်းဟင်းကို နေ့စဉ်လာရောက် ချက်ပေး၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေး လာလုပ်ပေးသော ဒေါ်နီကို ညနေစာအတွက် ဟင်းလျာဝယ်ပေးပြီး ညွှန်ကြားနေစဉ် ဖခင်က မီးဖိုချောင်ဝမှ လာပြောသဖြင့် သူ့ဖခင်ကို သမ်းကြည့်လိုက်သည်။

ဖခင်ဘေးမှကပ်၍ ပါနေသော သဇင်ကလည်း–

"ဖေဖေ ထွေးကိုပါ ဒီမှာပဲ ခေါ်ထားမှာနော်"

"သမီး သဘောလေ၊ ဪ...သမီး ရန်ကုန်က ဦးစိုင်းဝဏ္ဏဆီကိုလဲ ဖုန်းတစ်ခါတည်းဆက်ပြီး အကျိုးအကြောင်း ပြောပြလိုက်ပါဦး၊ ဖေဖေလဲ နောက်နေ့ အိမ်ချိန်း



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကျေးဇူးတင်တဲ့အကြောင်း ဆက်ဦးမယ်၊ ထွေးအတွက်တော့ပါ စိတ်မပူဖို့ပေါ့"

"အဲဒါ ကောင်းတယ် ဖေဖေ"

သဇင်ကတော့ သူ၏ လိုအင်ဆန္ဒပြည့်ဝသဖြင့် အစွမ်းကုန်ပျော်မြူးနေသော ကလေးတစ်ဦးနှယ် ရွှင်ပြနေသည်။

"သား ကားငှားသွားလိုက်၊ ထွေးပါ ပါမှာဆိုတော့ ဆိုင်ကယ်နဲ့ မဖြစ်ဘူး၊ ဦးစိုင်းသူရတို့ကိုလဲ သေသေချာချာ ပြောခဲ့နော်"

ဇော်သီဟက ဟုတ်ကဲ့ဖေဖေ ဟုသာပြောပြီး မီးဖိုချောင်နောက်လှေကားမှတစ်ဆင့် အောက်သို့ ဆင်းသွားရာ။

"ဟင်...ကိုဇော် ဘယ်လဲ သဇင်လဲ တစ်ခါတည်း လိုက်မှာပေါ့"

သဇင်က မျက်နှာတွင် ပြုံးရိပ်ပျောက်ကွယ်နေပြီး ညှိုးရော်ရိပ်နှင့် နွမ်းလျနေသော တေမိမင်းသား ဇော်သီဟကို နားမလည်နိုင်အောင် ဖြစ်မိလေသည်။

"ဟုတ်သားပဲ သား၊ ညီမလေးနဲ့ တစ်ခါတည်း သွားလေ"

ဇော်သီဟ ခြေလှမ်းတုံ့သွားသည်။ ဖခင်အား သခင်လည်းပြန်ကြည့်ကာ–





"ကားငှားပြီးမှ လာခေါ်မလို့ပါ"

"အို...တစ်ခါတည်းငှားပြီး ထွက်သွားလဲ ရတာပဲ"

သဇင်က ပြောပြောဆိုဆို အိမ်ရှေ့ဘက်သို့ ပြန်လှည့်ထွက်ကာ ပြေးဆင်းခဲ့လေသည်။ အိမ်ဘေးကို ကွေ့ပတ်လာသော ဇော်သီဟ အလျင် ခြံတံခါးထိပ်သို့ရောက်အောင် ပြေးထွက်သွားလေသည်။

"ကိုဇော်ထက် သဇင် ဦးအောင်ရောက်တယ်နော်"

ဇော်သီဟဆီက မခံချင်သော တုံ့ပြန်စကားများကို ယခင်ကလို ကြားရလေမလားဟု သဇင် မျှော်လင့်မိသော်လည်း ဇော်သီဟက တုံ့ဏှိဘာဝေပင်။

ဦးအိုက်စံက သားဖြစ်သူ၏ ငြိမ်သက်သွားမှုကို သတိထားလိုက်မိသည်။

သားအား သူချစ်သည်။ သူ့သွေးသူ့သားရင်း မဟုတ်သော်လည်း မိဘတစ်ဦး၏ အတိုင်းအဆ မရှိသော ချစ်ခြင်းနှင့် သူချစ်ခဲ့ခြင်းဖြစ်သည်။

သူ့ပဲဖခင်၊ သူ့ပဲမိခင်၊ သူ့ပဲ အဘိုးအဘွား၊ သူ့ပဲ ညီအစ်ကိုမောင်နှမ၊ သူ့ပဲ သူငယ်ချင်းအနေနှင့် သားကို အစစအရာရာ နွေးထွေးမှု အပြည့်အဝ ပေးခဲ့သည်။

သားကို သူလိုမျိုး မဖြစ်ရလေအောင် သွဲ့ရပြီး လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး သူတစ်လုံးဖြစ်အောင် ဆောင်ကျဉ်းပေးခဲ့သည်။

ယခုဆိုလျှင် ဖျာပုံနယ် ဆန်ကုန်သည် လောကဌ် ဖော်သီဟာဆိုလျှင် မသိဘူးမရှိရအောင် သူဆန်ကုန်သည်ဘဝ စတင်ကတည်းက ဦးသန်းဝင်း နာမည်ပင်မသုံး သားဖော်သီဟ နာမည်ကိုသာ သုံးခဲ့သည်မို့ ဘုရင့်နောင်ပွဲရုံကအစ ဖော်သီဟ ဟုသာ လူသိများသည်။

သား၏ ဇစ်မြစ်အား ဘယ်သောအခါမှ ထုတ်ဖော် မပြောဘူးဟု ဆုံးဖြတ်ထားသော်လည်း ဖွင့်ဟပြောရန် လိုအပ် သော အနေအထားမို့ သူ ဖွင့်ပြောလိုက်ရသည်။

ဒီအတွက် သား အားငယ်သွားလေသလား။

သမီးရင်းနှင့် မွေးစားသား။

ဒီနှိုင်းယှဉ်ချက်ကလည်း သားကို အားငယ်ခြင်းဖြစ်စေပြီ ထင်ပါသည်။

သမီးကလည်း အဖေ ငတ်နေသူမို့ အဖေ နားကမစ္စာ မိန်းကလေးတို့၏ အားသာချက်နှင့် အဖေကိုကပ်ကာ တွတ် တွတ်နှင့် ပြောမဆုံး။

သို့အတွက် သားမှာ ဘေးသို့အလိုလို ရောက်သွားလေ ပြီလား။

"ဟူးခနဲ"ဦးအိုက်စံ လေပူတစ်ချက် မှုတ်တုတ်လိုက်





သည်။

သူ အစစအရာရာ သတိထားပြီး ဆက်ဆံမှဖြစ်မည်။ သားကို သူ့ဘဝ သူ့ကမ္ဘာအဖြစ် ထင်မှတ်ကာ အေးတို့ မိသားစုအပေါ် နာကြည်း၍ ရင်မှာ အနာတကျ ဖြစ်ခြင်းတို့ကို ဖြေသိမ့်ဖြေဖျောက် နိုင်ခဲ့ခြင်းဖြစ်သည်။

"အေး"

အေး…ရင်ထဲက ခံစားချက်ကို သူ မသိနိုင်ပြီ။

သမီးကတော့ သူ့အား အေးနှင့် ပြန်ပေါင်းထုတ်ရန် ပူဆာနေစ ပြုလေပြီ။

သို့သော သူ့နာကျည်းချက်တို့က သမီးကြောင့် အသစ် တဖန်ပြန်ဖြစ်ကာ အကင်းသေသွားပြီ ထင်သောအနာက ပြန်အုံကြွလာပြီး။

အေးရယ်…

ရှင့်နောက် သေတာတောင် မလိုက်ချင်ဘူးဆိုသော အေး၊ဒင်းတို့အိမ်ရိပ် ဘယ်တော့မှ မနင်းဘူးဟူသော ဆုံး ဖြတ်ချက်နှင့် အိုက်စံ။

ဦးနှောက် စားရလေပြီ။

သမီးကလည်း အာဂသတ္တိပင် မိစုံဖစုံနှင့် နေချင်လှနိုင်း သည့် သူ့၏ဆန္ဒကို အကောင်အထည်ဖော်ကာ–



www.burmeseclassic.com

www.burmeseclassic.com



မကြောက်မရွံ့နဲ့ လေကို ဆန်တက်လာသော ငှက်ငယ်ပမာ လူလောကထဲ တစ်ဦးတည်း တိုးဝင်လာရဲသော သတ္တိနှင့်ဖွဲ့ကို သူ မချီးကျူးဘဲ မနေနိုင်"

စစ်မှန်သော သားသမီး၏ မေတ္တာတရားက ဖခင်သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိအောင် တွန်းပို့ပေးလိုက်သည်တင့်။

နှလုံးသားနှင့် ဂုဏ်သိက္ခာ၊

နာကြည်းမှုနှင့် သားသမီးသံယောဇဉ် လွန်ဆွဲနေလေပြီ။

* * *



## အခန်း(၂၄)

မိုးမြင့်သဇင် ရင်ထဲ၌ မကျေနပ်နိုင် ဒီလူကြီး ဘာဖြစ်နေတာလဲ။

သူ့ကိုသူ ဝါတော်ရှစ်ဆယ်ရ မထေရ်သူမြတ်လိုလိုနှင့် ခုမှ အစ်ကိုကြီးစတိုင် ဖမ်းနေတာလား။

ဟွန်း...မောင်နှမရင်းမှ မဟုတ်တာ၊ ထိုစဉ်-

"ဟော့ ယောက်မ"

"ဘာယောက်မလဲ"

သဇင် ရင်ထဲ ဆတ်ခနဲ နာကျင်သွားလေသည်။

မိမိအပေါ် ဗီလောက်ကောင်းခဲ့သော သူငယ်ချင်းထွေး၏ နောက်ပြောင်မှုကိုပင် အသည်းဆတ်ဆတ် ခါတုန်ရတယ်လို့ ထွေးက ရယ်လျက်။

"အဟဲ...သစ်သားယောက်မလေး"

"ဟင်...မိန်းမနောက်ပိုး"



www.burmeseclassic.com

www.burmeseclassic.com



သဇင် မျက်စောင်းထိုးလိုက်သည်။ ထွေးကလည်း ပြောမနာ ဆိုမနာ သူငယ်ချင်းပီပီ အားမနာ လျှာမကျိုး။

"အစကတော့ သဇင့် လူကြီး၊ ခုတော့ သဇင်နဲ့က မောင်နှမဆိုတော့ အဟင့်…သဇင်က ထွေးရဲ့ သူငယ်ချင်း ယောက်မ ဖြစ်သွားပြီပေါ့ မဟုတ်လား ယောက်မရယ်"

သဇင့် ရင်ထဲ မီးစနဲ့ထိုးသလို ခံနေရသည်။ ဖခင်က ဇော်သီဟဟာ ဦးသန်းဝင်းရဲ့သား၊ သဇင်ဟာလည်း ဦးအိုက်စံရဲ့သမီး၊ ဒါဟာ အမှန်တရားပဲ၊ ပတ်ဝန်းကျင်ကို အဓိဿေးစိတ် ရှင်းပြနေဖို့ မလိုဘူး၊ မှတ်ထား သားရဲ့ ညီမဟာ သဇင်၊ သမီးရဲ့ အစ်ကိုဟာ ဇော်သီဟပဲ၊ မောင်နှမနှစ်ယောက် ချစ်ချစ်ခင်ခင် နေကြ'

ဟုဖခင်က နှစ်ဦးရှေ့၌ ထိုသို့ပြောပြီး ဇော်သီဟ ကွယ်ရာ၌–

"သမီး ဖေဖေ တစ်ခုမှာမယ်၊ သမီး အစ်ကိုဟာ သူ့ဘဝ အစစ်အမှန်ကို သိခွင့်ရသွားတော့ ရုတ်တရက် သူ့ဘဝမှန် အတွက် သိမ်ငယ်သလို ခံစားသွားရလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သမီးရင်းပေါ်လာလို့ ဖေဖေဟာ မွေးစားသား သူ့ အပေါ် အချစ်လျော့သွားတယ်လို့ ထင်ပြီး စိုးရိမ်လိမ့်မယ်၊ သူစိုးရိမ်စိတ်တွေကို ဖေဖေနဲ့ သမီးက ပယ်ဖက်ပေးရလိမ့်





မယ်"

ဖခင်စကားကို ကြားယောင်ကာ ထွေးအား–

"ငါ့အစ်ကိုရင်း မဟုတ်ဘူး၊ ဘင်္ဂလားအစ်ကို သိလား၊ ဒါကြောင့် ငါ့ကို ယောက်မလို့ မခေါ်နဲ့ဟု၊ သို့သော်နှုတ်ခမ်းပင် စူထူထူ ဖြစ်သွားရလေသည်။

"ယောက်မ"

"လုပ်ပြန်ပြီ ဘာလဲ တော်တော်ခေါ်လို့ ကောင်းနေ တယ် ဟုတ်လား"

"ဟုတ်တယ် ကဲ…နင် ဘာစားချင်သလဲပြော၊ ဒီမှာ ကတော့ ငါးတွေ လတ်လတ်ဆတ်ဆတ် ရတယ်"

ဇော်သီဟကိုယ်စား သူတို့ သူငယ်ချင်းနှစ်ယောက် ဈေးဝယ်ခြင်းဖြစ်သည်။ ထွေး အမေးကို သဇင်က မျက်စောင်း ထိုးကာ–

"ဟွန်း…သူ့ကိုယ်သူ အိမ်ရှင်မကြီးကျနေတာပဲ"

"ဟုတ်တယ်လေ ယောက်မ၊ ငါက နင့်ထက်ဝါကြီး သော့မှာဆိုတော့ ငါကပဲ အကြီးပေါ့"

ထွေးက စပ်ဖြဲဖြဲနှင့် တမင်စနေခြင်းဖြစ်မှန်း သိလျက်နှင့် သဇင် ရင်၌ဇော်သီဟနှင့် ပတ်သက်လာလျှင် ဆတ်ဆတ်ထိ ခံချင်အောင် ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်မှန်ကို သူငယ်ချင်းအား မကွယ်မဝှက် ရှင်းပြ လိုက်ချင်သည်။ ဖခင်၏ တားမြစ်ချက်ကြောင့်သာ အောင့်အီး နေရခြင်းဖြစ်သည်။

"နင်ဟာနင် ဝယ်ချင်တာဝယ်၊ ငါက ဒီဈေးရောက် ဖူးတာ မဟုတ်ဘူး"

"ငါကတော့ ဒီကိုလာတဲ့အခါ ဒေါ်လေးနဲ့ လိုက်ဝယ်ဖူး လို့သိတယ်"

ထွေးက မစတော့သောအခါ သဇင်မှာ ရင်ထဲတစ်ဆို့ နေသည့် အစိုင်အခဲကြီး အနည်းငယ်လျော့ပါး သေးငယ် သွားလေသည်။

သူငယ်ချင်းနှစ်ယောက် တိုင်ပင်ကာ ဦးအိုက်စံ ပေးလိုက် သော ဈေးဖိုးကို လောက်ငှအောင်ဝယ်ပြီး လမ်းလျှောက်ပြန် ကြလေသည်။

ဇော်သီဟက ခြံထဲ၌ ဆိုင်ကယ်ကို ပြင်ဆင်နေသည်။ သူတို့နှစ်ယောက် လာသည်ကို မြင်လျက်နှင့် မသိဟန်ဆော င် နေသည်။

"ဒီလောက်တောင် တေမိလုပ်နေတာ ဒင်း သိမယ်

သဇင် ထွေးကို ခြင်းတောင်းထိုးပေးလိုက်ပြီး။ ဇော်သီဟ ထံသို့ လျှောက်ခဲ့သည်။ ထွေးက အိမ်ပေါ်ထပ်သို့ တက်သွား





သည်။ အိမ်ဗာဟီယ အကူအညီကို နံနက်စာ ညနေစာ ချက်ပြုတ်ပေးပြီး ပြန်တတ်သော ဒေါ်မိုးအား ဟင်းချက်ရေး ချားပေးရန် ဖြစ်သည်။

"ကိုဇော်"

ဇော်သီဟက သူ့အသံနှင့် အရိပ်ကြောင့်သာ မလွဲသာလို့ မော့ကြည့်လိုက်သည်။ သူ့ရင်ထဲ၌ နာကျင်နေသော ဝေဒနာကို သဇင်က မသိတတ်လား သိလျက်နှင့် တမင်ကလိနေတာ လားမသိ။

"ကိုဇော် သဇင့်ကို ဘယ်မှ လိုက်မပို့ပေးတော့ဘူးလား"

"ဖေဖေက ပို့ခိုင်းလို့လား"

"ဟင်...ဖေဖေ ပို့ခိုင်းမှ ပို့ပေးမယ်ပေါ့ ဟုတ်လား"

သဇင်က မကျေနပ်ဟန်နှင့် နှုတ်ခမ်းကလေး စူတူတူနှင့် ပြောလိုက်လေသည်။

"ဟုတ်တယ်လေ၊ အဖေ့ အရိပ်မှာနေနေတော့ အဖေ ခိုင်းပြုချက်ရမှ သွားရမှာပေါ့"

အင်း...ရေခဲတုံးက နည်းနည်းတော့ အရည်ပျော်လာ သပြီ။

"ဒါဖြင့် သဇင့်ဖေဖေကို ပြောလိုက်ဦးမယ်၊ ကိုဇော် ငြင်းရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်သီဟ ခေါင်းကို အသာညိတ်လိုက်သည်နှင့် သခင်
က ကလေးတစ်ယောက်လိုပင် မြူးထူးစွာနှင့် အိမ်ဘက်ဆီသို့
ပြေးသွားရင်း။

"ဖေဖေ ဖေဖေ"

သခင့် အသံစာစာလေးက သူတို့သားအဖ၏ ခြောက်
သွေ့နေသောအိမ်ကို ဝေဆာစည်ကားသွားစေသည်။

ဇော်သီဟ သခင့် နောက်ကျောထံသို့ရောက်ရှိသွား
သောအကြည့်ကို လွှဲဖယ်ကာ ဆိုင်ကယ်သန့်ရှင်းရေး ဆက်
လုပ်လေသည်။

ရင်ထဲ၌တော့ အမှတ်မထင် သူ့ရင်တွင်းသို့ ထိုးဖောက်
ဝင်ရောက် ပစ်ရမလား၊ အချစ်ညှို့သည်ကို ညှို့ထောက်
ရမလား၊ နှစ်ထုတ်ပစ်ရမလား၊ မသိအောင်ပင် ဝေခွဲမရ
ဖြစ်နေသည်။

ဖခင်၏ သားတို့မောင်နှမဟု စည်းခြားစကားက သူ့
အဖွတ္တကို ဖောက်ထွင်းမြင်၍ တမင် သတိပေးခေါ်ဝေါ်နေ
ခြင်းလားဟူသော အတွေးက သူ့ရင်ကို ဝေဒနာတစ်ရပ်ဖြင့်
ထွန်းလျက် ရှိချေပြီ။

ဒါကို ညှို့သည်မှသည် အိမ်သည်ဖြစ်နေသော သခင်
မလေးကတော့ သိနားလည်ခြင်းရှိဟန်မတူ၊ ဖခင်နှင့်တွေ့တာ





ပျော်မြူးနေသည်။

ဒင်း ကလေးသည် သူ့ထံမှ အဖေကိုကော လုယူသွား
ဦးမှာလား။

ဇော်သီဟ ရင်မှာ အမည်ဖော်ရပင် ခက်ခဲသော ဝေဒနာ
များက ကြီးစိုးလျက် သောကရိပ် ဆင်လျက်ရှိချေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"သမီးရဲ့ အကြီးမားဆုံးဆန္ဒက ဖေဖေ မေမေနဲ့အတူ တစ်မိုးအောက်ထဲမှာ အတူနေချင်တဲ့ ဆန္ဒပါဖေဖေ"

သဇင်က ဖခင်ကို အချွဲပိုလေသည်။ ဖခင်က ပင့်သက်ကို ခက်ရာခက်ဆစ် ရှိုက်လိုက်ရရှာသည်။

"လားရှိုးမြေကို ဖေဖေ ဘယ်တော့မှ မနင်းဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ဖေဖေ မပြင်နိုင်ဘူး သမီး၊ အမှားကျူးလွန်သူဟာ ဖေဖေမှ မဟုတ်ဘဲ သမီးရယ်"

ဦးအိုက်စံ အတိတ်က အဖြစ်အပျက်များကို မနေ့တစ်နေ့ကလို မြင်ယောင်မိရင်း ရင်မှာ စီးနစ်ဝင်နေသော နာကြည်းသံနှင့် ပြောလိုက်လေသည်။

"ဘွားဘွားလဲ နောင်တရနေပါပြီ၊ မေဒမလဲ ထုတ်ဖော်သာ မပြောသာပါ၊ သူ့ရင်ထဲတော့ ဖေဖေအပေါ် မျှော်လင့်ချက် ထားနေမယ်လို့ သမီး ယုံကြည်ပါတယ်၊ ဖေဖေ





ပြန်လိုက်ခဲ့ပါနော်"

သဇင်က အချိန်ရခိုက် အခွင့်သာခိုက်မျိုး၌ ဖခင်ကို သူနှင့်အတူ ပြန်လိုက်ပြီး မိခင်နှင့် ပေါင်းစည်းရန် အသနားခံ စည်းရုံးသိမ်းသွင်းနေသည်ကို ဇော်သီဟ ကြားသိလျက်နှင့် မသိချင်ဟန်ဆောင်နေရသည်။

ခုလည်း သူဆန်ကုန်များနှင့်အတူ လားရှိုးသို့ တက်ရသည့် ရက်ပိုင်းသို့ ဆိုက်ရောက်လာလေပြီမို့ သူနှင့်အတူ တစ်ပါတည်း သဇင်အား ပြန်လိုက်သွားရန် ဖခင်က ဆုံးဖြတ်ချက်ပေးသည်။ ၎င်း

ဤသည်ကို သဇင်မလေးက တယောသံ အရှုံးပေးရလောက်အောင် ဖခင်ကို ချွဲနွဲ့ကာ အတူပြန်လိုက်ဖို့ ခေါ်လေသည်။

ဇော်သီဟ ရင်ထဲက ဝေဒနာကို ယောင်၍မျှပင် ငဲ့စောင့်ကြည့်ဖော်မရသော သဇင်ကို စိတ်မကောင်းစွာဖြင့် သူဥပေက္ခာပြုနိုင်ရန် ကြိုးစားကြည့်သည်။ သို့သော် အပြစ်မမြင်နိုင်အောင် ရင်မှာလည်း အံချစ်တွေ ဝင်နေပြီမို့ ဥပေက္ခာပြုရန် ဝေးလာဝေးဖြစ်နေသည်။

"သားရေ"

အဖေနှင့် သမီး လွတ်လွတ်လပ်လပ် ပြောပါစေဟု



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖယ်နေသော သူ့အား ဖခင်က လှမ်းခေါ်လိုက်သော အခါ–

"ဗျာ...ဖေဖေ"

"လာဦး သား"

သူ စာဖတ်နေရာမှ ဖခင်တို့ရှိရာ ဧည့်ခန်းသို့ လျှောက်သွားလိုက်သည်။

သဇင် မျက်နှာက အနည်းငယ် စူတူတူ ဖြစ်နေသည်။ ဖခင်ကို မကျေနပ် သူ့အလို မလိုက်သည့်အပြင် မိမိထက် ကိုဒေါ်ကို ပိုချစ်ရလေသလားဟု သဝန်ကြောင်နေသည်။

"သမီး သွားအိပ်တော့လေ၊ ထွေးကို အားနာစရာ"

"ထွေးက အိပ်ပြီ"

"သမီးလဲ အိပ်တော့လေ၊ မနက်ဖြန် ခရီးထွက်ရမှာ ဆိုတော့ အိပ်ရေးဝဝအိပ်ထားမှ ကိုယ်ခံအားကောင်းပြီး လမ်းခရီးရဲ့ ပင်ပန်းတဲ့စိတ်ကို ခံနိုင်တာပေါ့"

ဇွဲကောင်းမလေး သဇင်က မလျှော့သေးဘဲ။

"သမီးကိုချစ်ရင် ဖေဖေ ဆုံးဖြတ်ချက်ကို ပြန်ပြင်ပေးပါ၊ မနက်ဖြန် ဖေဖေ သမီးတို့နဲ့ အတူလိုက်တာကိုပဲ လိုချင်တယ်"

ဟု နွဲ့ဆိုးဆိုးကာပြောပြီး အိပ်ခန်းရှိရာသို့ ဝင်သွားလေ





တော့သည်။

ဇော်သီဟကော ဦးအိုက်စံပါ သက်ပြင်းချလိုက်မိသည်။

"လာ သား"

ဖခင်က သူ့အနီးရှိ ဆက်တီကို လှမ်းပုတ်ပြ လိုက်သဖြင့် ဇော်သီဟ ရင်ထဲ လှိုက်ခနဲ ဖြစ်သွားသည်။ သဇင် ထသွားသောနေရာ ဖြစ်သည်။

ဖခင် ရင်ထဲ သူ့အပေါ် စုပြုံချစ်ထားသော အချစ်က ပျက်ပြယ်မသွားနိုင်ပါဘူးဟု ထင်ပါသည်။ မိဘ၏ မေတ္တာဆိုသည်မှာ စိမ့်စမ်းရေပမာ သွင်သွင်စီးဆင်း နေတတ်သည်ပဲ သားသမီး ဘယ်လောက်များများ မေတ္တာတွေက မကုန်ခန်းနိုင်ဘဲ သို့သော် မိမိက သားအရင်းမှ မဟုတ်ပေဘဲ။

"သား"

"ဗျာ"

"သားတော့ ဖေဖေကို ဘယ်လိုထင်မလဲ မသိဘူး"

"ဘာကိုထင်ရမှာလဲ ဖေဖေ"

"သား ဇစ်မြစ်ကို ဖွင့်ပြောရက်လေခြင်းကိုလေ"

"အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ရတာမှ မဟုတ်ဘဲ ဖေဖေ"

"ဖေဖေ တစ်သက်လုံး ဖုံးကွယ်ထားချင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒီလို ဖုံးကွယ်ထားရင်လဲ သားတို့နှစ်ယောက် စလုံးရဲ့ ရင်ထဲ အရှက်နဲ့အနာတရ ဖြစ်သွားကြလိမ့်မယ်"

"ဟင်...ဟုရင်ထဲ အာမေဍိတ်နှင့်အတူ ဖခင်ကို စူးစမ်းသော အကြည့်နှင့် ကြည့်လိုက်သည်။ သို့သော် ဖခင်၏ မျက်လုံးအိမ်တွင် မိမိရင်တွင်း၏ အရွတ္တ၏ ပုံရိပ်ထင်ဟပ်နေလေသည်မို့ မလုံမလဲနှင့် မျက်နှာလွှဲလိုက်ရလေသည်။ သဇင်နှင့် သူ၏ စိတ်လှုပ်ရှားနေမှုကို ဖခင်က သိမြင်နေသည်ပေါ့။

"လောကကြီးမှာ အဆိုးနဲ့အကောင်းဟာ အမြဲတွန်တဲ့နေတက်တယ် သား။ လူတစ်ယောက်အတွက် အကောင်းဆုံး လက်ဆောင်တစ်ခုဆီပဲ ကံကြမ္မာက ပေးတတ်တယ်။ ဒါကြောင့် သား အကောင်းဆုံး တစ်ခုရဖို့အတွက် သားရဲ့ ကံကြောင်းမလှခဲ့တဲ့ ဇစ်မြစ်ဆိုးကို ဖွင့်ဟအသိပေး လိုက်ရတာပဲ"

ဖခင် စကားတွေ အသွားအလာကြောင့် ရင်ထိတ်နေသော ဇော်သီဟမှာ ကိုယ့်ရင်ခုန်သံ တဒိန်းဒိန်းကိုပင် ကြားနေရလေသည်။

"ဒီတော့သား ငါ့ သားဟာ လူကြီးတစ်ယောက်အနေနဲ့ လောကကြီးမှာ ရပ်တည်ကျင်လည် ကျက်စားနေနိုင်ပြီဆိုတော့ ဖေဖေဟာ သားအတွက် ဖခင်ရင်း တစ်ယောက်အနေနဲ့ ဂုဏ်ယူကျေနပ်နေနိုင်သလို ငါ့သားကို တစ်ကောင်ကြွက် မျက်နှာမွဲ အိုက်စံကို နှိပ်ချ နှိပ်စက်တတ်တဲ့ ဦးစိုင်းအောင်နိုင်မြင့်လို ယောက်္ခမမျိုး ဘယ်တော့မှ မတွေ့စေရဘူး"

"ဒီမှာသား ဦးအိုက်စံဆိုတဲ့ သဇင် အဖေဟာ ဦးစိုင်းအောင်နိုင်မြင့်လို့ မဟုတ်ဘူးဆိုတာ သား သဘောပေါက်ထားပါ"

ဇော်သီဟ ဖခင်ဆိုလိုရင်းကို သူ သဘောပေါက်ထားသလို ရှိသော်လည်း မယုံရဲသလိုဖြစ်နေရာ ဖခင်ကိုပင် ရဲရဲမကြည့်ရဲအောင် ဖြစ်နေမိသည်။

"ဖေဖေဟာ ငယ်ရာက ကြီးလာတဲ့သူပဲ၊ သားနဲ့သမီးတို့ရဲ့ ရင်တွင်းကို ဖေဖေ ဖောက်ထွင်းမြင်နိုင်စွမ်းရှိတယ်၊ သားက ဘယ်တော့မဆို လိုချင်တာကို ရအောင် ယူနိုင်ခဲ့တဲ့သူ၊ ပြီးတော့ ဦးသန်းဝင်းရဲ့ သားမဲလေကွာ၊ ခုလဲ သားရဲ့နှလုံးသားရေးရာကိုလဲ နှလုံးသားအလိုအတိုင်း သားဆက်လျှောက်နိုင်တယ်၊ ကိုင်းကိုင်း ဖေဖေ ဘာကိုဆိုလိုသလဲဆိုတာ သား သဘောပေါက်မှာပါ၊ ဖေဖေ သွားအိပ်တော့မယ်၊ သားလဲ အိပ်တော့"

"ဟုတ် ဟုတ်ကဲ့"






www.burmeseclassic.com

www.burmeseclassic.com



ဇော်သီဟ ရင်ထဲ လှိုင်းလုံးကြီးများက အင်အားပြင်းထန်လွန်းလှပါဘိ။ ငါးရာနှစ်ဆယ်ရှစ် မေတ္တာရေလှိုင်းကောထောင့်ငါးရာ အချစ်မေတ္တာရေလှိုင်းကော တဝုန်းဝုန်း ပြေးဆောင့်တက်လေတော့။

ဇော်သီဟ ဝမ်းသာဝမ်းနည်း ရင်ထဲ လှိုက်ဖိုမှုကြောင့်မျက်ရည်များပင် ထောင့်စွန်း၌ သီသီစို့လေပြီ။

ဟုတ်သည် သူ သဇင်ကို သိပ်ချစ်သည်။ သဇင်သည်သာ သူ့အနာဂတ် ခရီးလမ်းအတွက် ခရီးဖော်မလေးဖြစ်မည်ဆိုပါက သူ့အတွက် ကံကြမ္မာပေးသော ကံကောင်ခြင်းဟူသည့်လက်ဆောင်တစ်ခုသာ။

* * *



## အခန်း(၂၆)

ရန်ကုန်ရောက်သည်နှင့် နန်းနုနုထွေးအား အလျင်ဆုံးပြန်ပို့ပေးလိုက်သည်။ ပြီးသည်နှင့် ခရီးတန်းဆက်ရသည်။

ဆန်ကုန်တင် ကောင်တာ ကား၏ ရှေ့ခန်းဝယ် သူ၏ခရီးကြုံမလေး သဇင်က ထုံးစံအတိုင်း သာလိကာရှုံးစကားတွေပြောကာ အမေးအမြန်းထူလျက်–

“ဖေဖေ ညက ကိုဇော်ကို ဘာခေါ်ပြောတာလဲ”

ဇော်သီဟက ကွမ်းမြုံ့နေရာမှ ကြွပ်ကြွပ်အိတ်ထဲကွမ်းတံတွေး ထွေးလိုက်ပြီးမှ–

“သူ့သမီးကို သူ့အမေ လက်ထဲအရောက် ကောင်းကောင်းမွန်မွန် စောင့်ရှောက်ခေါ်သွားဖို့ပေါ့”

“ဟွန်း...ဒါပဲလား အကြာကြီးပဲ ပြောနေတာ မဟုတ်ဘူးလား”

ဇော်သီဟ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ ပေါ်စုမလေး



www.burmeseclassic.com

www.burmeseclassic.com



ခိုးနားထောင်နေရောလား။

"သားအဖချင်းပဲ ဘာပြောပြောပေါ့၊ ညည်းက သိဖို့လို လို့လား၊ မိန်းကလေးက မိန်းကလေးလိုနေ"

သဇင်က မခံ မိန်မသားဉာဉ်လေးနှင့် မနာလိုတိုရှည် ဖြစ်ကာ–

"ဘာ သားအဖချင်းလဲ၊ ဟွန်း...သူများ အဖေကိုများ"

"အရေးထဲ အဖေ လာလုနေသေးတယ်၊ မရဘူး နှစ် ပေါင်းနှစ်ဆယ်ကျော် ပိုင်ဆိုင်ထားတဲ့ သံယောဇဉ်နဲ့ မနေ့ တစ်နေ့ကမှ ရောက်လာပြီး ကျောက်ခဲရေပေါ်သလို ပေါ်လာ တဲ့ သံယောစဉ်လေး မဖြစ်စလောက်နဲ့ လာယှဉ်လို့ရမလား"

ဇော်သီဟ၏ သွင်ပြင်လက္ခဏာတို့သည် သဇင် တွေ့စ က ပုံစံမျိုး ပြန်ဖြစ်လာလေပြီမို့။

"ရတယ် ရတယ် မပြောနဲ့နော် သဇင် စိတ်တိုလာပြီး ဆွဲဆိတ်လိုက်မှာ"

အပြောထက် လက်က မြန်သော သဇင်က သူ့ဘက်ကို လှည့်ကာ လက်မောင်းကို လှမ်းဆိတ်လေသည်။

"အား...နာတယ်ဗျ"

ဇော်သီဟ သဇင်၏ လက်ကိုမလွှတ်တော့၊ ရှေ့ခု ဒရိုင်ဘာနှင့် စပယ်ရာကလည်း ကွမ်းတွေဝါးရင်း စကား





တပြောပြောနှင့် သူတို့နှစ်ဦး၏ အခြေအနေကို 'အပွေးမြင် အပင်သိ' ထားကြသူမို့ လွတ်လွတ်လပ်လပ် နေနိုင်ရန် မသိကျိုးကျွန် ပြုထားပေးကြလေသည်။

ကားခေါင်းပိုင်း ဒရိုင်ဘာနောက်ရှိ ကပ်လျက်ပါးသော နားနေအကန့်လေး၌ နှစ်ယောက်သား ကျယ်ကျယ်လွတ်လွတ် လိုက်ပါလျက်ရှိသည်။

သဇင်၏ လက်ကို မလွှတ်တမ်း လှမ်းဆုတ်ကိုင်ရင်း၊ ဇော်သီဟက ညာတာပါတေးနှင့် သဇင့် အနားကို တိုးကပ် လိုက်ရင်း။

"ဖေဖေက သူ့သမီးကို ကိုဇော်လက် ဝကွက်အပ်လိုက် ပြီး"

"ဟင် ဟုတ်လို့လား"

"ဟုတ်လို့"

သဇင်၏ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် မေးခွန်းပြန်ထုတ်မှုကို မချင့်မရဲဖြစ်ကာ ဇော်သီဟက သဇင်ကို သိုင်းဖက်လိုက်သဖြင့်။

ကားဒရိုင်ဘာက ကားခေါင်းအတွင်းရှိ မီးကို အလိုက် သိစွာ ပိတ်ပေးလိုက်သည်။

"ဟုတ်တယ် ဖေဖေက မင်းကို ငါ့သား နှစ်သိပ်ကွမ်း



www.burmeseclassic.com

www.burmeseclassic.com



တော်နိုင်ပါတယ်တဲ့”

သဇင်ကလည်း မရုန်းဘဲ သူ ဝင်ချင်နေခဲ့သော ဇော်သီဟ ရင်ခွင်ထဲ အလိုက်သင့် တိုးဝင် မှီထားရင်း။

“ဘာ နှစ်ထပ်ကွမ်းလဲ”

“မွေးစားသားက တစ်ထပ်ကွမ်း၊ သားသမက်က တစ် ထပ်ကွမ်း ပေါင်း သားနှစ်ထပ်ကွမ်းပေါ့”

“သွား…လူဆိုး လူလည်”

သဇင်က ဇော်သီဟ ရင်ကို ဖွဖွလေး ထိုးလိုက်သည်။

“အား”

“ဟင်…ဘာဖြစ်တာလဲ”

“သဇင် ထိုးလိုက်တာ ကိုဇော့် နှလုံးသားကို အက်ကွဲ သွားစေတဲ့အတွက် ဒဏ်ပေးလိုက်၊ မပေးရင် ထုနက်၊ သူ့ရဲ့ နှလုံးသားကို တန်ပြန်သက်ရောက် စေတတ်တယ်တဲ့”

“ဘယ်လို ဒဏ်”

သဇင် စကားမဆုံးလိုက်ရ၊ ဇော်သီဟ၏ နှာခေါင်းက သဇင့် ပါးပြင်မို့မို့ နီလေးထဲ နက်ဝင်သွားသည်။

“အို”

“သိပ်ချစ်တယ်ကွာ၊ ဘဝတစ်ခုလုံးကို ပုံပေးပြီး ချစ်တာပါ၊ သဇင်ရယ် ယုံပါ”





ကိုဇော် အသံက နှစ်ကိုယ်ကြား တိုးတိုးတိတ်တိတ် ကလေး ဖြစ်သော်လည်း သဇင့် တစ်ကိုယ်လုံးရှိ သွေးကြော များအနှံ့ စီးပြန့်သွားအောင် ချစ်ခြင်းမေတ္တာရေက စီးနစ်ဝင် သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၇)

လားရှိုးမြို့ အဝေးပြေးလမ်းမပေါ်ရှိ ချယ်ရီစားသောက်ဆိုင်တည်ရာ ခြံဝန်းရှိ တိုက်အိမ်အတွင်းပိုင်းဝယ်။

ဒေါ်နန်းအေးနန္ဒာမြင့် သမီးဖြစ်သူ ချောချောမောမော ပြန်ရောက်လာသည့်အပြင် အနည်းငယ် ပြည့်ဖြိုးစိုပြည်နေသော အသားအရေကို တစိမ့်စိမ့်ကြည့်ရင်း-

"တော်တော်ပျော်ခဲ့တယ်ပေါ့ ဝဖြိုးလို့ပါလား"

"ပျော်တာပေါ့ ဖေဖေနဲ့ တွေ့တာကိုး"

"ခုမှတွေ့ရတဲ့ အဖေကို တော်တော်ချစ်နေ၊ နေလိုက်ပါသား၊ အဲဒီမှာ တစ်သက်လုံး၊ ဟွန်း ဒီကြားထဲ ရည်းစားက ရလာသေး"

သဇင် ဇက်ကလေးပုကာ လျှာကလေးတစ်လစ်ဖြစ်သွားရသည်။ ရဲတင်းပွင့်လင်းသူပီပီ မိခင်အား မကွယ်မဝှက် အကျိုးအကြောင်းကို အစအဆုံး ပြောပြပြီးပြီဆိုတော့ ကိုဇော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ့အကြောင်းကို မိခင်က သိနေသည်။ ဇော်သီဟ နဖူးရေ ဒူးရေကိုကြည့်ကာ ပြင်းပြင်းထန်ထန်တော့ မကန့်ကွက်ချေ။

သို့သော် အငေါ်အတူးတွေကတော့ ရှိနေဆဲ။

"သမီးက တစ်သက်လုံး နေချင်တာက ဘယ်နေရာ ဘယ်ဒေသဖြစ်ဖြစ် မေမေရယ်၊ ဖေဖေရယ်၊ ကိုဇော်ရယ်၊ ပြီးတော့ အဘွားရယ်"

ဧည့်ခန်းထောင့် တစ်နေရာ၌ ပုတီးတစ်ချောက်ချောက် စိပ်နေသော အဘွားဒေါ်နန်းမိုးက–

"အမယ်...ကျုပ်ကိုတော့ ဆွဲမထည့်ပါနဲ့ သဇင်မရေ ကျုပ်ခေတ်က မခွဲနိုင်ဘူး။ ဒီအိမ်၊ ဒီဆိုင်၊ ဒီပွဲရုံ အားလုံးကို ညည်းအမေနဲ့ လွှဲပြီးသားဆိုတော့ ကျုပ်ပိုင်တာဆိုလို့ ဘုန်းကြီးကျောင်းက ဇရပ်တစ်ဆောင်ပဲရှိတယ်၊ ညည်းနဲ့ ညည်းအမေကို စိတ်မချလို့သာ ဒီမှာ စောင့်ရှောက်နေပေးရတာ၊ အခြားသူစိမ်း မဟုတ်ဘဲ သမီး အဖေပြန်လာပြီး ဦးစီးလို့ကတော့ အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကားပါပဲအေ။ ကျုပ်တို့မှားခဲ့တာပါ၊ ဒါဟာလဲ အချက်မသိတော့ သမက် သူခိုးထင်ခဲ့တာပေါ့လေ။ သမီးအဖေနဲ့တွေ့မှ အဘွား အမှားအတွက်"

"အို...အမေကလဲ ဒီလောက်မာနကြီးတဲ့ အမေ့သား





မက်ကို တွေ့ဖို့ဆိုရာ မဖြစ်နိုင်တော့ပါဘူး"

ဒေါ်နန်းအေးနန္ဒာမြင့်က ကြားဝင်ဟန့်တားလိုက်သည်။

"အင်း...မာနတွေ မာနတွေလျှော့ကြတော့၊ သမီးအပိုင်းကို မေမေ ဘာမှမပြောလိုဘူး၊ မေမေ့အပိုင်းပဲ မေမေပြောတာ၊ ဒါပေမဲ့ တစ်ခုတော့ပြောမယ်၊ လောကမှာ ကိုယ့်ကိုယ်ကို လိမ်ညာနေတာလောက် ပင်ပန်းဆင်းရဲတဲ့ အရာ ရှိနိုင်ပါမလား သမီးရယ်"

ဟု ဒေါ်နန်းမိုးက ပြောပြီး အပေါ်ထပ်ဘုရားခန်းသို့ တက်သွားလေသည်။

ဒေါ်နန်းအေးနန္ဒာမြင့် ရုတ်တရက် တွေဝေသွားလေသည်။ သဇင်က–

"မေမေ ဖေဖေကို လိုက်တွေ့ပြီး ပြန်ခေါ်ပေးပါ၊ ဒါဆို ဖေဖေ ပြန်လာမှာပါ"

"တော်စမ်းပါအေ၊ ကြက်တူရွေးက တော်တော် မယ်ဆော်က ကဲမနေနဲ့၊ ညည်းအဖေရဲ့ ရင်ထဲမှာ မာနပဲရှိတာ၊ အချစ်မရှိတော့လို့ သူ လိုက်မလာတာပေါ့အေ၊ ငါ့ကို ဘာမှ ထပ်မပြောနဲ့၊ ခုသူ သားသမီးရှိမှန်း သိနေပြီပဲ၊ လာချင်ရင် အနီးကလေးပဲ"

မိခင်မျက်နှာက နီရဲနေသည်။ ဒေါသကြောင့် ထင်သည်၊



www.burmeseclassic.com

www.burmeseclassic.com



အသံကလည်း တုန်ယင်နေသည်မို့ သဇင် ဇက်ကလေး ပုသည်ထက် ပုဝင်ရင်း။

"ဖေဖေ လာရင် မေမေ လက်ခံမှာလား"

"အောင်သွယ်လုပ်မနေနဲ့စမ်း၊ နင့်အဖေဟာ ဘယ်တော့မှ လာမှာမဟုတ်ဘူး၊ ဘာတဲ့ သေတာတောင် ဒီအိမ်ရိပ် မနင်းဘူးလို့ ပြောသွားခဲ့တာပါ အေ"

ပြောပြောဆိုဆို ဧည့်ခန်းထဲမှ ထွက်ခွာသွားသော မိခင်၏ နောက်ကျောကိုကြည့်ရင်း သဇင် ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။

မိခင်နှင့် ဖခင်၏ ရင်တွင်း၌ အခြားသူ အစားထိုးဝင် ရောက်သေးခြင်း မရှိသည့် အကြောင်းရင်းကို တွေ့မြင်လိုက် ရသည်။

သူတို့ နှလုံးသားတွင် နစ်ဝင်နေသော မာနဆူးများကို ပြန်လည်တူးဖော် နှုတ်ယူပေးဖို့သာ ကျန်ရန်တော့သည်။

မာနဆူး မရှိတော့လျှင် ချစ်ခြင်းမေတ္တာ အထိနှင့်သာ ပြီးသော နှလုံးသားပကတိအတိုင်း လှုပ်ရှားသက်ဝင်ကြလျှင် ပျော်ရွှင်ကြည်နူးဖွယ်ရာ အဘယ်မျှ ကောင်းလိမ့်မည်နည်း။

သဇင် အပေါ်ထပ်ရှိ မိခင်နှင့်အသွား အရိပ်အကဲကို ကြည့်လိုက်ပြီး တယ်လီဖုန်းစင်ရှိရာ လျှောက်သွားလိုက်သည်။





နောက ဇော်သီဟ တည်းခိုရာ နဝရတ်ဟိုတယ်သို့ ဖုန်းခေါ် လိုက်သည်။

"ဟဲလို"

"အခန်း (၂၀၂)က ကိုဇော်သီဟနဲ့ တွေ့ချင်လို့ပါ"

"ခဏစောင့်နော်"

(၃)မိနစ်ခန့် စောင့်လိုက်ရသည်။

"ဟဲလို"

"ကိုဇော်"

"ဟာ...သဇင်လေး ဘယ့်နှယ့်လဲ အခြေအနေ"

"တင်းမာတုန်းပဲ၊ ခု ဖုန်းခိုးဆက်တာ၊ ကြာကြာပြောလို့ မဖြစ်ဘူး၊ ကိုဇော် မှန်လုံကား လက်မှတ်တစ်စောင် ပိုဖြတ် ထားလိုက်၊ သဇင် ပြန်လိုက်မယ်"

"ဟင်"

"မဟင်နဲ့ ကိုဇော်၊ ဖေဖေ့ဆီ သဇင် ပြန်လိုက်မှဖြစ်မယ်၊ မေမေတို့သိလို့ မဖြစ်ဘူးနော် သဘောပေါက်"

"အင်းပါ အချစ်လေးရယ်၊ ကိုဇော် နားလည်ပါတယ်၊ အဖေ့ဆီပဲ လိုက်လိုက်၊ ကိုဇော် ရင်ခွင်ဆီပဲ အပြီးလာလာ



www.burmeseclassic.com

www.burmeseclassic.com



ဝဲလ်ကမ်းပါပဲဗျာ”

“ပိုလိုက်တာ ဒါဂဲနော်၊ မနက်ဖြန် မနက် (၈)နာရီ မန်ဆူဈေး လာခဲ့မယ်၊ ဗွတ်နိုက် ကိုဇော်”

ဖုန်းကို မချချင်ဘဲ ချလိုက်ရသည့် ခုချိန်မှာ အကြံအစည် သိသွားလို့ မဖြစ်သေး။

မိုးမြင့်သဇင်၏ ဒုတိယမြောက် အိမ်ပြေးခရီးစဉ်က ဖခင် ပျောက်ရှာပုံတော် မဟုတ်တော့။

မိဘနှစ်ပါး ပေါင်းစည်းရေးဟူသော မဟာအကြံအစည် တော်ကြီးအတွက် ဖြစ်လေသည်မို့။

* * *



## အခန်း (၂၈)

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၏ ဆေးကုသဆောင်ရှိ အတွင်းလူနာ အထူးခန်းတစ်ခန်း ဖြစ်သည်။

အတွင်းလူနာဖြစ် ကုသခြင်းခံရသူ သဇင် နံဘေး၌ ဇော်သီဟမှာ မျက်စိမျက်နှာပျက်လျက် သဇင့်ကို မျက်တောင် မခတ်တန်း ကြည့်နေသည်။

သူ့မျက်နှာပြင်၌လည်း ပလာစတာများ ကပ်ထားရသည်။ လက်က ပွန်းရာပဲ့ရာများနှင့်လည်း ဆေးများထည့်ထားရသည်။

သုံ့ဒဏ်ရာ ပဖွားလေးဘက်ကို သူအရေးမစိုက်နိုင်ပြီ။

ဝဲဘက်နံရိုး အက်သွားပြီး၊ အတွင်းကြေ ဒဏ်ရာများနှင့် မေ့လျော့နေသော သဇင် သတိရဖို့အရေး စောင့်မျှော်နေရသည်မှာ စက္ကန့်တံတစ်ချက် ရွေ့ဖို့အရေး တစ်ကမ္ဘာကြာ



www.burmeseclassic.com

www.burmeseclassic.com



သလား ထင်မှတ်ရသည်။

လားရှိုးကနေ မန္တလေးကို မှန်လုံကားနှင့် ပြန်ဆင်းလာကြသော သူတို့ကားသည် ပြင်ဦးလွင်အဆင်း၌ တိမ်းမှောက်သွားရာ ခရီးသည်အချို့မှာ သေးသေးမွှားမွှား ဒဏ်ရာရသည့်အထဲ ဇော်သီဟ တစ်ဦးအပါအဝင် ဖြစ်သည်။

အချို့က ပြင်းပြင်းထန်ထန် ဒဏ်ရာရကြသည် ထို့အထဲ သဇင်က အပါအဝင် ဖြစ်သွားရှာသည်မို့ ဇော်သီဟမှာ စိုးရိမ်မှုအပေါင်း သရုပ္ပဆောင်းကာ သဇင်အပါးမှ တစ်ဖဝါးမှ မခွာတမ်း စောင့်ကြည့်ခဲ့သည်။

ဒီကြားထဲ ဖခင်နှင့် ဒေါ်နန်းအေးနန္ဒာမြင့်တို့ကို ဖုန်းလှမ်းဆက်ကာ အကြောင်းကြားလိုက်ရသည်။

လားရှိုးမှမိခင် ဒေါ်နန်းအေးနန္ဒာမြင့်–

ဖျာပုံမှ ဖခင် ဦးအိုက်စံ (ခေါ်) ဦးသန်းဝင်း–

ဒီနှစ်ဦးအနက် ဘယ်သူက အလျင်ရောက်လာမည်နည်း။ လားရှိုးနှင့် မန္တလေးကတော့ ဖျာပုံမှ မန္တလေးထက်စာ ခရီးတိုပါသည်။

ဒေါ်နန်းအေးနန္ဒာမြင့်ကို သူ ရင်ဆိုင်ရပေဦးမည်။

"အင်း...အင်း...အင်း" ၉

မျက်ခွံမို့မို့လေးက လှုပ်လှုပ်ရှားရှား ဖြူလျော့နေသော





နှုတ်ခမ်းနှစ်လွှာကြားမှ ညည်းညူသံ သဲ့သဲ့ကြောင့် ဇော်သီဟ အားတက်သွားသည်။

"သဇင်...သဇင် သတိရပြီလား ဟင်...သဇင်"

ဇော်သီဟမှာ ပိုက်တန်းလန်း သဇင့် လက်ကလေးကို ဖွဖွလေးကိုင်ရင်းမှ အငန်းမရ မေးမိလေသည်။

"အင်း...အင်း"

သဇင် မျက်ခွံ တံခါးလေး ဖြည်းဖြည်းချင်း ပွင့်လာသည်။ ရီဝေဝေ မှုန်ဝါးဝါးဖြစ်နေသည်။ ကိုဇော် ပုံရိပ်ကို ဝိုးတဝါး တွေ့မြင်လိုက်ရာမှ တဖြည်းဖြည်း ပီပြင်လာသည်။

"ကို ကိုဇော်"

"သဇင် သတိရပြီနော်၊ ဘာမှ မစိုးရိမ်ရဘူးတဲ့ သဇင်၊ မကြာခင် ကောင်းသွားမှာပါ၊ ဖေဖေကိုကော သဇင့် မေမေ့ကိုပါ အကြောင်းကြားပြီးပြီ၊ မကြာခင် ရောက်လာကြမှာ၊ ဘာမှ အားမငယ်နဲ့နော်"

အားပေးစကားတွေက နန်းစတော့ (မရပ်မနား)တစ်သီကြီး ပြောနေမိသည်။

သဇင်က ယှဲ့ဖျဲ့ကလေးပြုံးကာ သူလက်ကလေးကို ပြန်ဖျစ်ညှစ်လိုက်ပြီးနောက် မျက်လုံးလေး ပြန်မှိတ်သွားရာ–

"သဇင် သဇင်"



www.burmeseclassic.com

www.burmeseclassic.com



သူ စိုးရိမ်တကြီး ခေါ်လိုက်သည်။

ထိုစဉ် စောင့်ကြည့်နေသော သူနာပြုဆရာမက–

"မစိုးရိမ်ပါနဲ့ရှင်၊ ဆေးအရှိန်နဲ့ ပြန်အိပ်ပျော်သွားတာပါ။ ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး"

ဟု ပြောတာကိုပင် မယုံမရဲနှင့်

"ဟုတ်ရဲ့လား ဆရာမရယ်"

"ဩော်...ဟုတ်ပါတယ်ရှင်၊ ရှင်လဲ နားပါတော့"

သူ စိတ်ချလက်ချ ဘယ်မျက်ကွယ်ပြုရက်ပါ့မည်နည်း။ စားစရာကိုပင် ဆေးရုံသန့်ရှင်းရေး ဝန်ထမ်းများနှင့် တစ်ဆင့် မှာကာ အာဟာရဖြစ်ရုံမျှသာ စားသုံးနေခဲ့သည်။

ညပိုင်းတွင် သုတ်တီးသုတ်ပျာနှင့် ရောက်လာသော ဒေါ်နန်းအေးနန္ဒာမြင့် –

နောက်နေ့ နံနက်စာစော စိုးရိမ်တကြီး ရောက်လာသော ဦးအိုက်စံတို့ တွေ့ကြလေပြီ။

"ဖေဖေ"

ဒေါ်နန်းအေးနန္ဒာမြင့်က သမီးအား ကော်ဖီတိုက်ကျွေးနေရာမှ ကျောက်ဆစ်ရုပ် ဖြစ်သွားသည်။

(၂၁)နှစ်ကျော် ကွဲကွာနေခဲ့သော ငယ်ချစ်ဦး ခင်ပွန်းသည်ကို တွေ့လိုက်ရတော့မည်။





မာနတွေ ပလပ္ပနှင့် တင်းမာနေသော မျက်နှာကြောကို တွေ့ရလေမည်လား။

"သမီး သက်သာတယ်နော်"

ခုတင်၏ တစ်ဖက်တစ်ချက်၌ ငယ်ပေါင်းတို့ ဆုံစည်းနေကြပြီ။

"ဟုတ်ကဲ့ ဖေဖေ၊ မေမေ ဖေဖေ့ကို ခေါ်လိုက်လေ"

သမီးက အောင်သွယ်ပြန်လုပ်နေသည်။ ဒေါ်နန်းအေးနန္ဒာမြင့်က သခင်ကို မျက်စောင်းထိုးလိုက်သည်။ တွေ့နေကျဖြစ်သည့် ငယ်စဉ်ကနှင့်မတူ ရင့်ကျက်ပြောင်းလဲသွားပြီ၊ လူကြီးသူကောင်းစတိုင်လ် ပေါက်နေသော မာနကြီးတစ်ခွဲသားနှင့် ခင်ပွန်း။

ဦးအိုက်စံကလည်း အသက် (၄၀) ကျော်ပေမဲ့ နုပျို၍ ကျက်သရေ ဝေဆာလှပဆဲဖြစ်သော ချစ်ဇနီးအေးကို လှမ်းကြည့်ကာ–

"အေး...ကျေးဇူးတင်ပါတယ် အေးရယ်၊ မောင်ရင်သွေး ကို ဒီအရွယ်ထိ ဖြစ်မြောက်အောင် ကျွေးမွေးပြုစု ပျိုးထောင်ပေးခဲ့တဲ့ အေးရဲ့ မိခင်စိတ်ကို လေးစားပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်"

အေးရယ်လို့ ငယ်ချစ် ချစ်ခင်ပွန်း ခေါ်လိုက်သကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား ရင်မှာပုံတင်သံနှယ် နီးကြားသွားသည်။ သို့ပေမဲ့– ဟွန်း...မိခင်စိတ်ကိုပဲဆိုတော့ ဇနီးသည်အပေါ်တော့ အခဲမကျေဘူးပေါ့ဟု မေးလိုက်ချင်သော်လည်း ပတ်ဝန်းကျင်ကြောင့် နှုတ်ဆိတ်နေလိုက်သည်။ ထိုအခါ–

ဇော်သီဟက အလိုက်သိတတ်ပင် သူနာပြုဆရာမကိုပါ ခေါ်ထုတ်ပြီး ထွက်သွားလေတော့သည်။ ထိုအခါမှ ဒေါ်နန်းအေးနန္ဒာမြင့်က အသံထွက်ရဲလေသည်။

"သမီးအဖေရဲ့ မာနက မယားအပေါ်ချစ်တဲ့ အချစ်ထက်ပိုတယ် မဟုတ်လား၊ ပြောမနေနဲ့ သမီး ဆေးရုံကဆင်းရင် မေမေနဲ့ပြန်လိုက်ခဲ့"

"ဟင်အင်း...ဖေဖေနဲ့မှ အတူလာမယ်"

"ဖြစ်မလား သမီးရဲ့ ဘယ်တော့မှ အိမ်အရိပ် မနင်းဘူးဆိုတဲ့သူက သူ့မာနကို သမီးအတွက် ခဝါချနိုင်မလားလို့"

ဦးအိုက်စံက ပြုံးလေသည်။ နောက်မှ–

"သေတာတောင် ရှင်နောက် မလိုက်ဘူးဆိုတဲ့ လူကော သျှောင်နောက်ဆံထုံးပါနိုင်ပါ့မလားလို့ မေးကြည့်ဦးလေ သမီး"

"ဆံထုံးနောက် သျှောင်ပါရင် ယောက်နောက်လဲ ဆံထုံးပါရမှာပေါ့လို့ ပြန်ပြောလိုက်လေ သမီး"





"ဟင်...မေမေကလဲ ပြောင်းပြန်"

ဖခင်ဘက်ကို အလေးပိုနေသော သမင်ကို ဒေါ်နန်းအေးနန္ဒာမြင့်က မျက်စောင်းထိုးကာ–

"ဟွန်း...မပြောလိုက်ချင်ဘူး၊ ကဲ...မျှော်နေတဲ့အဖေလဲ ရောက်လာပြီဆိုတော့ နေလိုက်ဦး၊ မေမေ လိုအပ်တာလေးတွေ သွားဝယ်လိုက်ဦးမယ်"

နေပါဦး အေးရယ်ဟု ဦးအိုက်စံ တားမြစ်လိုက်ချင်သော်လည်း ဇနီးသည်၏ မျက်နှာပြင်ပေါ်တွင် ဒေါသရိပ်တို့ကင်းစင်နေသည်ကို တွေ့ရသည့်အတွက် အခြေအနေတွေက အလားအလာ ကောင်းနေသည်ကို သဘောပေါက်မိသည်။

"ဖေဖေ သမီးဆီ လာတယ်နော်"

"လာရတာပေါ့ သမီးရယ်၊ ဖေဖေ ရင်ထဲ ဘယ်လောက်ထိ စိုးရိမ်ပူပန်သွားသလဲဆိုတာ ဖေဖေ ဖော်ပြလို့တောင် မတတ်ဘူး"

"ဒါဖြင့် ဖေဖေ သမီးတို့နဲ့ ပြန်လိုက်ခဲ့ပေါ့"

ထိုစဉ် ဇော်သီဟက ပြန်ဝင်လာသည်။ ဇော်သီဟကို ကြည့်ကာ ဦးအိုက်စံက–

"ဖေဖေတို့နဲ့နေတော့ ဖေဖေ မထားရက်ဘူး"

ဒီလိုဆို သမီးပဲ ခုံသမာဓိ တရားသူကြီးလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပေးမယ်၊ ဖေဖေတို့ နာခံရမယ်"

ဝဲဘက်နံရိုး အက်သွားသဖြင့် ဆေးပတ်တီးစည်းထား ရသော သဇင်ကို စိတ်ချမ်းသာစေရန် လိုက်လျောပေးသည့် သဘောနှင့် ဦးအိုက်စံက ပြုံးနေလိုက်သည်။

ဇော်သီဟကလည်း အကဲပိုနေသော ချစ်သူဘင်္ဂလား ညီမလေးကိုကြည့်ကာ ရင်ဝယ် ချစ်ခြင်းတို့က တိုး၍ပင် စီးနင်း ဝင်နေလျက်–

"ကိုင်း...ပြောစမ်း"

"ပြောကြည့်လေ သဇင်"

"ဖေဖေလဲ နောက်ဆံမတင်းရအောင် လားရှိုးမှာ ဆန်စက် ရုံဖွင့်လိုက်၊ ကိုဇော်ကလဲ ဆန်ကုန်တွေကိုသယ်ပြီး ပွဲရုံကို ဒိုင်ခံပို့ပေး၊ ဖျာပုံမှာ တစ်ရက်ပဲနေ၊ လားရှိုးမှာ ရက်သုံးဆယ် ဆယ်နေ"

"ပြောတတ်တယ်၊ လားရှိုး ဘယ်အိမ်မှာနေပြီး ဘယ်မှာ ပွဲရုံဖွင့်ရမလဲ"

"ဟင်...ဖေဖေ့အိမ်မှာနေပေါ့။ မေမေ အိမ်ဟာ ဖေဖေ့ အိမ်၊ ဖေဖေ့အိမ်ဟာ ကိုဇော်နဲ့သမီးတို့ရဲ့အိမ်ပေါ့လို့၊ နောက်ပြီး မေမေ့ပွဲရုံဆိုတာ ဖေဖေ့ပွဲရုံပဲ"

"သမီး အဘွားက ရိုက်ချမှာပေါ့"





"ဟာင့်အင်း...ဘွားဘွားက သူ့အမှားတွေသိလို့ ဖေဖေ့ ကိုတောင်းပန်ပါတယ်တဲ့၊ သမီးနဲ့မြေး နောင်ရေးအတွက် သူ့သမက်ရဲ့ လက်ထဲကို ဝကွက်အပ်ပြီး တရားအလုပ် ဖြောင့်ဖြောင့်တန်းတန်း လုပ်ချင်ပြီဆိုတဲ့အကြောင်း အဖေ့ကို ပြောလိုက်ဖို့ အဘွားက သမီးကို မှာလိုက်တာ"

ဦးအိုက်စံ မယုံရဲသေး။

"သမီး အမေကတော့"

"မေမေက မိန်းမသားပဲ ဒီလောက်တော့ ရှိမှာပေါ့၊ အဖေရဲ့ နှင်ချတာ မေမေမှ မဟုတ်တာ"

တတ်လည်းတတ်နိုင်ပါပေ သဇင်ရယ်၊ သူပဲ တရားသူကြီး၊ သူပဲ ရှေ့နေ၊ ဟွန်း...အဖေရှိလို့သာပေါ့ကွာ။

ဟု ဇော်သီဟက ရင်ထဲကြုံးဝါးရင် ချစ်သူကို မချင့်မရဲလေး ကြည့်နေလိုက်သည်။

ဖခင် ဦးအိုက်စံကလည်း ပြောင်းလဲလာသော လူငယ်နှစ်ဦး၏ မျက်ဝန်းရိပ်များကို အကဲခတ်မိသဖြင့်–

"ကိုင်း...သမီးမှာ စိုးရိမ်စရာ အခြေအနေမှ မရှိတော့တာ၊ အဖေ နံနက်စာတောင် မစားရသေးဘူး၊ ခုမှ စိတ်အေးလက်အေး သွားစားလိုက်ဦးမယ်၊ သား ညီမလေးကို စောင့်ကြည့်နေလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဖေဖေ"

ဦးအိုက်စံ ထွက်သွားသည်နှင့် ဇော်သီဟ သဇင်၏ နဖူးလေးကို လက်ညှိုးလေးနှင့် ထောက်ကာ–

"တော်တော်ကဲနေတဲ့ အကဲမလေး"

"ဟင်…နေနှင့်ဦးတော့ကွာ"

ဟု အံကြိတ်ကာ ပြောလိုက်လေတော့သည်။

သဇင်က ရယ်လျက်။

* * *



BURMESE CLASSIC

## အခန်း(၂၉)

မန္တလေး ပြည်သူ့ဆေးရုံကြီးဝန်း၏ အထွက်အဝ၌ သဇင်နှင့် ပတ်သက်သည့် ဆေးရုံဆင်းကိစ္စများကို လုပ်ဆောင်ပေးခဲ့ပြီးနောက် သဇင်တို့ မသိခင် ထွက်ခဲ့ကာ ဘူတာကြီးဆီသို့ ဦးတည်လျှောက်သွားသော သားအဖနှစ်ယောက်အနီးသို့ ကိုယ်ပိုင်ဗင်ကားတစ်စီး ထိုးကပ်လိုက်သည်။ ကားပေါ်တွင် ဒရိုင်ဘာတစ်ဦး၊ နောက်ခန်းတွင် သဇင်တို့သားအမိ ထိုင်နေသည်။

သဇင်က ကားပေါ်မှဆင်းကာ–

"ဖေဖေတို့ ဘယ်သွားမလို့လဲ"

"ဘူတာကြီးကိုလေ လက်မှတ်သွားဝယ်မလို့"

"ဟင်…မသွားရပါဘူး၊ သမီးတို့နဲ့ လားရှိုးကိုလိုက်ခဲ့"

"မဖြစ်ဘူး သမီး၊ သမီးလဲ နေကောင်းသွားပြီပဲ၊ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့ပြန်မယ်"

"ဒါဖြင့် ဘူတာကြီး လိုက်ပို့ပေးမယ်"

"နီးနီးလေးပဲ လျှောက်သွားလိုက်ပါ့မယ်"

"ဒါတော့ သမီးကို နောက်ဆုံး လိုက်လျှောပေး ဖေဖေရယ်၊ နေလဲ ပူနေတဲ့ဟာကို"

ဦးအိုက်စံ သမီးချောလေး တောင်းဆိုမှုကို မငြင်းဆ ရက်တော့။ သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ ယောက် ကြည့်လိုက်သည်။ ဇော်သီဟကလည်း သားလိ အဖေ အာပတ်လွတ်စေရန်။

"ဟုတ်သားပဲ ဖေဖေ၊ သဇင့် ဆန္ဒကို နောက်ဆုံးလိ လျှောပေးလိုက်ပါ"

ဒီကလေးနှစ်ယောက် ဘာတွေ ဇာတ်တိုက်ထား ပြီလဲမသိဟု တွေးကာ–

"ကောင်းပြီလေ၊ ဘူတာကြီး အထိတော့ ပို့ပေးမ"

ဟု မာနကို ခဝါချကာ မလိုက်ချင်ဘဲ ကားရှေ့ခန်း ဝင်ထိုင်ရန် ပြင်လိုက်သည်။

သဇင်က ဖခင်ကို ရှေ့ခန်း၌ မထိုင်စေချင်၊ မိခင် အတူ နောက်ခန်းမှာ ထိုင်စေလိုသဖြင့် ရှေ့ခန်းတံခါး နောက်ကျောနှင့် ကပ်မှီထားသည်။

"ကဲ...သမီးဖယ်၊ ဖေဖေ ဝင်ထိုင်မယ်"





"ဟင့်အင်း...မရဘူး ဖေဖေ နောက်မှာထိုင်"

ဦးအိုက်စံ ကားနောက်ခန်းထဲကို ကြည့်လိုက်စဉ် မျက်ဝန်းဝေ့ကာ မျက်နှာလွှဲလိုက်သော ဇနီးကို ပြုံးလိုက်မိသည်။

"ကဲ...တက်ပါ ဖေဖေကလဲ၊ သမီး ဖေဖေ မေမေတို့နဲ့ အတူထိုင်စီးချင်လို့ပါ"

ဦးအိုက်စံ မတတ်နိုင်ပါ၊ သမီး ဖွင့်ပေးထားသော တံခါးမှ နောက်ခန်းကို ဝင်ထိုင်လိုက်သည်။

"မေမေ ဟိုဘက်ကို တိုးပေးနော်၊ သမီးက မေမေ့ အနားမှာ ထိုင်မလို့"

မိခင်က သဇင်ကို မျက်စောင်းထိုးကာ ဘေးတံခါးနား ကပ်ပေးလိုက်သည်။ ဖခင်က အလယ်တိုးပေးလိုက်သည်။ သဇင်က အစွန်းမှ ဝင်ထိုင်ရင်း ဖခင်ကို ပြန်ဆင်းမရအောင် ပိတ်ထားလိုက်သည်။

"ဖေဖေ ဟိုဘက် တိုးဦးလေ၊ သမီး ထိုင်လို့မရဘူး"

ဖခင်က အဟုတ်မှတ်ပြီး တိုးပေးရန် ကိုယ်အကြွမှာ သဇင်က ဖခင်ကို မသိမသာ ပခုံးဖြင့် တွန်းလိုက်သဖြင့် ဖခင်မှာ မိခင်နှင့် ဇာပ်မိသွားသည်။

"အို...သမီးကလဲ"

ဖခင်က သဇင်ကိုကြည့်ကာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်က မသိသလိုဟန်ဖြင့် အပြင်သို့ မျက်နှာလွှဲကာ ကြည့်နေသည်။

"ကိုဇော် တက်လေ"

ဇော်သီဟက ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ပြီး ရင်ထဲမှာတော့ သဇင်၏ အကြံအစည်ကို သိပ်မသကာချင်၊ အင်မတန်ဉာဏ်များသည့် ချစ်သူဆိုတာ သိသိကြီးနှင့် လိုက်လျောနေမိသည်။

"သမီး ကောင်းသွားပြီဆိုပြီး ပြင်းပြင်းထန်ထန် မလှုပ်ရှားနဲ့နော်"

"ဟုတ်ကဲ့ ဖေဖေ"

ကားက ဘီးစလိမ့်ပြီး အရှိန်ရသည်နှင့် သဇင်က ဒရိုင်ဘာအား–

"ဦးလေး ဘူတာကြီးကို မမောင်းနဲ့၊ လားရှိုးကို တန်းတက်မယ်"

"ဟင်"

ဦးအိုက်စံ မျက်လုံးပြူးသွားသည်။

ဇော်သီဟက ကြိတ်၍ ပြုံးလိုက်မိသည်။

"မရဘူး သမီး ဖေဖေ"

ဦးအိုက်စံ စကားမဆုံးလိုက်ရ၊ ဒေါ်နန်းအေးနန္ဒာမြင့်က ဦးအိုက်စံကို မျက်စောင်းထိုးကာ–





"ဒီလောက်မာနကြီးတဲ့ လူကို ခေါ်မနေနဲ့ သမီး...ဟင်းမိန်းမဈေးကျခံပြီး လိုက်လျောပေးနေတာတောင် မာနမချနိုင်တဲ့ဟာကို ဟွန်း"

ထိုအခါ ဦးအိုက်စံ ရင်ထဲ ရှိ ကျန်နေသေးသော မာနအစိုင်အခဲလေး အရည်ပျော်သွားပြီ။

"သမီးကတော့ ဇွတ်ပဲကွာ၊ သမီး အမေအတိုင်းပဲ အဟဲ"

"ဟင်းနော် ဘယ်သူက ဇွတ်လဲဆိုတာ ကိုယ့်ကိုယ့်ကိုယ် အသိဆုံးနေမှာ၊ မယားကို လုံးဝပြန်မကြည့်ဘဲ နှစ်ပေါင်းများစွာ ခွဲနေရက်တဲ့ လူကများ ပြောရတယ်ရှိသေး"

"ဒါကတော့ မောင်က ခံခဲ့ရတဲ့သူပါ အေးရယ်"

မိဘနှစ်ပါး၏ မိုးလေဝသအခြေအနေ ကောင်းမွန်ပြီဆိုတော့ သဇင်၏ မျက်နှာလေးမှာ အမည့်နှင့်လိုက်ဖက်စွာပင် ကျက်သရေရှိစွာ အပြုံးတွေဝေဆာ ပွင့်ဖူးနေလေတော့။

ဇော် တစ်စခန်းထကာ အချစ်စစ်မွဲ ကျင်းပလိုက်သည်။

"ဒါဖြင့် ကားရပ်ဦး"

"ဟင်...ဘာဖြစ်လို့လဲ ကိုဇော်"

"ဖေဖေကို ခေါ်သွားတာ ကျွန်တော်က ကန့်ကွက်န့်လန့် ပါနေမှာပေါ့ ဆင်နေခဲ့ပြီး ဖျာပုံပြန်မယ်"

"အမယ် ကိုဇော် ဆင်းနေခဲ့ရင် သဇင်လဲ ဆင်းနေခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်နဲ့ လိုက်မှာပဲ"

"သမီးကလဲကွာ၊ ဒီနေရာလဲ သမီးမေမေ ငယ်ငယ်က အတိုင်းပါပဲလား ဟဲ...ဟဲ...ဟဲ"

"ရှင်နော် ပြောလေကဲလေပဲ"

ဟု ဒေါ်နန်းအေးနန္ဒာမြင့်က ဦးအိုက်စံ ပေါင်ကို ဆွဲစိတ်လိုက်ပြီးမှ ဇော်သီဟဆီသို့ လှမ်းကြည့်ရင်း။

"ကဲ...သားဇော်ကလဲ သားအဖေနဲ့အတူ လိုက်ခဲ့ပါ"

"သားအဖေရဲ့ မာနကင်းစင်တဲ့ ညွှန်ကြားချက်အောက်မှာ အမေတို့ မိသားစု စုစုစည်းစည်း နေကြရအောင်လား ကွယ်"

"ဟာ...ဒါမှ တို့မေမေကွ"

ဟု လက်ခုပ်လက်ဝါးတစ် ချက်တီးလိုက်ပြီး ဖခင်ရှေ့မှ ကိုယ်ကိုကျော်ပြီး မိခင်ကို ဝမ်းသားအားရ ဆွဲဖက်ပြီး ပါးပြင်ကို ရွှတ်ခနဲ မွှေးကြူလိုက်လေသည်။

ဦးအိုက်စံက သမီးနှင့်ဇနီးကို လက်တစ်ဖက်စီ သိုင်းဖက်လိုက်ရင်း ပျော်ရွှင်ကြည်နူးစွာ ရယ်လိုက်ကြလေတော့သည်။

မိုးမြင့်သဇင်ကတော့ လေကိုဆန်ကာ ပျံတက်ရကျိုးနပ်သွားလေပြီဟု။

ပါးလ်ခင်ခင်



www.burmeseclassic.com